http://www.dhammadownload.com

မဟာစည်

ဩကာသအဖွင့်

မင်္ဂလာ ဦးအောင်မြင့်

http://www.dhammadownload.com

MHS000049

၀၂၈၁

သပြေကန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်

သံဃာတော်များ ကိုယ်စားလှူဒါန်းသည်။

ဘဒ္ဒန္တခေမာစာရ (အဂ္ဂမဟာပဏ္ဍိတ)

၁၃.၁၁.၂၀၁၇

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ချီးမြှင့်တော်မူသော

သြကာသ မှုမှန် ဘုရားရှိခိုး ကန်တော့ခန်း

ကို

အဓိပ္ပါယ် ဖွင့်ပြသော

မဟာစည် သြကာသအဖွင့်

မင်္ဂလာဦးအောင်မြင့်

http://www.dhammadownload.com

ဘာသာရေး ဆိုင်ရာ

စာပေခွင့်ပြုချက်-အမှတ် (၇၄၃၇-က)

ပဌမအကြိမ်၊ စာအုပ်ရေ ၃,၀၀၀၊ ဓမ္မဒါန၊

သာသနာ ၂၅၁၈-ခု၊ ကောဇာ ၁၃၃၆-ခု၊

နတ်တော်လ၊

ခရစ် ၁၉၇၅-ခု၊ ဇန္နဝါရီလ၊

ထုတ်ဝေသူ။ ။မှတ်ပုံတင် ကင်းလွတ်ခွင့် အမှတ် (၀၂၆၈၃)၊ ဦးညြဘာသ၊ မင်းလှကျောင်း၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးအောင်ကွန်း၊ (၀၁၃၂၉-မြ) အောင်ရဝိန်ပုံနှိပ်တိုက်၊ အမှတ် (၇၂) က၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ			မျက်နှာ
သြကာသအဖွင့်အကြောင်းရင်း			၅
သြကာသအစ			၂၄
ရှိခိုးပါ၏	....	....	၃၀
သြကာသမူရင်း	....	....	၂၉
သြကာသဟူသော စကား	....	....	၃၂
ပဌမပိုင်းရည်ရွယ်ချက်	....	....	၃၄
ဒုတိယပိုင်းရည်ရွယ်ချက်	....	....	၃၈
ဘုရားရဟန္တာစသည်	....	....	၄၃
အရိုအသေ	....	....	၅၇
ရှိခိုး	....	....	၅၉
ပူဇော်စသည်	....	....	၆၁
ကန်တော့ရသော	....	....	၆၈
အပါယ်လေးပါးစသည်	....	....	၇၂
မဂ်တရား ဖိုလ်တရား	....	....	၈၆
နိဗ္ဗာန်တရား	....	....	၈၉
ငါးပါးသီလ	....	....	၉၁
ရှစ်ပါးသီလ	....	....	၁၂၁
ဘုရားရှိခိုးအမျိုးမျိုး	....	....	၁၃၁

http://www.dhammadownload.com

ပြင်ဖတ်ရန်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၁၃	၁၀	သံဃာယနာ	သံဂါယနာ
၁၇	၁၆	ပြင်ပေးတော်မ	ပြင်ပေးတော်မူ
၂၂	၇	ပဓာနာယက	ပဓာနနာယက
၂၂	၇	ကမ္မဋ္ဌာနစရိယ	ကမ္မဋ္ဌာနာစရိယ
၂၅	၁၃	မနူဟာမင်းလက	မနူဟာမင်း လက်
၆၄	၁၂	အခါ၌	အခါ၌လဲ
၇၀	၂၁	ဘာသြောင့်	ဘာကြောင့်
၈၀	၂၀	အပါလေးပါး	အပါယ် လေးပါး
၉၄	၁၄	ေတာ်တ	တော်က
၉၄	၁၄	ရိပုဏ္ဏား	ပရိပုဏ္ဏား
၉၄	၈	ဆရဏာ	သရဏာ
၉၈	၄	ပြုခြာ၊	ပြုခြင်း
၉၈	၁၁	ဒီရဂုံ	ဒီသရဏဂုံ
၁၀၇	၁	တချို့တ	တချို့က
၁၀၇	၁	တယ်ထို့	တယ်လို့
၁၀၇	၂၁	ခိုခြင်း	ခိုးခြင်း
၁၁၈	၂၁	မမှက္ခိရတာ	မမှရက္ခိတာ
၁၁၄	၂၁	များလို	များကို
၁၁၅	၁၁	နတ်လဲ	နက်လဲ
၁၃၁	၁၉	အ-ခုဟ်	အရ-ဟံ

http://www.dhammadownload.com

ဩကာသအဖွင့်အကြောင်းရင်း

နမောဝရုဏ္ဏမသ

ဩကာသစွဲ

ကျွန်တော်တို့သည် ဗုဒ္ဓသာသနာတော်ကို မိရိုးဖလာအားဖြင့် ကိုးကွယ်လာကြသူတို့ ဖြစ်သောကြောင့် စ-မတတ်မီကပင် ဩကာသကို နှုတ်တက်ရနေပါသည်၊ ကျွန်တော်တို့၏ ရိုးရာယဉ်ကျေးမှု အခမ်းအနားတိုင်း၌ ကလေးကင်းပွန်းတပ်ကအစ ဒုမင်္ဂလ သင်္ဂဏဂုံတင်သည်အထိ ရတနာမြတ်သုံးပါးကို ဦးစွာရှိခိုးကန်တော့ခြင်းဖြင့် အခမ်းအနားဖွင့်လေ့ ရှိခဲ့ပါသည်။

ပရိသတ်စုံသည်နှင့် တပြိုင်နက် "ကန်တော့ကြရအောင် ခင်ဗျာ"ဟု နှိုးဆော်လိုက်သောအခါ ပရိသတ်အားလုံးက ဩကာသကို ဆိုလိုက်ကြသည်၊ ကျွန်တော်တို့မှာ ဩကာသစွဲ ဘယ်လောက်မြဲသလဲဆိုလျှင် ဩကာသမပါယင် သီလတောင် မခံယူကောင်းဟု ထင်မှတ်ခဲ့ပါသည်။

http://www.dhammadownload.com

ဩကာသ တယောက်တမျိုး

ဩကာသသည် တကျောင်းတဂါထာ တရွာတပုဒ်ဆန်း ဆိုသလို မူမတူ ကွဲပြားသဖြင့် ပရိသတ်နှင့် ရှိခိုးသောအခါ တယောက်တမျိုး အသံထွက်လာ၍ ရုတ်ဘရက် ရွာချလိုက်သော မိုးသံလို တဝေါဝေါအသံထွက်လာတော့သည်၊ ဩကာသ ပြီးဆုံးသောအခါလဲ ချက်ခြင်း တိတ်သွားသော မိုးသံကဲ့သို့ မဟုတ်ပဲ၊ တဖြေးဖြေး စဲသွားသော မိုးသံမှာ စောစောပြီးသူက ပြီးကြ၍ နောက်မှ ပြီးသူက ပြီးကြပါသည်။

တမူထဲဖြစ်အောင်ပြင်ဖို့

ကျွန်ုပ်တော်သည် အသက် ၂၀-ခန့်က မိတ်သင်္ဂဟတို့နှင့်အတူ ငယ်ဆရာ ဖြစ်သော ပခုက္ကူ မဟာဝိသုကာရာမ တိုက်အုပ် ဆရာတော် ဦးနန္ဒိယအား ဝတ်ပြုနေသောအခါ အခြား ဆရာတော်ကြီး တပါးက တိုက်အုပ် ဆရာတော်နှင့် စာပေ အကြောင်း ဆွေးနွေးရင်းက ဩကာသအကြောင်း ရောက်လာသည်၊ ထိုအခါ တိုက်အုပ်ဆရာတော်က "ဒီဩကာသက ရှေးဆရာကြီးတို့ စီစဉ်ခဲ့တဲ့ မြန်မာဘုရားရှိခိုးပါပဲ၊ ဘယ်ခေတ်က စပြီး ပေါ်ပေါက်လာတယ်ဆိုတာတော့ အမှက်အသား မတွေ့ဘူးဘူး၊ မ တလုံးကျော် ခင်ကြီးဖျော် ရေးခဲ့သလိုလို တဆင့်စကား ကြားဖူးတာပဲ ရှိတယ်၊ ဩကာသတမျိုးစီ ဖြစ်ပေမယ်လို့ စပ်ခြင်းကတော့ တူကြပါတယ်၊ နောက်ပိုင်းကျတော့သာ ကွဲလွဲကြတာပဲ၊ တမူထဲဖြစ်အောင် အမှားအမှန်ပြင်ဖို့ကောင်းတယ်" ဟု အမိန့်ရှိဘူးပါသည်။

http://www.dhammadownload.com

ရတနာ့ဂုဏ်ရည် ဩကာသ

ကျွန်တော်သည် ဂျပန်ခေတ်က ပျော်ဘွယ်မြို့ အနောက်ဖက် ပုဆိုးပြုတောင်၌ခနနစဉ် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရေးသော ရတနာ့ဂုဏ်ရည် ကျမ်းစာကို ဖတ်ရပါ၏၊ ယင်းစာအုပ်၌ ဩကာသအကြောင်းပါသည်၊ ကျွန်တော်တို့ ငယ်ငယ်က ရထားသော ဩကာသထက် သဒ္ဒါအနေအထား ကောင်းသည်ဟုယူဆသဖြင့် ရထားပြီး ဩကာသကို အသုံးမပြု တော့ပဲ ရတနာ့ဂုဏ်ရည်ကျမ်းလာ ဩကာသကိုပင် အသုံးပြု၍ ကိုယ်တိုင်လဲ ရှိခိုးပါသည်၊ မိတ်သင်္ဂဟတို့ကိုလဲ တူညီသော ဩကာသဖြစ်အောင် ဆောင်ရွက်ခဲ့ဘူးပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး

စစ်ပြီးနောက် ၁၃၀၉ - ခုနှစ်သို့ ရောက်သောအခါ ကျွန်တော်တို့ ရန်ကုန်ရောက်လာပါပြီ၊ ထိုနှစ်၌ပင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ ပေါ်ပေါက်လာသောအခါ သုမဂ္ဂဝတီ ဦးပန်းမောင် ရေကြည်တော် ဦးလုစိန်၊ ဒိဗ္ဗစက္ခု ဆရာကျော်တို့နှင့် သိကျွမ်း သဖြင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် ဖြစ်လာ၏၊ သူဌေးကြီး ဆာ ဦးသွင်၏ တိုက်ထွန်းချက်အရ သာသနာ့ရိပ်သာ၌ တိပိဋကဓရ ရွေးချယ်ပွဲစသော သာသနာရေးကိစ္စတို့ကို ပါဝင်ဆောင်ရွက်ခွင့် ရလာပါသည်၊ သာသနာ့ရိပ်သာ တည်ထောင်စက ရိပ်သာ၌ အမြဲသီတင်းသုံးသော ရဟန်းသံဃာတော် မရှိသေးပါ၊ ၁၃၁၁ ခုနှစ်သို့ ရောက်သောအခါ၌သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုပင့်၍ အမြဲ

http://www.dhammadownload.com

ကိုးကွယ်သောကြောင့် သီတင်းနေ့တိုင်း သီလခံယူခြင်း တရားနာခြင်း ရလာပါသည်။

သဲသဲမဲမဲရှာသော မိုးပမာ

ရန်ကုန် သာသနာ့ရိပ်သာသို့ ကြွရောက် သီတင်းသုံးရန် ဆရာတော်ဘုရားကြီးအား လျှောက်ထားစဉ်က ဆရာတော်ဘုရားကြီးက "ဘုန်းကြီးတို့တရားက ဝိပဿနာအလုပ် တရားဖြစ်တယ်၊ ကြားနာရုံနဲ့တော့ အကျိုးများသင့်သလောက် များမယ် မဟုတ်ဘူး၊ အားထုတ်ပါမှသာ အကျိုးများနိုင်တယ်"ဟု အမိန့်ရှိသောကြောင့် သွားရောက်ပင့်သော ပုဂ္ဂိုလ်က တရားအားထုတ်မည့် ယောဂီတွေလဲ ရှိပါတယ်၊ အဆောက်အဦလဲ ပြည့်စုံပါတယ်၊ သာသနာပြု ကြွတော်မူပါဘုရား"ဟု လျှောက်ထားသတဲ့၊ ထိုအခါ ဆရာတော်ဘုရားကြီးက "တရားအားထုတ်မည့် ယောဂီရှိလျှင် ကြွရောက်သီတင်းသုံးမည်"ဟု အမိန့်ရှိကြောင်း၊ သွားရောက်ပင့်သူ ပုဂ္ဂိုလ်ကြီးတဦးက ဒုတိယအကြိမ် သြဝါဒခံယူပူဇော်ပွဲ၌ ပြောကြား၍ မှတ်သားခဲ့ရပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်နေ့၌ ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်တော်မူ၍ နတ္တော်လပြည့်နေ့ မွန်းလွဲ ၂-နာရီအချိန်၌ ဓမ္မစက္ကပဝတ္တနသုတ်ကို စတင်ဟောကြားခဲ့ပါသည်၊ တရားအားထုတ်လိုသူ ယောဂီသစ် ၂၅-ဦးတို့အားလဲ ထိုနေ့ညနေ ၅-နာရီခွဲ အချိန်၌ပင် ဝိပဿနာအလုပ်ပေးတရားတော်ကို စတင်ဟောကြားခဲ့ပါသည်၊ ထိုတရား

http://www.dhammadownload.com

ပွဲတို့၌လဲ အစဉ်အလာအရ သိလခံယူသောအခါ ဩကာသဖြင့် ပင် စခဲ့လေရာ တနေယောက်တမျိုး ရှိခိုးကြသော ဩကာသ အသံတို့မှာ မသဲမကွဲ သဲသဲမဲ့မဲ့ ရွာသွန်းလိုက်သော မိုးပမာ တဝေါဝေါမည်လာပြီးလျှင် တဖြည်းဖြည်း အသံစဲ၍ တိတ်သွား တော့သည်။

ဆရာတော်ဘုရားကြီးသည် ထိုစဉ်က ဥပုသ်သီတင်းနေ့တိုင်း မွန်းလွဲ ၂-နာရီအချိန်မှန် ပိဋကသုနာတရားကို ဟောတော်မူလေ့ ရှိပါ၏၊ (ဤစာရေးချိန်၌ နေ့ ၁-နာရီခွဲ၌ စ၍ဟောပါသည်) တရားနာ ပရိသတ်တို့လဲ မဏ္ဍပ်ကြီးအပြည့်ပင် လာရောက် နာကြားကြသော်လဲ တရားအားထုတ်ပြီးသူ မဟုတ်ကြသေး သော သူတို့အဖို့မှာ စွဲစွဲမြဲမြဲ တရားမနာတတ်အောင် ရှိနေကြ သည်၊ "ဒီတရားက အားထုတ်ဖူးမှ နားတတ်တယ်" ဟူသော တီးတိုးသံသည် တရားနာ ပရိသတ်အထည်းကပင် တစတစ ထွက်ပေါ်လာတော့၏၊ တရားအားထုတ်လိုသူ ယောဂီတို့သဲ တနေ့ထက်တနေ့ တိုး၍လာတော့၏၊ တရားအားထုတ် သူတွေ များလာသည်နှင့်အမျှ စွဲစွဲမြဲမြဲတရားနာ ပရိသတ်တို့လဲများလာ ပါတော့သည်။

ယောဂီတွေ ဒီရေအလား

ထိုစဉ်က မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်တနယ်လျှင် ရဟန်း တော်တပါးနှင့် လူဒါယကာနှစ်ယောက် အနည်းဆုံး လာရောက် တရားအားထုတ်ရန် အလာဧရိတ် အပြန်စရိတ်နှင့်တကွ စား စရိတ်ပါ ထောက်ပံ့၍ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က သိခြား ရံပုံ

http://www.dhammadownload.com

ငွေဖွင့်လှစ် ပိတ်ကြားခဲ့သောကြောင့် တရား အားထုတ်သူ ယောဂီ၊ လူယောဂီတို့ ဒိုင်ရေအလား အဆမတန် များပြားခဲ့ပါသည်၊ သို့ပါသော်လည်း ကြားသမျှမှု သဲသဲမဲမဲ ရှာသန်းမြဲ မိုးပမာ အသံကျဲ တသဲသဲပင် ရှိပါသေးသည်။

နိုင်ငံရပ်ခြား ယောဂီတွေ

ဆဋ္ဌသံဂါယနာ မတင်မီ ၁၃၁၄-ခုနှစ်လောက်က ကျေးဇူး တော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနတို့မှာ မြန်မာနိုင်ငံ အရပ်ရပ်၌ တရာနီးပါး ရှိလာ ပါပြီ၊ ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်နေကြသော ရဟန်းရှင်လူ ယောဂီတို့လည်း နှစ်ရာခန့် အမြဲလိုလို ရှိနေပါပြီ၊ နိုင်ငံရပ်ခြား တိုင်းတပါးမှ လူမျိုးပေါင်းစုံတို့လည်း လာရောက် တရားအားထုတ်စ ပြုနေပါပြီ၊ ဆဋ္ဌသံဂါယနာတင်စဉ်အတွင်း ဂျာမဏီ၊ ပြင်သစ်၊ ဗြိတိန်၊ ဆွီဒင်၊ ဂျပန် စသော နိုင်ငံတို့က လူမျိုး ပေါင်းစုံတို့ လာရောက်တရားအားထုတ်နေသည်ကိုပင်မြင်ရသော ကြောင့် ဥက္ကဋ္ဌကြီး ဆာဦးသွင်က ယောဂီထောက်ပံ့ရေး အစည်း အဝေးထဲ၌ "ကျုပ်တို့က ဗမာပြည်သာမက ကမ္ဘာကိုပါ သာသနာပြုချင်လို့ ရိပ်သာထောင်စက ဘုန်းကြီးကျောင်းကို ရွေးခဲ့ယ် ကိုးကွယ်ခဲ့တာဗျာ၊ အခုတော့ ကျုပ်တို့ရွေးချယ်တာ မှန်တာပေါ့ဗျာ၊ ဗမာပြည်သာမက နိုင်ငံရပ်ခြားကတောင် လာရောက် တရားအားထုတ်လာကြပြီ" ဟု အားရပါးရ ပြောခဲ့ လေသည်၊ သို့ပါသော်လည်း ကြားသမျှတော့ သဲသဲမဲမဲ ရှာသန်း မြဲ မိုးပမာ မသဲကွဲ ရှာလေတသဲသဲပင် ရှိပါသေးသည်။

http://www.dhammadownload.com

ဩကာသ တမူထဲတသံထဲ ဖြစ်စေချင်

ကျွန်တော်သည် ဩကာသကို တမူထဲတသံထဲ ဖြစ်စေချင်ပါသည်၊ မည်သို့ဆောင်ရွက်ရပါအံ့နည်း၊ ဩကာသ တမူထဲတသံထဲဖြစ်ဖို့ရာမှာ သာသနာတော်၌ အတော်အသင့် ဩဇာညောင်းရှိမျှသော ပုဂ္ဂိုလ် ဆောင်ရွက်၍ ရနိုင်မည် မဟုတ်ပါ၊ အလွန်တရာ ထင်ရှား၍ တပည့်တပန်းပေါသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဆောင်ရွက်ပါမှသာ ဖြစ်နိုင်ဖွယ်ရာ ရှိသည်ဟု ယုံကြည်ထားပါသည်။

ဥက္ကဋ္ဌကြီးထံမှ အကြံကောင်း

တနေ့သော် ဥက္ကဋ္ဌကြီးဆာဦးသွင်အား ဩကာသ တမူထည်းတသံထည်း ဖြစ်ရေးအတွက် တိုင်ပင်ကြည့်ရာ "တယောက်တမျိုး ရထားတဲ့ ဩကာသကို ညီအောင် လုပ်လို့ ရမလားဗျာ၊ ဩကာသမူတခု ဖြစ်လာအောင် မဟာ့ည် ဆရာတော်ကို အယင်လျှောက်ပေါ့"ဟုအကြံပေးပါသည်၊မှန်ပါသည်၊ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ချီးမြှင့်သော ဩကာသ ဆိုပါလျှင် ဆရာတော် ဘုရားကြီး၏ ဩဝါဒခံ ကမ္မဋ္ဌာန်း ဌာနတိုင်း၌ အသုံးပြုကြပေမည်၊ အထူးသဖြင့် ဤသာသနာ့ရိပ်သာ၌လဲ တမူတည်း တသံတည်း ဩကာသကို ကြားနာရ ပေတော့မည်ဟု ကြိုတင်ဝမ်းသာ နေမိပါတော့သည်။

ဥက္ကဋ္ဌကြီးထံမှ အကြံကောင်းကို ရပြီး နောက်တနေ့မှာပင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍

http://www.dhammadownload.com

ကြိကာသ ကန့်တော့ခန်းက တဦးနှင့်တဦး မတူပုံ အများအား ဖြင့် မှားယွင်းတဲ့ ကြိကာသက များပုံတို့ကို အကြောင်းပြု၍ ဤသာသနာ့ရိပ်သာ၌ "ကြိကာသမှု တခုတည်းရှိရန် ရေးသား ချီးမြှင့်တော် မူပါမည့်အကြောင်း ရှိသေ့စွာ လျှောက်ထားပါ သည်၊ ဆရာတော်ဘုရားကြီးသည် အတန်ကြာအောင် စဉ်းစား တော်မူပြီးမှ ဟုတ်တယ်၊ တမူတည်း ရှိသင့်ပါတယ်ဟု အမိန့် ရှိလိုက်ပါသည်။

မဟာစည် ကြိကာသ စာမူရပြီ

နှစ်ရက်ခန့် ကြာသောအခါ ဆရာတော်ဘုရားကြီးကခေါ်၍ "ကြိကာသစာမူ"ကို ချီးမြှင့်လိုက်ပါသည်၊ ယောဂီများ ဖြစ်ကြ သော ပုဇွန်တောင် ဒေါ်ငွေခေါ၊ ဝက်ပါ ဒေါ် သန်းပေ၊ ၁၅-လမ်း (ဦးချက်) ဒေါ်စော၊ ရိပ်သာ ဒေါ်ခ အးကြည်၊ ဒေါ်သာမေတို့၏ အကူအညီကိုယူ၍ ရွက်ရေ ငါးထောင်ခန့် ပုံနှိပ်ပြီးလျှင် ရိပ်သာအတွင်း တရားနာလာကြသော ပရိသတ် အား ဝေငှလိုက်ပါသည်။

ဒွါရတွေပါနေလို့

ထိုစဉ်က ဝေငှသော ကြိကာသ စာမူသည် ယခု အများ နှုတ်တက်နေသော ကြိကာသစာမူနှင့် နောက်ပိုင်း၌ မတူတတ် ပါ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာ မြတ်သုံးပါး (ဆရာသမား) တို့ကို ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တည်းဟူသော သုံးပါးသော ဒွါရတို့ဖြင့် အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ ပါ၏ (အရှင်ဘုရား) ဟု ဖြစ်ပါသည်။

http://www.dhammadownload.com

ဤဩကာသစာမူ၌ ရတနာမြတ်သုံးပါးတို့ကို ဘာဖြင့် ရှိခိုးသလဲ၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တို့ဖြင့် ရှိခိုးပါတယ်''ဟု ကရိယာပုဒ်ကို မှန်ကန်စွာ ထုတ်ပြနိုင်သောကြောင့် သဒ္ဒါအနေ အထားကို သဘောကျပါ၏၊ သို့ပါသော်လဲ အများသောအမျိုး သမီးတို့က ဒွါရတို့ကို နှုတ်ကရွတ်ဆိုရန် မဝန့်မရဲ ဖြစ်နေကြ ပါသည်၊ သို့ဖြစ်၍ ဤဩကာသကို ညီညီညာညာ ဆိုကြဖို့ရာ နှိုးဆော်ရန် ခက်နေပါတော့သည်။

မဟာစည် ဆရာတော်ဘုရားကြီး အင်္ဂလန်နိုင်ငံသို့ကြွ

အချိန်ကား ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ပါဠိတော် သံဃာယနာကြီးပြီး၍ ၁၃၂၀-ခုနှစ်သို့ တိုင်ခဲ့ပါပြီ၊ ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၂၀-ခုနှစ် ကဆုန်လဆန်း ၈-ရက် (၁၄-၅-၅၉) နေ့၌ အင်္ဂလိပ်ကျွန်း ပြည်သို့ ကိုယ်တော်တပါးတည်း သာသနာပြု ကြွတော်မူရ၏။ အကြောင်းကား ၁၃၁၅-ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်လာ သော အင်္ဂလိပ်လူမျိုး အင်္ဂလိပ်စာတတ် မစ္စတာဘွန်အမ်း သည် သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ခြေတော်ရင်း၌ ဝိပဿနာသတိပဋ္ဌာန် တရားတော် ကို ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ ကြေနပ်လောက်အောင် အားထုတ်ပြီးနောက် ရဟန်းပြု၍ ဝိနည်းတရားတို့ကိုပါ သင်ယူ ပြီးလျှင် အမိနိုင်ငံဖြစ်သော အင်္ဂလိပ်ကျွန်းပြည်သို့ ပြန်လည် သာသနာပြု နေလေသည်။ ငါးနှစ်ခန့်ကြာသောအခါ အင်္ဂလိပ် နိုင်ငံ၌ ကျောင်းအဆောက်အဦး ငါးဆယ်ခန့်နှင့် ဗုဒ္ဓသာသနာ

http://www.dhammadownload.com

ကိုးကွယ်သူ အမျိုးသား-အမျိုးသမီး ခြောက်ရာကျော်ရှိလာသည် သာမက ရှင်အဖြစ် ရဟန်းအဖြစ် ခံယူလိုသူတို့ပင် ပေါ်ပေါက်လာခဲ့လေသည်။

သို့ဖြစ်၍ အရှင်ဇိနရက္ခိတသည် အင်ဒိုနီးရှား နိုင်ငံ၌ သာသနာတော်အရှည် တည်တံ့ ခိုင်မြဲရန်အလို့ငှါ ရှင်ရဟန်းပြုလိုသူတို့အား ရှင်ရဟန်း ပြုပေးရေးနှင့် ကံကြီး ကံငယ်တို့ကို ဆောင်ရွက်ရန်အလို့ငှါ သိမ်သမုတ်ရေးအတွက် မြန်မာနိုင်ငံမှ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီးအပါအဝင် ထေရဝါဒ ငါးနိုင်ငံမှ ရဟန်း သံဃာတော်တို့ကို အင်ဒိုနီးရှားသို့ ပင့်တော်မူခဲ့လေသည်၊ ထို့ကြောင့်ပင် ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားသို့ သာသနာပြု ကြွတော်မူရလေသည်။

(အကျယ်ကို အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း စာအုပ်၌ ဖတ်ရှုနိုင်ပါသည်)

ဝံနစ်တကျဖြစ်အောင်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် ၁၃၂၁-ခုနှစ် နယုန်လဆုတ် ၁၁-ရက် (၃၀-၆-၅၉) နေ့၌ ရန်ကုန်မြို့သို့ ပြန်ကြွလာပြီးနောက် တပတ်ခန့်ကြာသော တနေ့ဝယ် ကျွန်ုပ်တို့အားခေါ်၍ ဤသို့ မိန့်ကြားပါသည်၊ ဇိနရက္ခိတက အင်ဒိုနီးရှားမှာ ထေရဝါဒ ဗုဒ္ဓသာသနာကို ဝံနစ်တကျ ဖြစ်အောင် ပြုစုပျိုးထောင်ထားဘယ်၊ ရဟန်း သံဃာ ရှေ့မှာ လူဒါယကာ ဒါယိကာမတွေ ထိုင်တာကအစ အင်မတန်

http://www.dhammadownload.com

စနစ်ကျတယ်၊ အားလုံး တန်းစီ ဝင်လာကြပြီး သံဃာ ရှေ့မှောက်မှာ တန်းစီထိုင်ကြတယ်၊ ဦးချပုံကလဲ ပြီးလွယ်စီးလွယ် ဦးချပုံမျိုးမဟုတ်ဖူး၊တည်ခြင်းငါးပါးနဲ့ ညီညွတ်အောင် အလေးအမြတ် လက်အုပ်မိုးပြီး ဦးချကြတယ်၊ သီလခံယူတဲ့အခါမှာလဲ ဗမာပြည်မှာလို မဟုတ်ကြဘူး၊ အားလုံး ညီညီညွတ်ညွတ် ရှိကြတယ်၊ ရှေ့က ရောက်နေ တာတို့ နောက်ကျ နေတာတို့ရယ်လို့ မရှိကြဘူး၊ အားလုံး တသံထည်းတပုံစံထည်းရှိကြတယ်၊ ဒါပေမယ်လို့ ဘုန်းကြီးတို့ မြန်မာပြည်မှာလိုတော့ ဩကာသက မစကြဘူး၊ သူတို့ဆီမှာ ဩကာသ မရှိလို့ ပါဘဲ၊ သီလတောင်းက စကြတယ်၊ သီလတောင်းကိုလဲ မြန်မာပြည်မှာလို အများစုပေါင်းပြီး တောင်းကြ တာပါပဲ၊ သီလတောင်းက စပြီ တော့ သီလခံယူ ပြီးသည့်အထိ မြန်မာပြည်မှာလိုပဲ အများစုပေါင်းပြီး လိုက်ဆိုကြတယ်၊ အင်မတန်ညီတယ်၊ ကြားရသူတိုင်း စိတ်နှလုံး ကြည်နူးကြတယ်၊ ကြည်ညိုဖွယ်ကို ဆောင်နိုင်တဲ့ နည်းကောင်း ပါဘဲ၊ တနေ့ကျယင် ဇိနရက္ခိတက သူ့တပည့် ဒါယကာ ဒါယိကာမတွေနဲ့ မြန်မာပြည်ကို မလာဘူးလို့ မပြောနိုင်ဘူး ဆရာသမားရဲ့ တိုင်းပြည်ဆိုပြီး အတု ယူစရာတွေ အများကြီး ရလိမ့်မယ်လို့ လာတဲ့အခါ အစစအရာရာ တယောက်ဘမျိုးဆိုကြတာတွေကို တွေ့သွားယင် နေရာမကျလှဘူး၊ ဩကာသက အစ ညီညီညွတ်ညွတ် ဖြစ်အောင် လုပ်ကြအုံးမှ တော်လိမ့်မယ်။

ကုန်တော့မှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး မိန့်ကြားတော်မူနေသည်ကို နာယူရင်း အတိုင်းမသိ

http://www.dhammadownload.com

ဝမ်းသာနေပါတော့သည်၊ ရှာလေတသဲသဲ မသဲကွဲသော မိုးသ ပမာ တဝေါဝေါ ကြားနေရသော ဩကာသသံသည် ကွယ် ပျောက်၍ တမူတည်းသော ဩကာသသံကို ကြားနေရသလိုပင် ရှိနေပါတော့သည်။

ဩကာသတသံထဲ

ဆက်လက်၍ ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးက “ဦးအောင်မြင့် အယင်က ပုံနှိပ်ဝေငှတဲ့ ဩကာသကိုတသံထည်း ဖြစ်အောင် ဆောင်ရွက်ပို့လိုလာပြီ၊ ဩကာသရော သီလခံယူ ဘာပါ အားလုံး တညီတညွတ်တည်း တသံတည်း ဖြစ်အောင် ဆောင်ရွက်ရမယ်” ဟု အမိန့်ရှိ တော်မူပါသည်။

ဘာလျှောက်စရာရှိလို့တုံး

ကျွန်တော်သည် မှန်ပါဘုရား ဟု လျှောက်ထား ကာ လက်အုပ်ချီ၍ အိမ်သို့ပြန်ခဲ့ပြီးလျှင် ယခင်ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ဩကာသ စာမူ နှစ်ရွက်ကို ယူခဲ့ပါသည်၊ တရွက်ကို ဆရာတော် ဘုရားကြီးအား ဆက်ကပ် လိုက်ပြီးလျှင် ကျန်တရွက်ကို ကျွန်တော်က ဖြန့်၍ ကြည့်နေပါသည်၊ ဆရာတော် ဘုရားကြီးက “ဘာလျှောက်စရာ ရှိလို့တုံး” ဟု အမိန့် ရှိပါသည်၊ ကျွန်တော်မှာ ဘယ်ကစပြီး ဘယ်လို လျှောက်ရ မှန်း မသိနိုင်အောင် စကားစ ရှာမရ နိုင်ပဲ ရှိနေပါသည်၊ နောက်မှ နိုင်ငံတော် အစိုးရ ဗုဒ္ဓ သာသနာ အဖွဲ့အစည်းဝေး တခု၌ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် ပြော ကြားသော စကားကို သတိရသဖြင့် ဤသို့ လျှောက်ထားလိုက်

http://www.dhammadownload.com

ရပါသည်၊ "တခါတုံးက ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်အစည်းအဝေးမှာ ကံနှင့် ဒွါရအကြောင်းကို စကားစပ်မိကြလို့ အမှုဆောင်လူကြီးများ တယောက်တမျိုးစီ ပြောကြပါတယ် ဘုရား၊ ဒီအခါတုံးက တရားဝန်ကြီးချုပ် ဒေါက်တာ ဦးသိမ်းမောင်က "ကျုပ်ကတော့ ဒွါရပဲ၊ ဒါပေမယ်လို့ ဘုရားရှိခိုးတဲ့အခါ ကာယဒွါရ ဝစီဒွါရ မနောဒွါရလို့ မဆိုဘူး၊ ဘာပြုလို့လဲဆိုတော့ကာ ဒွါရ ဆိုတဲ့ အသံကို လူအများက မကြိုက်ကြဘူး၊ အထူးသဖြင့် အမျိုးသမီးတွေက မကြိုက်ဘူးဗျ၊ လို့ ပြောဘူးပါတယ်ဘုရား"ဟု လျှောက်ပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးကမဆိုင်းမတွပင် "ဒီဩကာသထဲမှာ ဒွါရတွေ ပါနေသလား၊ ဒွါရပါတာက မှန်တော့မှန်တာပဲ၊ ဒါပေမယ်လို့ အချားမကြိုက်တာကိုတော့ ဖြုတ်တာကောင်းတယ်"ဟု အမိန့်ရှိတော်မူပြီးလျှင် ကာယဒွါရ ဝစီဒွါရ၊ မနောဒွါရ တို့ကို ဖြုတ်၍ ဩကာသစာမူကို ပြန်ပေးလိုက်ပါသည်။

တသ်တည်းသော ဩကာသကို ကြားရပါပြီ

ကျွန်တော်သည် ဆရာတော်ဘုရားကြီး ပြင်ပေးတော်မလိုက်သော "ဩကာသမူမှန် ဘုရားရှိခိုး ကန်တော့ခန်းကို အမြန်ဆုံး ပုံနှိပ်၍ သာသနာ့ရိပ်သာ ယောဂီများနှင့် တရားနာလာရောက်ကြသော ပရိသတ်အား ဝေငှခဲ့ပါသည်၊ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အတိုင်း ဖြစ်မြောက်အောင်လဲ ဩကာသမှစ၍ သီလတောင်းပုံ သရဏဂုံဆောက်တည်ပုံ သီလခံယူပုံတို့ကိုပါ

http://www.dhammadownload.com

တညီတညွတ်ထည်း တသံတည်းဖြစ်အောင် ကြားရသူတိုင်း ကြည်ညိုဖွယ်ဖြစ်အောင် ၁၃၂၁-ခုနှစ်အတွင်း၌ပင် စတင် ဆောင်ရွက်ခဲ့ပါသည်၊ ရှားလမစဲ တသဲသဲမိုးပမာ မသဲမကွဲ တယောက်တပေါက် ကန်တော့ကြသော သြကာသ အမျိုးမျိုးတို့သည် ရန်ကုန်သာသနာ့ရိပ်သာ၌ ထို ၁၃၂၁-ခုနှစ်ကပင် ဆိတ်သုဉ်းခဲ့ပါလေပြီ၊ နေ့စဉ်ညနေ ၅-နာရီအချိန်မှန် အလုပ်ပေးဝိပဿနာ တရား တောင်းရန် ယောဂီသစ် တို့အား အချက် ပေးသော ခေါင်းလောင်းသံအလား ပရိသတ်ဘယ်လောက်ပင် များများ တသံတည်းပီသ၍ ကြည်မြ ခန့်ညားလှသော သြကာသအသံကို နေ့စဉ် ကြားရပါလေပြီ။

တန်းစီထိုင်ရန်

သီလတောင်းပုံ သရဏဂုံဆောက်တည်ပုံ သီလခံယူပုံတို့ကိုလဲ ထိုနှစ်ကစ၍ တမူတည်း တနည်းတည်း တသံတည်း ဖြစ်လာခဲ့ပါပြီ၊ ဖလ်ယဉ် ဓမ္မာရုံကြီးအတွင်း၌ တရားနာပရိတ်သတ်တို့ တန်းစီ၍ ထိုင်ကြရန်ကိုလဲ ဥပုသ်နေ့တိုင်း ဦးဆောင်ခဲ့သဖြင့် တရားပွဲမစမီကပင် ညီညီညွတ်ညွတ် တန်းစီပြီးသား ဖြစ်နေပါတော့သည်။ “သြကာသမူမှ ဘုရားရှိခိုး ကန်တော့ခန်းကို မြန်မာနိုင်ငံအရပ်ရပ်ရှိ မဟာစည်ကမ္မဋ္ဌာန်း ဌာနခွဲတို့သို့လဲ ဓမ္မဒါန ပုံနှိပ်ဝေငှခဲ့သည့်အပြင် တတိယအကြိမ် ပုံနှိပ်သော ဓမ္မဒေသနာ ဆောင်ပုဒ် စာအုပ်မှ အစပြု၍ ယင်းစာအုပ် အကြိမ်ကြိမ်ပုံနှိပ်တိုင်း ထည့်သွင်း ပုံနှိပ်ခဲ့ပါသည်။

http://www.dhammadownload.com

ယောဂီခုနှစ်သိန်းကျော် တူညီရွတ်ဆိုသော ဩကာသ

ဤနိဒါန်းရေးသည့် ၁၃၃၅-ခုနှစ်၌ မြန်မာနိုင်ငံအရပ်ရပ်ဝယ် မဟာစည်ကမ္မဋ္ဌာန်း ဌာနပေါင်း ၂၀၉-ဌာန ရှိခဲ့လေပြီ၊ တရားအားထုတ်ပြီး ယောဂီပေါင်းမှာ ၇၄၇၃၆၄-ဦး ရှိခဲ့လေပြီ၊ ဤယောဂီအပေါင်းတို့သည် မဟာစည် ဩကာသကို အကြေအညက်ရရှိထားပြီးသူတို့ ဖြစ်ကြပါသည်၊ ဤတရားအားထုတ်ပြီး ယောဂီစာရင်းတွင် ရန်ကုန်သာသနာ့ရိပ်သာ၌ တရားအားထုတ်ပြီးတော်မူကြသော နယ်အရပ်ရပ်မှ ရဟန်းတော် ယောဂီ ၈၃၄၈-ပါးတို့သည်လဲ ပါဝင်ပါ၏၊ ဤရဟန်းသံဃာတော်တို့တွင် အများအားဖြင့် ကျောင်းထိုင် ဘုန်းတော်ကြီးများ ဂဏဝါစက ဓမ္မစရိယများလဲ ပါဝင်ကြလေရာ မိမိတို့၏ ရပ်ရွာဒေသတို့သို့ ပြန်ရောက်သောအခါ မိမိတို့၏ တပည့်များ ဒါယကာဒါယကာမများကို ဤဩကာသမူမှန် ကန်တော့ခန်းဖြင့် ရှိခိုးကန်တော့ကြရန် သင်ကြားပေးကြမည် မှာ ယုံမှားစရာမရှိပါ။

နေရာတကာ မှာကြားနေရသော ဩကာသ

လွန်ခဲ့သော ၁၃၃၁-ခုနှစ်က ပခုက္ကူမြို့ မဟာဝိသုကာရာမာဓိ ပတိ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်သို့ ကြွလာသောအခါ ကျွန်ုပ်တို့မိသားစုက သွားရောက်၍ မဟာစည်ဩကာသမူမှန် ဘုရားရှိခိုး ကန်တော့ခန်း ဖြင့်ပင် ကန်တော့ကြပါသည်၊ ကန်တော့ပြီးသောအခါ ဆရာတော်

http://www.dhammadownload.com

ဘုရားကြီးက "မင်းတို့ မဟာစည်သြကာသကို နေရာတကာမှာ ကြားနေရပါပေါ့ပဲကွ" ဟု ဂုဏ်ပြုစကား မိန့်ကြားပါသည်။

နိဗ္ဗိန္ဒဆရာတော်ကြီးက

၁၃၃၃ ခုနှစ်ဝါဦးက ကျွန်ုပ်တို့၏ မိတ်ဆွေကြီးဦးတင်အောင်သည် အိမ်သူအိမ်သားတို့နှင့်အတူ ပြည်မြို့ နိဗ္ဗိန္ဒချောင်သို့ သွား၍ ငယ်ဆရာဖြစ်သော နိဗ္ဗိန္ဒဆရာတော်ကြီးအား ကန်တော့လေရာ ဆရာတော်ကြီးက "မင်းတို့ ရှိခိုးကန်တော့တဲ့ သြကာသက နားထောင်ကောင်းသားကွဲ့၊ ဘယ်ကရသတုံး" ဟု မေးတော်မူပါသတဲ့ "မဟာစည်ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူတဲ့ သြကာသပါဘုရား" ဟု လျှောက်ထားသောအခါ မင်းတို့က ဆရာကောင်းတပည့်တွေကိုးကွဲ့" ဟု မိန့်ကြား၍ သာဓုခေါ်ဆိုကြောင်း ဦးတင်အောင်က တဆင့် ပြောပြပါသည်။

ပဲခူးမှာ မဟာစည် သြကာသ

၁၃၃၅-ခု ပြာသိုလပြည့်နေ့က ပဲခူးမြို့ ဟံသာလမ်းနေ သာသနာ့ အကျိုးတော်ဆောင် အငြိမ်းစား အခွန်ဝန် ဦးစိုးမြင့် ကွယ်လွန်၍ အသုဘသို့ သွားရောက်ခဲ့စဉ်က ထိုနေ့ နံနက်၌ ဦးစိုးမြင့်အတွက် ဆွမ်းသွတ်တရားနာသောအခါ ပရိသတ်က မဟာစည်သြကာသဖြင့်ပင် တညီတညွတ်ထည်း ကန်တော့ကြသည်ကို ကြားခဲ့ရ၍ ဝမ်းသာရပြန်သည်။

မဟာစည် သြကာသမှာ မဟာစည် ကမ္မဋ္ဌာန်းဌာနတို့၌သာ အသုံးပြုသည် မဟုတ်ပါ၊ အချို့အချို့သော မြို့ရွာကျောင်းဆိုင်

http://www.dhammadownload.com

ဘုန်းတော်ကြီးများက "မဟာစည် ဩကာသသည် သဒ္ဓါ အနေအထား မှန်ကန်သည် ရည်ရွယ်ချက် ပြည့်စုံသည်" ဟု သဘောကျတော်မူကြပြီးလျှင် မိမိတို့နှင့်စပ်ရာ တပည့်ဒါယကာ ဒါယိကာမတို့အား သင်ကြားပေး၍ ဘုရားရှိခိုး ကန်တော့ စေသည်ကို နေရာအနှံ့ တွေ့နေရပါလေပြီ။

သံလျှင်မင်းကျောင်းမှာ မဟာစည်ဩကာသ

ဤနိဒါန်း ရေးနေစဉ်မှာပင် ၁၃၃၅-ခု တပို့တွဲ လဆန်း ၈ ရက်နေ့က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရား ကြီးသည် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုမန သီတင်းသုံးတော် ခရမ်းမြို့ သပြေကုန်း သာသနာ့ရိပ်သာသို့ အကြွမှာ သံလျှင်မြို့ မင်းကျောင်း ပဌမပြန်စာသင်တိုက်၌ မင်းကျောင်းဆရာတော် ဘုရား အမှူးပြုသော ပရိသတ်တထောင်ကျော်တို့က ဆရာတော် ဘုရားကြီးအား ခရီးဦးကြိုဆို၍ ပူဇော် ကန်တော့ ကြပါ၏၊ မင်းကျောင်းမှာ ကမ္မဋ္ဌာန်းဌာန မဟုတ်သော်လဲ ဆရာတော် နှင့်တကွ ပရိသတ် တထောင်ကျော်တို့က မဟာစည်ဩကာသ ဖြင့်ပင် တသံတည်း တညီတည်း ကန်တော့ကြသည်ကို ကြားနာ ခဲ့ရပါသည်။

အလားတူပင် မဟာစည်ကမ္မဋ္ဌာန်းဌာန မဟုတ်သော အချို့ အရပ်ဒေသတို့၌လဲ မဟာစည် ဩကာသကိုပင် အသုံးပြုမျ

http://www.dhammadownload.com

ဘုရားရှိခိုး ကန်တော့နေကြပြီ ဖြစ်သောကြောင့် "မဟာစည်ဩကာသ"ကို ဗုဒ္ဓသာသနာဝင်တိုင်း အခိုပ်ပါယ် ပြည့်စုံစွာနားလည်လွယ်အောင် အဖွင့်ရေးဖို့ရာ ပုသိမ်မြို့ အောင်မြေဘုံကျော် မဟာစည် သာသနာ့ ရိပ်သာခွဲ ပဓါနနာယက ကမ္မဋ္ဌာနာစရိယ ညောင်ကန် အရှင်ကုဏ္ဍက ဆေရာ ကျွန်ုပ်တို့အား တိုက်တွန်းခဲ့ပါသည်၊ မော်လမြိုင် မဟာစည် သာသနာ့ရိပ်သာ ပဓါနာယက ကမ္မဋ္ဌာနာစရိယ ဦးသံဝရ သာသနဓဇသိရိပဝရ ဓမ္မာစရိယ ဆရာတော်ကလဲ မဟာစည် ဩကာသ အဖွင့်ကို ပြည့်ပြည့်စုံစုံ ရေးသားရန် တိုက်တွန်း ပြန်ပါသေးသည်။

ကျွန်ုပ်တို့သည် ညောင်ကန် အရှင်ကုဏ္ဍကဆေရာနှင့် ကမ္မဋ္ဌာနာစရိယ ဦးသံဝရ ဆရာတော်တို့၏ တာဝန်ပေး တိုက်တွန်းသည်ကို အလေးအမြတ် ခံယူ၍ ၁၃၃၄-ခု သီတင်းကျွတ် လပြည့်နေ့ နံနက်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး သည် သီလယူ လာကြသော ပရိသတ်အား သီလပေးအပြီး အကျဉ်းအားဖြင့် ဟောကြားတော်မူ အင်သော ဩကာသ အကြောင်းပါသော တရားတော်နှင့် ယင်းဩကာသအကြောင်း နှင့် သက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို မှီငြမ်း ပြု၍ ဤ"မဟာစည်ဩကာသအဖွင့်"ကို ပြုစုပြီးလျှင် ဝက်လက်မြို့ မစိုးရိမ် ဆရာတော် ဦးတိဿမှ တဆင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးထံ ဆက်ကပ်တင်ပြ၍ ပုံနှိပ် အပ်ပါသည်။

http://www.dhammadownload.com

ထိုမှတပါး လူငယ်များအတွက် ငါးပါးသီလ ခံယူပုံနှင့် အဓိပ္ပါယ်ဖွင့် ရှစ်ပါးသီလ ခံယူပုံနှင့် အဓိပ္ပါယ်ဖွင့် တို့ကိုလဲ ရေးသား ဖေါ်ပြသည့်အပြင် အဖိုးတန် ဘုရားရှိခိုး တို့ကိုလဲ ဤ "မဟာစည် ဩကာသအဖွင့်"၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်း ပုံနှိပ်အပ်ပါသည်။

မင်္ဂလာပါခင်ဗျား

မင်္ဂလာ အောင်မြင့်

(ဗုဒ္ဓဓမ္မလောက အယ်ဒီတာ)

၁၃၃၅-ခု၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့။

http://www.dhammadownload.com

ဩကာသအဝ

ကျွန်ုပ်တို့သည် ဤဩကာသအဖွင့်ကိုပြုစုပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဝက်လက်ဆရာတော်ဦးတိဿမှတဆင့်ဆက်ကပ်ခဲ့ပါသည်၊ ဆရာတော်ဘုရားကြီးက စာမူကိုဖတ်ရှုပြင်ဆင် ပေးသနားတော်မူပြီးနောက် "ဩကာသဟာဘယ်ခေတ်ကစပြီး ပေါ်ပေါက်ခဲ့တယ်ဆိုတာ ဖော်ထုတ်ပြနိုင်ယင် ကောင်းမယ်၊ မွန်လူမျိုးတို့စကားပြောတဲ့အခါ ဩောင်းကာစ ဩောင်းကာစလို့ ပြောလေ့ရှိတယ်၊ ဩကာသကို မွန်တို့ကစခဲ့ပုံရတယ်၊ မွန်ရဟန်းပညာရှိ လူပညာရှိတို့ထံစုံစမ်းသင့်တယ်" ဟု အမိန့်ရှိလိုက်ပါသည်။

ကျွန်ုပ်တို့သည် ဩကာသကို ပြုစုစဉ်ကပင် ဩကာသအကြောင်း ရေးသားကြသောစာအုပ် (၅) အုပ်ကိုဖတ်ခဲ့ရပါသည်။ ဩကာသအစဘယ်ခေတ်ကဟူ၍ ဘယ်ပုဂ္ဂိုလ်ရေးခဲ့သည်ဟူ၍ မဖော်ညွှန်းခဲ့ကြပါ၊ "ရှေးဆရာကြီးတို့ ရေးခဲ့ရာမှ တွင်ကြယ်လာခဲ့ဟန်တူသည်" ဟုသာ သာမညအားဖြင့် ဖော်ပြခဲ့ကြပါသည်၊ အရှင်အာဒိစ္စဝံသဆရာတော်ကမူ "ဩကာသဆေးရိုးကြီး" ဟု အမည်ပေးခဲ့ပါသေးသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူချိန်က ရန်ကုန်သာသနာ့ရိပ်သာအတွင်း၌ တိပိဋကဓရ ရွေးချယ်ပွဲ ကျင်းပနေဆဲဖြစ်၍ တိပိဋကဓရ နာယကဆရာတော်များထံ ချဉ်းကပ်၍ ဩကာသအစ ဘယ်ခေတ်က ဖြစ်သည်ကို ထောက်လှမ်း လျှောက်ခဲ့ပါသေးသည်။

http://www.dhammadownload.com

လောကီ လောကုတ္တရာ ဗဟုသုတ ကြွယ်ဝတော်မူသော ကြည့်မြင်တိုင်ဘုံပျံကျောင်းဆရာတော်ဘုရားကြီး အရှင်ပညာသာမိက "ဘုန်းကြီး ရဟန်း ၃-ဝါအရက ဟသ်ာတ မြစ်ကွေ့ကျောင်းတိုက်၌ စာသင်နေတုံးမှာ မြစ်ကွေ့ဆရာတော်ဘုရားကြီးက ပေစာငယ်တခုကို အပတ်ခိုင်းလို့ ဖတ်ပြရဘူးတယ်၊ အဲဒီပေစာထဲမှာ အခုအများရှိခိုးနေတဲ့ ဩကာသ စာပါလာတယ်၊ ဒီဩကာသစာကို ရှင်အရဟံက အနော်ရထာမင်းအား ရေးပေးတယ်လို့ ဖတ်ရတယ်၊ မြစ်ကွေ့ဆရာတော်ဘုရားကြီးလဲ ပျံလွန်တော်မူသွားပြီ၊ ပေစာတွေလဲ ဒုတိယကမ္ဘာစစ်အတွင်းက မီးထဲပါသွားပြီ" ဟု အမိန့်ရှိပါသည်။

ရှင်ရအဟံသည် မွန်တို့ဌာနီသထုံပြည်မှ မြန်မာတို့ဌာနီ ပုဂံပြည်သို့ သာသနာပြုကြွသာတော်မူသော အရှင်မြတ်ကြီးဖြစ်ပါ၏၊ အကယ်၍မွန်လူမျိုးတို့သည် သထုံပြည် မနူဟာမင်းလက်ထက်ကထဲက ဤဩကာသဖြင့် ဘုရားရှိခိုးခဲ့သည်ဆိုပါလျှင် ရှင်အရဟံသည် မွန်တို့ရှိခိုးကန်တော့လေ့ရှိသော ဘုန်းရှိခိုကို မြန်မာဘာသာပြန်၍ သို့မဟုတ်အလားတူ မြန်မာလို ရေး၍ အနော်ရထာမင်းအား ပေးခဲ့သည်ဟု ဆိုနိုင်ဖွယ်ရှိပါသည်။

ကျွန်ုပ်သည် မွန်ဩကာသကို ၁၃၂၆ ခုနှစ်ကပင် စဘင် ကြားခဲ့ဘူးပါ၏၊ အကြောင်းကား ထိုနှစ်က တိပိဋကဓရရွေးချယ်ပွဲ၌ ပိဋကတ်သုံးပုံလုံး ကျမ်းပြီးအာဂုံဆော ရေးဖြေပါအောင်မြင်တော်မူသော ဒုတိယမြောက် တိပိဋကဓရအရှင်နေမိန္ဒ (ပခုက္ကူ) အား မော်လမြိုင်မြို့ သုသမာစာရအသင်းကြီးက

http://www.dhammadownload.com

၂၅-နှစ်မြောက် ငွေရတုသဘင်ကြီး၌ ပင့်၍ ချီးကျူးပူဇော်သဖြင့် ကျွန်ုပ်မှာ တိပိဋကဓရရွေးချယ်ပွဲ အကျိုးဆောင်အဖြစ် လိုက်ပါခဲ့ရပါ၏၊ ထိုစဉ်က မော်လမြိုင်မြို့ကို ကြိုတင်ရောက်နှင့်နေသော မဟာစည်ဆရာတော်ဘုရားကြီးက အရှင်နေမိန္ဒနှင့် ကျွန်ုပ်ကိုပါ ကျိုက်မရောသို့ ခေါ်၍ လိုက်သွားရာရဟန်းရှင်လူအပေါင်းတို့က မဟာစည်ဆရာတော်ဘုရားကြီးအား မွန်ဩကာသဖြင့်ကန်တော့ကြသည်ကို ပြန်လည်သတိရမိပါသည်။

သို့ပါသော်လည်း ကျွန်ုပ်တို့သည် ရာဇဝင်သမိုင်း စာပေအထောက်အထား မရသေးသော ဤဩကာသကို မည်သို့မှတ်တမ်းတင်သင့်သည်ကို မဝေခွဲနိုင်အောင် ရှိနေပါသေး၍ မွန်ရဟန်းပညာရှိ လူပညာရှိတို့ထံ ချဉ်းကပ်စုံစမ်းရန် ရန်ကုန်မြို့ ကြားတောရလမ်း ကျိုက်သိမ္မန်ဆရာတော်ဘုရားကြီး ဦးကုသလထံ သွားရောက် လျှောက်ထားစုံစမ်းပါသည်၊ ဆရာတော်ကြီးက မွန်ဘာသာဩကာသရှိဘာမှန်တယ်၊ ဘယ်ခေတ်ကစပြီးရှိခဲ့ဝယ်ဆိုတာတော့ အထောက်အထားမပြနိုင်ဘူး၊ ရှေးရိုးအစဉ်အဆက်ကထဲက ရှိခိုးလာခဲ့ကြတာပဲ'' ဟုသာ အမိန့်ရှိလိုက်ပါသည်။

မှတဖန် ပါဠိမြန်မာ မွန်ပညာရှိ မွန်ကြင်စိန်ထံ ချဉ်းကပ်စုံစမ်းသောအခါ မွန်ကြင်စိန်သည် မွန်ဘာသာ ဩကာသကို ရှုတ်တက်ရသူဖြစ်၍ "ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဒုတ်ကာယကောင်၊ ဒုတ်ဝစီကောင်၊ ဒုတ်မနောကောင် ဒုတ်ကာယကွယ်၊ ဒုတ်ဝစီကွယ်၊ ဒုတ်မနောကွယ်" စသည်ဖြင့် ဆိုပြလိုက်ပါသေးသည်။

http://www.dhammadownload.com

မော်လမြိုင်၌ ထင်ရှားကျော်စောတော်မူသော အဂ္ဂမဟာပဏ္ဍိတ မုပွန်ဆရာဘော်ဘုရားကြီး အရှင်ကောသလ္လမဟာထေရ်က ဩကာသကို မွန်ကစခဲ့တယ် ၊ ရှေးနှစ်ပေါင်းများစွာကပင် မွန်တို့သည် မွန်ဘာသာဩကာသဖြင့် အစဉ်အဆက် ဘုရားရှိခိုးလာခဲ့တယ်”ဟု အမိန့်ရှိကြောင်းကို မွန်ကြင်စိန်က ပြောပြလိုက်ပါသေးသည်၊ မွန်ဘာသာဖြင့် ပုံနှိပ်ထားသော ဩကာသဘုရားရှိခိုးပါသည့် စာအုပ်ကိုလဲ ပြလိုက်ပါသေး၏၊ ဟောင်းနွမ်းလှ၍ ပုံနှိပ်သည့် ခုနှစ်မတွေ့ရတော့ပါ။

ကျွန်ုပ်သည် ကျောက်စာဌာနမှ အထောက်အထား ရလိုရငြား (၉-၆-၇၄)နေ့က သုတေသနဌာန ကမ္ပည်းကျောက်စာဌာနခွဲ သုတေသနဌာနမှူး နိုင်ပန်းလှထံသို့ သွားရောက်စုံစမ်းပါသေး၏၊ “ဩကာသ ဘယ်ခေတ်က စတင် သုံးစွဲခဲ့သည်ကို ကျောက်စာ၌ မတွေ့ဘူးသေးပါ၊ မွန်လူမျိုးတို့ ရှေးရိုးစဉ်လာ ဘုရားရှိခိုးကြီး ဖြစ်တယ်ဆိုတာကိုသာ သိရပါတယ်၊ ယင်း ဩကာသ၏ အက္ခရာ အရေးအသားမှာ မြန်မာအက္ခရာနှင့် ရေးပုံတူသော်လဲပဲ မွန်ဘာသာဖြင့် အသံထွက်တဲ့အခါ “ဩောင်းကာစ”ဟု အသံထွက်ပါတယ်၊ သို့ပါသော်လဲ မြန်မြန်ဆိုတဲ့အခါ “ဩောက်ကစ”လို့ ကြားရပါတယ်”ဟု ပြောပြလိုက်ပါသည်။

ကျွန်ုပ်တို့သည် အထက်ဖော်ပြပါ အကြောင်းအရပ်ရပ်တို့ကို စုပေါင်း၍ခြုံပြီးလျှင် ဤသို့မှတ်တမ်းတင်လိုပါသည်။

http://www.dhammadownload.com

မြန်မာဌာနီ ပုဂံပြည်သို့ သာသနာရောက်ခဲ့သည်မှာ သာသနာနှစ် ၁၆၀၀-ခုနှစ်က ဖြစ်လေသည်၊ မွန်တို့ဌာနီသထုံပြည်သို့ သာသနာရောက်ခဲ့သည်မှာ သာသနာနှစ် ၂၃၅-နှစ်က ဖြစ်လေသည်၊ မွန်တို့က မြန်မာတို့ထက် ၁၃၆၅-နှစ် စော၍ ဗုဒ္ဓသာသနာကို ကိုးကွယ်ခွင့် ရခဲ့လေသည်။

မြန်မာတို့က ကိုးကွယ်ဘိုရာ ဗုဒ္ဓသာသနာကို မွန်တို့ထံမှ ယူခဲ့ရသောကြောင့် သာသနာတော်နှင့်စပ်သော ကိုးကွယ်နည်း ဆည်းကပ်နည်း၊ ရှိခိုးနည်း၊ ပူဇော်နည်းစသော အလေ့ အထ ယဉ်ကျေးမှုတို့ကိုလဲ မွန်တို့ထံမှပင် ယူရပေလိမ့်မည်မှာ ဧကံပင် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် ဩကာသ ဘုရားရှိခိုးသည်လဲပဲ မည်သည့်ခေတ်က စတင်ပေါ်ပေါက်ခဲ့သည်၊ မည်သူရေးခဲ့သည်ဟူ၍ ရာဇဝင်သမိုင်း ကျောက်စာ အထောက်အထား မရသေးမီ "ဩကာသအစ မွန်တို့က" ဟုသာ ယူဆထားသင့်ပါသေးကြောင်း မှတ်ချမ်းပြုရလိုက်ရပါသည်။

မင်္ဂလာ အောင်မြင့်

၉-၆-၇၄

http://www.dhammadownload.com

မဟာစည်ဩကာသအဖွင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရှိခိုးပါ၏

ဘုရား၊တရား၊သံဃာ ရတနာမြတ်သုံးပါးနှင့်ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး အမှူးပြုသော ဆရာသမား၊ မိဘ အပေါင်းတို့အား ကျွန်ုပ် မင်္ဂလာ အောင်မြင့်သည် ရိုသေစွာ ရှိခိုးပါ၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
ချီးမြှင့်တော်မူသော

ဩကာသ မူမှန်
ဘုရားရှိခိုး ကန်တော့ခန်းမူရင်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှု မင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤမှာရပ်ပါ၊ ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင် အောက်ပါဆုတောင်းကို ဆက်ဆို၍ ဆုတောင်းပါ)

http://www.dhammadownload.com

ကန်တော့ရသော ဤကောင်းမှုကံ စေတနာ တို့ကြောင့် အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး (၅)ပါး၊ ဝိပတ္တိတရား(၄)၊ ဗျသနတရား(၅)ပါး၊ အနာမျိုး (၉၆)ပါး၊ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

မှတ်ချက်။ ။ဤ ဩကာသ ဘုရားရှိခိုး မူမှန်ကန်တော့ခန်း၌ (ဆရာသမား) ဟူသော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်ဆိုရန် ဖြစ်သည်၊ မိခင်,ဘခင် စသည်တို့ကို ကန်တော့သောအခါ၌မူ မိခင်, ဘခင်, အဖိုး, အဖွား, ဦးကြီး, အရီး, အဒေါ်စသည်ဖြင့် ဆိုင်ရာဆိုင်ရာ တို့ကို လဲလှယ် ထည့်သွင်း၍ ဆိုရမည်။

(အရှင်ဘုရား)ဟူသော စကားမှာလည်း ရတနာ(၃)ပါး၊ ရဟန်း သံဃာတို့ကို ကန်တော့သောအခါ၌သာ ဆိုရန်ဖြစ်သည် ။

စာပိုဒ်၏အောက်က ——— ဤသို့ မျဉ်းခံထားသော စာပိုဒ်ကို တဆက်ထည်း ဆိုရမည်။

ဩကာသ မူမှန် ဘုရားရှိခိုး ကန်တော့ခန်း ပြီး၏။

http://www.dhammadownload.com

ဩကာသ ဟူသောစကား

"ဩကာသ"သည် ပါဠိစကားဖြစ်ပါ၏၊ မြန်မာလို "အခွင့်" ဟု အနက်ရပါ၏၊ "ဩကာသ" စကား တခွန်းတည်းဖြင့်ပင် "အခွင့်ပေးပါ"ဟူ ဆိုလိုရင်း ဖြစ်ပါသည်၊

ပိဋကတ်တော်တို့၌ ဩကာသံဒေထ (ဇာတက-ဋ္ဌ ၁-၁၅) ကရောတု မေ အာယသ္မာ ဩကာသံ (ဝိ-စူဠဝဂ္ဂ-၉) စသည် ဖြင့် ခွင့်တောင်းသည့်အခါ၌ "ဩကာသ"ကို သုံးစွဲလေ့ ရှိပါသည်။

မြန်မာ့ယဉ်ကျေးမှုကို အလေးအမြတ် ပြုကြသော မြန်မာ အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည်လဲ ရဟန်း သံဃာအား လျှောက်ထားဖွယ် ကိစ္စရှိသည့် အခါ၌ "တပည့် တော်အား လျှောက်ထားခွင့် ပေးတော်မူပါ"ဟု ခွင့်တောင်း လေ့ ရှိပါ၏၊ အသက် သိက္ခာ ဂုဏ် ဝါကြီးမားသော ပုဂ္ဂိုလ် တို့အား ပြောစရာ ကိစ္စတခု ရှိသည့်အခါ၌လဲ ဤနည်း အတိုင်းပင် "စကားပြောခွင့်ပြုပါ" အစီရင်ခံခွင့်ပြုပါ ဟု ခွင့် တောင်းလေ့ ရှိပါသည်။

မွန်လူမျိုးတို့သည်လဲ ရဟန်းသံဃာအား ဖြစ်စေ အသက် ဂုဏ် ဝါ ကြီးသူတို့အား ဖြစ်စေ စကား ပြောလိုသည့်အခါ **သြောင်းကာစ**(ဩကာသ)ဟု ခွင့်တောင်းပြီးမှ စကားပြောလေ့ ရှိကြောင်း ရန်ကုန်မြို့ ကြားတောရ ကျိုက်သိမ်မွန် ပါဠိဘက္ကသိုလ် ဆရာတော် ဘုရားကြီးက အမိန့်ရှိပါသည်။

http://www.dhammadownload.com

သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံသားတို့လဲ ရဟန်း သံဃာအား ဖြစ်စေ အလေးပြုထိုက်သော ပုဂ္ဂိုလ်အားဖြစ်စေ စကားပြော လိုသောအခါ အဝကာသ် (ဩကာသ)ဟု ခွင့်တောင်းလေ့ ရှိကြောင်း သိရပါသည်။

ဆဋ္ဌသံဂါယနာ တင်စဉ်က ထေရဝါဒ ဗုဒ္ဓသာသနာ တွန်းလင်းရာ နိုင်ငံတို့မှ သီဟိုဠ် ရဟန်းတော်၊ ယိုဒယားရဟန်း တော်၊ ကမ္ဘောဒီးယား ရဟန်းတော်၊ လော ရဟန်းတော်၊ နီပေါ ရဟန်းတော် စသော တိုင်းတပါးသား ရဟန်းတော် တို့နှင့် မြန်မာ ရဟန်းတော် တို့သည် လူမျိုးအားဖြင့် ကွဲကြ သော်လဲ သာဂီနွယ်ဖွား ဘုရားသားတော်တို့ချည်း ဖြစ်ကြသည် အားလျော်စွာ အချင်းချင်း စကားပြောကြသောအခါ ဗုဒ္ဓ စကားဖြစ်သော ပါဠိဘာသာ စကားဖြင့်ပင် ပြောကြပါ၏၊ စကား ပြောတိုင်း ပြောတိုင်း "ဩကာသံဘန္တေ" စကား ပြောခွင့် ပေးတော်မူပါဟု ဦးစွာ ခွင့်တောင်းလေ့ ရှိသည်ကို ကြားနာခဲ့ရပါသည်။

တခါက ပါဠိစကားပြောသော ဓါတ်စီးသည့် ပုဂ္ဂိုလ်တဦး ကို တွေ့ဘူးပါ၏၊ နတ်သားတဦး ဓါတ်စီးသောအခါ စကား ပြောတိုင်းပြောတိုင်း ရှေးဦးစွာ "ဩကာသံဘန္တေ"ဟု ဦးစွာ ခွင့်တောင်းပြီးမှ စကားပြောလေ့ ရှိပါ၏၊ ထိုနည်း အတူပင် ဤဩကာသ ဘုရားရှိခိုး ကန်တော့ခန်း၌ ပါသော "ဩကာသ" သည်လဲ ခွင့်တောင်းသော စကားခွန်း ဖြစ်သည်ဟု မှတ်ယူ ကြရန် ဖြစ်ပါသည်။

http://www.dhammadownload.com

သြကာသ ဘုရားရှိခိုး အမျိုးမျိုးတို့တွင် အချို့က သြကာသ နှစ်ကြိမ် အချို့ကသုံးကြိမ် ဆိုကြပါ၏၊ ဤသြကာသမှုမှန် ဘုရားရှိခိုး ကန်တော့ခန်း၌ အလေးအမြတ်ပြုသောအားဖြင့် သုံးကြိမ်ဆိုပါ၏၊ နှစ်ကြိမ်ပဲဖြစ်ဖြစ် သုံးကြိမ်ပဲဖြစ်ဖြစ် သင့်မြတ်ပါသည်။

ရည်ရွယ်ချက် ၂-ပိုင်း

ဤသြကာသမှုမှန် ဘုရားရှိခိုးကန်တော့ခန်း၌ ရည်ရွယ်ချက် နှစ်ပိုင်းပါ၏၊ ပဌမပိုင်းက ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်းရန်။

ဒုတိယပိုင်းက အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ရန်တို့ဖြစ်ပါသည်။

ပဌမပိုင်းရည်ရွယ်ချက်

ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍....

ကာယကံ=ကာယ=ကိုယ်+ကံ၊ အမှု၊ ကိုယ်ဖြင့်ပြုသောအမှု။
ဝစီကံ=ဝစီ=နှုတ်+ကံ၊ အမှု။ နှုတ်ဖြင့်ပြောသောအမှု
မနောကံ=မနော=စိတ်+ကံ၊ အမှု။ စိတ်ဖြင့်ကြံတွေးသော အမှု။

ကာယကံသည် ကောင်းသော အမှုကိစ္စကို ပြုလုပ်သော ကာယကံလဲ ရှိပါ၏၊ မကောင်းသော အမှုကိစ္စကို ပြုလုပ်သော ကာယကံလဲရှိပါ၏။

http://www.dhammadownload.com

ဝစီကံသည်လဲ ကောင်းသောအမှုကိစ္စကို ပြောသောဝစီကံလဲ ရှိပါ၏၊ မကောင်းသော အမှုကိစ္စကို ပြောသော ဝစီကံလဲ ရှိပါ၏။

မနောကံသည်လဲ ကောင်းသော အမှုကိစ္စကို ကြံတွေးသော မနောကံလဲရှိ၏၊ မကောင်းသောအမှုကိစ္စကို ကြံတွေးသော မနောကံလဲရှိပါ၏။

ဤ၌ မကောင်းသော အလုပ် မကောင်းသော အပြောအဆို မကောင်းသော အကြံအတွေးတို့ကိုသာ အပြစ်ဟုဆိုလိုပါသည်။

ထိုကာယကံတည်းဟူသော အပြစ်ခပ်သိမ်း ဝစီကံတည်းဟူသော အပြစ်ခပ်သိမ်း၊ မနောကံတည်းဟူသော အပြစ်ခပ်သိမ်းတို့ ရှိခဲ့သော် ပပျောက်ငြိမ်းရန် ပဌမ ရည်ရွယ်ချက်အနေအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍”ဟုဆိုထားပါသည်။ (မနောကံတည်းဟူသော ပုဒ်ကို ဆက်ဆိုပါ၊ ဖတ်ပါ)

ကံဖြင့်ကံဆိုတာကကံနှစ်ခုထပ်နေတယ်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက....

တချို့ကတော့ “ကာယကံ ဝစီကံ၊ မနောကံ တည်းဟူသော သုံးပါးသော ကံတို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားမိသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါလို့ ဆိုပြီး ရှိခိုးကြတယ်။

http://www.dhammadownload.com

သုံးပါးသော ကံတို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားမိသော၊ ဆိုတာက သဒ္ဒါနည်း မမှန်ဘူး၊ ပြစ်မှားဘာကလဲ ကံပဲ၊ တပါး ပါးသော ကံဖြင့် ဆိုတဲ့ ကရိုဏ်းကလဲ ကံဘဲ၊ ကံဖြင့် ကံဆိုတာက "ကံ" နှစ်ခု ထပ်နေတယ်၊ သဒ္ဒါနည်းမှားတယ်၊ လူတွေ နားလည်ဖို့ကတော့ ခဲယဉ်းပါတယ်၊ စာပေသင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ဘော့ သိပါလိမ့်မယ်၊ ဒါကြောင့် ရှေးတုံးက "ကံနဲ့ဒွါရ" အငြင်းအခုံ ဖြစ်ခဲ့ကြတာပဲ။

ကံဖြင့် ကံကို ကရိုဏ်း မထားကောင်းဘူး၊ ကံက ပြုတဲ့ အမှုပဲ၊ ကရိုဏ်း မဟုတ်ပါဘူး၊ ကံဖြင့် ရှိခိုးတယ် ဆိုလို့ရှိယင် သဒ္ဒါနည်းမမှန်ဘူးလို့ အပြစ်ဆိုစရာရှိတယ်၊ ဒွါရဖြင့် ရှိမိုးတယ်၊ ဆိုတာကတော့ အပြစ်ဆိုစရာ မရှိပါဘူး၊ ဒါပေမယ်လို့ မကြိုက်တဲ့သူတွေကများတယ်၊

တချို့ကလဲ သုံးလီဒွါရ ပဏာမဖြင့် ရှိခိုးပါ၏ လို့ ပြင်ဆိုကြတယ် အဲဒီမှာလဲ ပဏာမဖြင့် ဆိုတဲ့ ကရိုဏ်းနဲ့ ရှိခိုးပါ၏ ဆိုတဲ့ ကြိယာထပ်နေတယ်၊ ပဏာမဆိုတာလဲ ရှိခိုးခြင်းဘဲ၊ ရှိခိုးခြင်းဖြင့်ရှိခိုးပါ၏လို့ဆိုတာနဲ့ အတူတူပဲ ပဏာမဖြင့်ဆိုတဲ့ စကားကို ကြိယာဝိသေသနလို့ ဆိုလို့ရှိယင်လဲ သုံးလီ ဒွါရဖြင့် ဆိုတာလဲ ကြိယာဝိသေသန ဖြစ်ရလိမ့်မည်၊ ဒါကြောင့် သဒ္ဒါနည်း အားဖြင့် မကောင်းလှဘူး။

နောက်-အဲဒီအပြစ် ပျောက်ဖို့ရာ ရှိခိုးတယ် ဆိုတာကတော့ တရံတခါသာ သင့်ဖွယ်ရှိတယ် အများအား

http://www.dhammadownload.com

ဖြင့် ဆိုယင်တော့ ရည်ရွယ်ချက်နှင့် မကိုက်ညီဘူး နေ့ပဲ့... နေ့တိုင်း ရှိခိုးကြတာဟာ အပြစ်ရှိလို့ ရှိခိုးကြတဲ့ အဓိပ္ပါယ် ရောက်နေတယ်၊ အပြစ်ရှိလို့ ပြစ်မှားမိလို့ ရှိခိုးကြတာချည်း မဟုတ်ပါဘူး၊ ကုသိုလ်ရအောင်လို့ ရှိခိုးကြတာပါ။

သိတင်းဝါလကျွတ်တဲ့အခါ ကန်တော့ ကြတာက တော့ အပြစ်ရှိယင် ပျောက်အောင်လို့ ဆိုပြီးတော့ ရှိခိုးကြတာဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးပြင်ရေးထားတဲ့ ဩကာသက "ဩကာသ၊ ဩကာသ၊ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍၊ တဲ့ အပြစ်ငြိမ်းအောင်လို့ ရည်ရွယ်တာ တကတ္တပါ။

ဒီမှာ-ဩကာသ, ကြကာသ, ဩကာသ ပြစ်မှားမိသော ကာယကံ၊ ဝစီကံ၊ မနောကံကည်း ဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ "လို့" ပြစ်မှားမိသော ဆိုတဲ့ ဝိသေသန ပုဒ်ကလေး ထည့်ချင်တယ်၊ ဒါပေမယ့် လို့ တနိုင်ငံလုံးက ဩကာသဆိုးပြီးယင် ကာယကံ၊ ဝစီကံ၊ မနောကံ နှုတ်ကျိုး နေလေတော့ ဒီကြား ထဲက ပြစ်မှားမိသော ဆိုတဲ့ ဝိသေသနတလုံး 'ထည့်လိုက်ယင် အများ ဩကာသနဲ့ ကွာသွားမှာစိုးလို့ မထဲ့ပါဘူး၊ ဒီအတိုင်းပဲ ထားလိုက်ပါတယ်၊ သဒ္ဒါ နည်းတော့

http://www.dhammadownload.com

မကောင်းလှဘူး၊ သူတပါး အပြစ်တင်စရာတော့ ရှိနိုင်ပါတယ်၊ ဒါပေမယ့်လို့ ရည်ရွယ်ချက် ကတော့ မှန်ပါတယ်။

ပြစ်မှားမိတဲ့ကာယကံအပြစ် ဝစီကံအပြစ် မနောကံအပြစ် ခပ်သိမ်း ပပျောက် ငြိမ်းအောင်လို့ ပါပဲ၊ ဟု အဓိပ္ပါယ် ရှိပါသည်။

ဒုတိယပိုင်း ရည်ရွယ်ချက်

အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေး ကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှါ-

ပဌမ ရည်ရွယ်ချက်ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ ဟူသော စကားရပ်၌ "၍" ဟူသော အာကာရပုဒ်က ရည်ရွယ်ချက်သည် ဤမျှသာ မဟုတ်သေးပါ၊ သည့်ပြင်လဲ ရှိပါသေးတယ် ဟူသော အခြင်းအရာကို ထိုး၍ ပြနေပါ၏။

ထို့ကြောင့်ပင် "အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ ဟူသော ဒုတိယပိုင်း ရည်ရွယ်ချက်ကို ဆက်လက် ဆိုလေသည်။

ဤဒုတိယပိုင်း ရည်ရွယ်ချက်သည် လိုရင်းဖြစ်ပါ၏ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း ရတနာမြတ်သုံးပါး ဆရာသမား မိဘတို့ကို အိပ်ရာဝင် အိပ်ရာထ ရှိခိုးကြ၏၊ ခရီးသွားလာရင်း လမ်းခရီး

http://www.dhammadownload.com

အကြား၌ ဘုရားပုထိုး စေတီတို့ကိုတွေ့လျှင် အဝေးကတမျိုး အနီးကပ်၍တဖုံ ရှိခိုးကြ၏၊ သီလခံယူသည့်အခါ စသည်တို့၌လဲ ဩကာသမပါလျှင် မပြီး ဩကာသကို ပလ္လင်ခံ၍ ရှိခိုးကြရ ကန်တော့ကြရ၏။

ဤသို့ ရှိခိုး ကန်တော့ ကြသည်မှာ ပြစ်မှားမိသော အပြစ်တို့ကို ပျောက်စေလိုသဖြင့် ရှိခိုးကန်တော့ကြသည်ချည်း မဟုတ်ပါ။ ဒုတိယပိုင်း ရည်ရွယ်ချက်အရ (၁) အသက် ရှည်အောင်လို့ (၂) အနာကင်းအောင်လို့ (၃) ရန်ဘေး ကင်းအောင်လို့ (၁) အသက်ရှည်ကြောင်း အနာကင်းကြောင်း ရန်ဘေးကင်းကြောင်း ဖြစ်သော ကောင်းမှု မင်္ဂလာတို့ ဖြစ်အောင်လို့ ရှိခိုးကန်တော့ကြခြင်း ဖြစ်ပါသည်။

အသက် ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေး ကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှါ-

ကောင်းမှုမင်္ဂလာ ဖြစ်ပါလျှင် ကျွန်ုပ်တို့ အသက် ရှည်မည် အနာကင်းမည် ဘေးရန်ကင်းမည် ဖြစ်ပါ၏ လူ့လောက၌ အရေးကြီးဆုံးမှာ (၁) အသက်ရှည်ဘို့ (၂) အနာကင်းဘို့ (၃) ဘေးရန်ကင်းဘို့ ဤသုံးခုဖြစ်ပါ၏၊ စည်းစိမ်ဥစ္စာကြွယ်ဝသော သူဌေးသား သူဌေးသမီး ဘုရင့်သား ဘုရင့်သမီး ဖြစ်စေ ကာမူ အသက် မရှည်လျှင် စည်းစိမ် ဥစ္စာ တို့သည် အချည်းနှီးသာ ဖြစ်ပါ၏၊ အနာရောဂါတွေ ထူပြော နေလျှင် စည်းစိမ်ဥစ္စာ ရထူးဂုဏ်သိမ်တို့သည် အချည်းနှီးသာ ဖြစ်ပါ၏။ ထိုနည်းအတိုင်းပင် ဘေးရန်တွေ တခုပြီးတခု နှောင့်ယှက်ခံရန

http://www.dhammadownload.com

ရလျှင် အဖိစီးခံနေရလျှင် ကိုယ်လဲဆင်းရဲ စိတ်လဲဆင်းရဲ နေရသဖြင့် ရှိပြီးသား စည်းစိမ်ကိုလဲ မခံစားနိုင်၊ ရလတံ့ စည်းစိမ်ကိုလဲ စိတ်မဝင်စားနိုင် အချည်းနှီးသာ ဖြစ်ပါမည်။

ပုဂ္ဂိုလ်တဦးတယောက်သည် အသက်လဲရှင်မည်၊ အနာရောဂါလဲကင်းမည်၊ ဘေးရန်လဲမရှိ ဟု ဆိုလျှင် ထိုသူအဖို့ ရှိပြီးသားစည်းစိမ်ကိုလဲ မြိန်ရှက်စွာ အေးအေး ဆေးဆေး ခံစားနိုင်ပါ၏၊ မရသေးသော စည်းစိမ်ဥစ္စာ ရတနာတို့ကိုလဲ ရအောင် ရှာဖွေနိုင်ပါ၏။

သို့ဖြစ်၍ အသက်ရှည်ဘို့၊ အနာကင်းဘို့၊ ရန်ဘေးကင်းဘို့ရာ ဤကောင်းမှု မင်္ဂလာတခုဖြင့်ပင် ခြုံမိအောင် ရှိခိုးရခြင်း ကန်တော့ရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ထားပါသည်။

ဩကာသ အရှည်ကြီးဖြစ်သွားမယ်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက-ဒီဩကာသထဲမှာ အဘိဝါဒနသီလိဿ - အစရှိသော ပါဠိတော် တဿာနုဘာဝေန ဟတန္တရာယော အစရှိသော အဋ္ဌကထာ၊ မင်္ဂလာဘာဝတော၊ အစရှိသော ဋီကာတို့နှင့် အညီ ရနိုင်တဲ့အကျိုး တွေကို အကုန်လုံး ထည့်ထားယင် ဩကာသ အရှည်ကြီး ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်း-ကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ" ရယ်လို့ သုံးခုပဲ ထည့်ပြထားတယ်။

စာပေကျမ်းဂန်အရကတော့ နိဒဿနနည်း ဥပလက္ခဏ နည်းရယ်လို့ ရှိတယ်၊ အကုန်လုံး မပြနိုင်ယင် မပြလိုယင် တစိတ်တဒေသ ဖော်ပြရတယ်၊ အဲတာလို တစိတ်တဒေသ ဖော်ပြခြင်းအားဖြင့် အများကိုသိနိုင်တာက နိဒဿနနည်းခေါ်ပါတယ်၊ နိဒဿနနည်းဆိုတာက တစိတ်တဒေသကိုပဲ ပုံစံအနေနဲ့ ထုတ်ပြတဲ့နည်းပါပဲ၊ ဒါမျိုးတွေ ဒီအကျိုးမျိုးတွေ သည့်ပြင်လဲပဲ ရနိုင်တာပါပဲ လို့ ဆိုလိုပါတယ်။

ဥပလက္ခဏနည်း ဆိုတာကတော့ လူတိုင်း လူတိုင်း သိနိုင်တဲ့ နားလည်နိုင်တဲ့ အရာဝတ္ထုတခုခုကို မှတ်ပြီး ဟောပြတာကို ဆိုပါတယ်၊ ဥပမာ- လဒ္ဓါတပတ္တော ရာဇကုမာရော၊ ရာဇကုမာရော၊ မင်းသားသည်၊ လဒ္ဓါတပတ္တော၊ ရအပ်သောထီးဖြူရှိ၏ (ဝါ) ရအပ်သော ထီးဖြူရှိသော၊ ရာဇကုမာရော၊ မင်းသား၊ ဒီဥပမာ အတိုင်းပါပဲ၊ မင်းသားက ထီးကိုရထားတယ် ဆိုလို့ ရှိယင် မင်းအဖြစ်ကိုလဲပဲ ရတာပဲ၊ စည်းစိမ်တွေအကုန် လုံးကိုလဲ ရတာပဲ ဆိုတာသိနိုင်ပါတယ်၊ ထီးတခုထဲ မှတ်ပြီးတော့ ထီးရသွားတယ်လို့ ဆိုလိုက်တာနဲ့ တပြိုင်နက် မင်းမြောက်တန်ဆာငါးပါးနှင့်တကွ မင်းစည်းစိမ် အကုန်လုံးကို ရသွားတယ် ဆိုတာကို သိနိုင်တာဟာ ဥပလက္ခဏာနည်းပါပဲ။

ဒီဩကာသဘုရားရှိခိုး ကန်တော့ခန်းမှာလဲပဲ ရနိုင်တဲ့အကျိုးတွေ အများကြီးရှိပါတယ်၊ ဒါပေမဲ့လို့ အကုန်လုံးခြုံမိ

http://www.dhammadownload.com

အောင် "**အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်း ကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ**" လို့ လိုရင်းကို မှတ်ပြီးတော့ ဆိုထားတယ်။

တနည်းအားဖြင့်လဲ ပဓာနနည်းအားဖြင့် ပြဌာန်းတဲ့အရာကို ဦးတည်ပြီးပြတာ ဖြစ်ပါတယ်၊ ခုကာလမှာ အသက်ရှည်ဖို့၊ အနာကင်းဖို့၊ ရန်ကင်းဖို့ဆိုတာ အရေးအကြီးဆုံးပါပဲ၊ ဒါကြောင့်မို့ ဒီသုံးခုပြည့်စုံယင် သည့်ပြင် အကျိုးတွေလဲ ပြည့်စုံသွားနိုင်တော့ တာပါပဲ" ဟု မိန့်ကြားတော်မူခဲ့ပါသည်။

နောက်ပြီး တော့ သုံးကြိမ်တိုင်တိုင် ရှိခိုးတယ်ဆိုတာကို နှုတ်က မဆိုသော်လဲ ကိုယ်ဖြင့် သုံးကြိမ်တိုင်တိုင် ဦးချကန်တော့ခြင်း ဖြင့် ပင် ကိစ္စ ပြီး နေ ပါ တယ်၊ ဒါကြောင့် တပြည်းပြည်း ညီညီဆိုရာမှာ အချိန်မကြာစေလို့တဲ့အတွက် ပဌမ, ဒုတိယ, တတိယ, တကြိမ်, နှစ်ကြိမ်, သုံးကြိမ်, မြောက်အောင်ဆိုတဲ့ စကားကိုတော့ ဒီသြကာသ ကန်တော့ခန်းထဲမှာ ထည့်မထားဘူး" လို့လဲ မိန့်တော်မူပါသည်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး

ရတနာ

နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် "ရတနာ" ဟု ခေါ်၏၊ ရတနာသည် လောကီရတနာ၊ လောကုတ္တရာရတနာ

http://www.dhammadownload.com

ဟူ၍ နှစ်မျိုးရှိပါ၏၊ စကြာရတနာ, ပတ္တမြား ရတနာ, ဆင်ရတနာ, မြင်းရတနာ စသည်တို့သည် လောကီရတနာတို့ ဖြစ်ကုန်၏၊ ဗုဒ္ဓရတနာ,၊ ဓမ္မရတနာ,၊ သံဃာရတနာတို့သည် လောကုတ္တရာ ရတနာတို့ ဖြစ်ပါကုန်၏၊လူ့ပြည်, နတ်ပြည်,နဂါး စသောပြည်တို့၌ ရှိကုန်သော ရတနာတို့ထက်မြတ်သောကြောင့် ဘုရားစသော ရတနာသုံးပါးကို ရတနာမြတ် သုံးပါးဟု ခေါ်ဝေါ်ရလေသည်။

ဘုရားရတနာ

ဗုဒ္ဓမြတ်ဘုရားသည် နတ်လဲမဟုတ်၊ ဗြဟ္မာလဲမဟုတ်၊ လူမှဖွားမြင်တော်မူသော လူသားပင် ဖြစ်ပါ၏၊ သို့ပါသော်လဲ ဘယ်သူတဦးတယောက်နှင့်မျှ မတူသော နတ်, ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဦးညွတ်ခြင်းကို ခံတော်မူထိုက်သော လူသားဖြစ်ပါသည်။

မတူပုံကား ဗုဒ္ဓအလောင်းတော်သည်ဖွားမြင်တော်မူသည်နှင့် တပြိုင်နက် မြောက်အရပ်သို့ ရှေ့ရှု၍ မြေပြင်၌ ခုနှစ်လှမ်းလှမ်းကြွတော်မူခဲ့၏၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင် မြေအပြင်နှင့် မထိရအောင် ကြာပန်းတို့က မြေမှထွက်၍ ခြေဖဝါးတော်တို့၏ အောက်၌ ခံယူကြကုန်၏၊ မွေးဖွားတော်မူသည်နှင့် တပြိုင်နက် စကားပြောတော်မူ၏။

နောက်တနေ့၌ နန်းတော်သို့ ပြန်ရောက်သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ဆရာ (သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော ဈာန်ရ) ကာဠဒေဝိလ ရသေ့ကြီးက အလောင်းတော်

http://www.dhammadownload.com

ကလေး ဖွါးမြင်တော်မူကြောင်း ကြားရ၍ ကြည့်လိုသဖြင့် နန်းတော်သို့ ကြွလာ၏၊ သုဒ္ဓေါဒနမင်းကြီးက သားတော်ကလေးကို ရင်ခွင်၌ ထား၍ ရသေ့ကြီးအား ရှိခိုးစေလိုသဖြင့် လက်နှစ်ဖက်ကို ယှက်ပေးလိုက်သော အခါ လျှပ်တပျက်အတွင်း၌ပင် အလောင်းတော်ကလေး၏ ခြေတော်အစုံတို့သည် ရသေ့ကြီး၏ ဦးခေါင်းထက်၌ ရပ်ဘည်နေသည်ကို တွေ့ရသောကြောင့် သုဒ္ဓေါဒနမင်းကြီးရော ရသေ့ကြီးပါ အလေးအမြတ် ပြုထိုက်သောပုဂ္ဂိုလ်ပါတကားဟု အလောင်းတော်ကလေးကို လက်အုပ်ချီ၍ ဦးညွှတ်ကြကုန်သည်။

အရိုအသေပြုထိုက်သော ရတနာ

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်တော် မူခဲ့သော ပါရမီတော် တို့ကြောင့် ဘုရားအဖြစ်သို့ ရောက်လာတော်မူသောအခါ ဗုဒ္ဓ မြတ်ဘုရား၏ ရုပ် အသွင်တော်သည် လူသားအားလုံးတို့ထက် ထူးကဲတင့်တယ် သပ္ပါယ်တော်မူလှ၏၊ ဟောကြားတော်မူသော စကားတော်တို့ကလဲ ပိုသည် လိုသည် မရှိ၊ တိတိကျကျ စကားလုံးတိုင်း စကားလုံးတိုင်းကလဲ လှလှပပ အနက်အဓိပ္ပါယ်တို့ကလဲ ပြည့်ပြည့်ဝဝ ရှိလှ၏၊ သို့ဖြစ်သောကြောင့် ဗုဒ္ဓ မြတ်ဘုရားကို ဖူးမြင်ရလျှင် ဗုဒ္ဓမြတ်ဘုရား၏ တရားစကားတော်ကို ကြားနာရလျှင် လူတိုင်းလူတိုင်း နှစ်သက်မြတ်နိုး ရှိခိုးကော်ရော် ပူဇော်ကြရသည်သာမက နတ် ဗြဟ္မာ အပေါင်းတို့လဲ ခညောင်းရိုကျိုး မြတ်နိုးပူဇော် ကြရကုန်၏၊

http://www.dhammadownload.com

ထို့ကြောင့် ဗုဒ္ဓရတနာကား တလောကလုံး ညွှတ်ရှိုးဦးခိုက် ရှိသေတိုက်သော (စိတ္တီကတ) ရတနာမြတ် ဖြစ်ပါသည်။

အဖိုးများစွာ ထိုက်သောရတနာ

ဗုဒ္ဓမြတ်ဘုရား ရှေလက်ထက်တော်က ဇောတိက, ဇဋိလ စသော သူဌေးကြီး တို့သည်လည်းကောင်း၊ ဗိမ္ဗိသာရ, ကောသလ စသော မင်းကြီးတို့သည်လည်းကောင်း၊ အတိတ်ဘဝက ပြုခဲ့သော ကောင်းမှုကံ တို့ကြောင့် လောကီစည်းစိမ် ဥစ္စာ ရတနာတို့ကြောင့် ရွှေငွေတို့ ပေါကြွယ်ဝကြစေကာမူ ထိုစည်းစိမ် ဥစ္စာ ရတနာ ရွှေ ငွေတို့သည် တဒင်္ဂ ချမ်းသာတို့ကိုသာ ပေးစွမ်းနိုင်သော လောကီစည်းစိမ်တို့ ဖြစ်ကြောင်း သိကြရသောအခါ ထိုစည်းစိမ်ဥစ္စာ ရတနာတို့ကို စွန့်လွှတ်ကြကုန်၍ ထာဝရချမ်းသာကို ပေးစွမ်းနိုင်သဖြင့် အဖိုးများစွာ ထိုက်တန်တော်မူသော ဗုဒ္ဓရတနာမြတ်ထံ ချဉ်းကပ် လာကြရ၏၊ ထို့ကြောင့် ဗုဒ္ဓရတနာကား လူလောက နတ်လောက ဗြဟ္မာလောကတို့၌ အမြတ်ဆုံးဖြစ်၍ အဖိုးများစွာ ထိုက်တန်သော "မဟဂ္ဃ" ရတနာမြတ် ဖြစ်ပါသည်။

အတုမရှိ ရတနာ

ဗုဒ္ဓမြတ်ဘုရားသည် ကိလေသာတို့ကို အငွေ့အသက်မျှ မကျန်ရအောင် ပယ်တော်မူပြီး ဖြစ်၍ သိသင့် သိထိုက်သော တရားအားလုံးတို့ကို ကိုယ်တော်တိုင် အမှန်အတိုင်း တိတိကျကျ အလိုလို သိတော်မူ၏၊ ဘယ်သူ တဦးတယောက်မျှ မတုပနိုင်အောင် ပါရမီတော်တို့ကို အတုမဲ့ ဖြည့်ကျင့်တော်မူခဲ့သော

ကြောင့် အတုမဲ့ ထူးကဲတော်မူသော ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် အနန္တတို့ကို ရတော်မူခဲ့ပါ၏၊ တလောကလုံး၌ ဘယ်သူတဦးတယောက်မျှ မရနိုင်သော သဗ္ဗညုတဉာဏ်တော်ကို ပန်ဆင်တော် မူခဲ့ပါ၏၊ ထို့ကြောင့် ဗုဒ္ဓရတနာကား အတုမဲ့ ပြိုင်ဖက်ကင်းသော "အတုလ"ရတနာမြတ် ဖြစ်ပါသည်။

မြင်ရခဲသော ရတနာ

ဗုဒ္ဓ မြတ်ဘုရား တို့သည် ကပ်ကမ္ဘာ တိုင်း၌ ပွင့်ထွန်း ပေါ်ပေါက်လာသည် မဟုတ်ပါ၊ ဘုရားမပွင့်သည့် သုညကမ္ဘာ တွေ အကြားဝယ် တချို့ တချို့သော ကပ်ကမ္ဘာ တို့၌သာ ပွင့်ထွန်း ပေါ်ပေါက်လာတော်မူတတ်ပါ၏၊ ဘုရားပွင့်သည့် ကမ္ဘာ၌လဲ ကမ္ဘာတည်သည်မှ ကမ္ဘာပျက်သည့်တိုင်အောင် ဗုဒ္ဓသာသနာ တည်ရှိနေသည် မဟုတ်ပါ၊ ထို့ကြောင့် ဗုဒ္ဓရတနာကား မြင်ရခဲ တွေ့ရခဲသော "ဒုလ္လဘဒဿန"ရတနာမြတ် ဖြစ်ပါသည်။

လူတော် လူကောင်းတို့၏ အသုံးအဆောင် ရတနာ

လောက၌လူညံ့၊ လူကောင်းဟူ၍ နှစ်မျိုးရှိပါ၏၊ လူညံ့တို့သည် အသိပညာမဲ့ကြ၏၊ ပတ္တမြားတုံးကို ကျော်၍ မျက်ကိုသာ စားလေ့ရှိသော သားကောင်နှင့် တူ၏၊ လူတော် လူကောင်းတို့သည် အသိပညာ ကြွယ်ဝကြ၏၊ ပေါင်းမြက်တို့ကို ဖယ်ရှား၍ ပတ္တမြားတုံးကို ကောက်ယူလေ့ရှိသော ပညာရှိတို့နှင့် တူ၏၊ ထို့နည်းတူပင် မှားယွင်းသော အယူရှိသူ အယုံအကြည်ကင်းမဲ့

http://www.dhammadownload.com

သူတို့သည် ဗုဒ္ဓသာသနာကို ကျော်ပေး၍ ကိလေသာ အညစ်အကြေးတို့ကိုသာ သုံးဆောင်ခံစားလေ့ ရှိကုန်၏၊ မှန်ကန်သော အယူရှိသူ ယုံကြည်မှု သဒ္ဓါတရားရှိသူ လူတော် လူကောင်းတို့ကား ဘဝသံသရာက ပါလာသော ကိလေသာ အညစ်အကြေးတို့ကိုသာ ဆေးကြောသုတ်သင်၍ မိမိတို့၏ အသိပညာဖြင့် အမှန်တရားကို မြင်ကာ လူတော် လူကောင်းတို့၏ အသုံးအဆောင်ဖြစ်သော ဗုဒ္ဓရတနာသို့ ချဉ်းကပ်ကြကုန်၍ အမြိုက်ချမ်းသာကို သုံးဆောင်ကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓရတနာကား လူတော် လူကောင်းတို့၏ အသုံးအဆောင် "အနောမသတ္တပရိဘောဂ"ရတနာမြတ် ဖြစ်ပါသည်။

(သဂါထာဝဂ္ဂသံ-ပါ၊ ၃၃၊ ဠ၊ ဂရ၊ မဟာသံပါ၊ ဂရ၊ ဠ-၁၉၀)

ထို့ကြောင့် "ဘုရားရတနာ"ဟု နှုတ်ကမြွက်လိုက်သည်နှင့် တပြိုင်နက် အရဟံစသော ဂုဏ်တော်တို့ကို ဆင်ခြင်မိပါစေ။

တရားရတနာ

ဗုဒ္ဓမြတ်ဘုရားသည် မြွက်ကြားတော်မူအပ်သော စကားတော်အားလုံးသည် တရားတော်မည်၏၊ တရားတော်အားလုံးသည် ဗုဒ္ဓရတနာကဲ့သို့ပင် ရတနာထိုက်သောကြောင့် တရားရတနာမည်ပါသည်။

http://www.dhammadownload.com

တရားရတနာသည်

သောတာပတ္တိမဂ်	၁-ပါး
သကဒါဂါမိမဂ်	၁-ပါး
အနာဂါမိမဂ်	၁-ပါး
အရဟတ္တမဂ်	၁-ပါး - ပေါင်း မဂ်-၄ ပါး
သောတာပတ္တိဖိုလ်	၁-ပါး
သကဒါဂါမိဖိုလ်	၁-ပါး
အနာဂါမိဖိုလ်	၁-ပါး
အရဟတ္တဖိုလ်	၁-ပါး ပေါင်း ဖိုလ် - ၄ ပါး
နိဗ္ဗာန်	၁ ပါး
ပရိယတ္တိ(ဘုရားဟော တရားဒေသနာတော်)	၁ ပါး

ပေါင်း = ၁၀ ပါး
ရှိပါသည်။

ပရိယတ္တိသည်

ပိဋကတ်အားဖြင့် ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ် ဟူ၍ ၃-ပုံရှိ၏၊ နိကာယ်အားဖြင့် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် ဟူ၍ ၅=ပါးရှိ၏။

ဓမ္မက္ခန္ဓာအားဖြင့်

ဝိနည်းပိဋကတ်၌ ၂၁၀၀၀
သုတ္တန်ပိဋကတ်၌ ၂၁၀၀၀

http://www.dhammadownload.com

အဘိဓမ္မာပိဋကတ်၌ ၄၂၀၀၀
ပေါင်း ၈၄၀၀၀ ရှိပါသည်။

ပိဋကတ်အားဖြင့် ရေတွက်နည်းမှာ (ဝိ-ဋ္ဌ၊ ၁၊ ၁၃) အရ ဖြစ်ပါ၏၊ ဓမ္မက္ခန္ဓာအားဖြင့်ရေတွက်နည်းမှာရှေးဆရာတို့ရေတွက် လေ့ရှိသော(သုတ္တန္တေ နနု အာကာရာ၊ အဘိဓမ္မေ နနုံ ဩဓော ယာ၊ဝိနယေ နနု ဥပဌ္ဌာ၊ တေ ဝန္ဒာမိ သဗ္ဗဒါ)ဟူသော ဂါထာ အရ ဖြစ်ပါ၏။

အဘယ့်ကြောင့် တရား မည်ပါသနည်း။

ဓာရေတီတိ ဓမ္မော အရ ဗုဒ္ဓမြတ်ဘုရား ဟောကြားဆုံးမ တော်မူသည့်အတိုင်း ကျင့်သောသူ ရှုမှတ်သောသူတို့ကို အပါယ် လေးပါးတို့၌ မကျအောင် မရောက်အောင် ဆောင်ထားတတ် သောကြောင့် တရားမည်ပါသည်။

မဂ်တရားသည် နိဗ္ဗာန်ကို အာရုံပြုလျက် အပါယ်ရောက် ကြောင်း လောဘ ဒေါသစသော ကိလေသာတို့ကို ပယ်သော ကြောင့် မဂ်နှင့် နိဗ္ဗာန်သည် အပါယ်မကျအောင် မချဆောင် ပါသည်။

ဖိုလ်သည်လဲ ပဋိပဿဒ္ဓိပဟာနသတ္တိဖြင့် ထိုကိလေသာ တို့ကို ငြိမ်းစေတတ်သောကြောင့်လည်းကောင်း၊ ပရိယတ္တိဓမ္မ သည်လဲ ထိုမဂ်ကိုရဖို့ရာလမ်းညွှန်ဖြစ်သောကြောင့်လည်းကောင်း ပရိယတ်အားဖြင့် အပါယ်မကျအောင် ဆောင်သည် မည် ပါသည်။

http://www.dhammadownload.com

တို့ကြောင့်“တရားရတနာ”ဟု နှုတ်က မြွက်လိုက်သည်နှင့် တပြိုင်နက် သွာက္ခာတော ဘဂဝတာ ဓမ္မော စသော ဂုဏ်တော်တို့ကို ဆင်ချင်မိပါစေ။

သံဃာရတနာ

ဗုဒ္ဓမြတ်ဘုရား၏ တပည့်သားဖြစ်တော်မူကြသော ၂၂၇ ပါးသော သိက္ခာပုဒ်တို့ကို ကျင့်သုံးတော်မူကြသော ရဟန်းအပေါင်းသည် သံဃာမည်ပါ၏၊ သံဃာဟူသော စကားသည် သံဃဟူသော ပါဠိသက် စကားဖြစ်၏၊ သီလသိက္ခာအားဖြင့် အကျင့်တူသော ဘုရားသားတော် ရဟန်း ၄-ပါး အပေါင်းအစု ၄-ပါးထက် အလွန်ရှိသော ရဟန်းအပေါင်းအစုကို ဝိနည်းဒေသနာတော်အရအားဖြင့် သံဃာဟု ခေါ်ပါသည်။

သံဃာသည်

အရိယာသံဃာ

အရိယာနွယ်ဝင်သံဃာဟူ၍ ၂-မျိုးရှိ၏။

အရိယာသံဃာသည်

၁။ သောတာပတ္တိမဂ်ရသံဃာ၊
၂။ သောတာပတ္တိဖိုလ်ရသံဃာ၊
၃။ သကဒါဂါမိမဂ်ရ သံဃာ၊
၄။ သကဒါဂါမိဖိုလ်ရ သံဃာ၊
၅။ အနာဂါမိမဂ်ရ သံဃာ၊
၆။ အနာဂါမိဖိုလ်ရ သံဃာ၊

http://www.dhammadownload.com

၇။ အရဟတ္တမဂ်ရ သံဃာ
၈။ အရဟတ္တဖိုလ်ရ သံဃာ၊

ဟူ၍ အစုံအားဖြင့် ၄-စုံ၊ အမျိုးအားဖြင့် ၈-မျိုးရှိပါသည်။

သောတာပတ္တိမဂ်ကိုရလျှင် အခါမလင့်ပဲ သောတာပတ္တိဖိုလ်လဲ ရတော့သဖြင့် သောတာပတ္တိမဂ်ရအရိယာနှင့် သောတာပတ္တိဖိုလ်ရအရိယာတစုံဟု ခေါ်၏၊ ထို့အတူပင် သကဒါဂါမိမဂ်ရနှင့် ဖိုလ်ရတစုံ၊ အနာဂါမိမဂ်ရနှင့် ဖိုလ်ရတစုံ၊ အရဟတ္တမဂ်ရနှင့် ဖိုလ်ရတစုံဟူ၍ ၄-စုံရှိလေသည်၊ အရိယာ ရှစ်မျိုးကား အထက်၌ ဂဏန်းထိုး၍ပြသည့်အတိုင်းပင် ရေတွက်ရပါသည်။

အရိယာသံဃာတို့တွင် အောက်ဖြစ်သောမဂ်တို့ကိုသာ ရကြသေးသော သေက္ခအရိယ သံဃာတို့သည် အထက်အထက်ဖြစ်သော မဂ်ဖိုလ်တို့ကို ရရန် အစဉ်မပြတ်ကျင့်သုံး ရှုမှတ်ခြင်းဖြင့် ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဓသာသနာတော်ကို အခိုင်အမာတည်ရစ်အောင် ရှုမှတ်ပွါးများခြင်းဖြင့် ဆောင်ရွက်တော်မူကြကုန်သည်။

မဂ်လေးပါး ဖိုလ်လေးပါးတို့ကို ရပြီး၍ အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော အသေက္ခအရိယာ ရဟန္တာ သံဃာတော်တို့ကလဲ ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဓ သာသနာတော်ကို အခိုင်အမာ တည်အောင် အစဉ်မပြတ် ရှုမှတ်ခြင်းဖြင့် ထမ်းဆောင်တော်မူကြကုန်သည်။

အရိယာသံဃာ ရဟန္တာအရှင်မြတ်တို့သည် ဗုဒ္ဓသာသနာတော်၌ ယနေ့တိုင်အောင် တည်ရှိနေသည်ကို (သံသယမဖြစ်

http://www.dhammadownload.com

ကြပဲ) ယုံယုံကြည်ကြည် လေးလေးနက်နက် သိနားလည်၍ ကိုးကွယ်တတ်ကြပါစေ။

အရိယာနွယ်ဝင်သံဃာ

အရိယာနွယ်ဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို မပျောက်ကွယ်ရအောင် မချွတ်ယွင်းရအောင် ရှေးရှေးသော ဆရာအစဉ်အဆက် ရဟန်းသံဃာတော်ကြီးတို့၏ နည်းဥပနိဿယကို ပုခုံးပြောင်းခံယူ၍ သင်ကြားခြင်း နှုတ်တက်အာဂုံဆောင်ခြင်း ပို့ချ ဟောပြောခြင်းတည်းဟူသော ဂန္ထဓုရကိုလဲ ထမ်းဆောင်တော် မူကြကုန်၏၊ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ရရန်အလို့ငှါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကိုလဲ့ ရှုမှတ်ပွါးများခြင်းတည်းဟူသော ဝိပဿနာဓုရကိုလဲ ထမ်းဆောင်တော်မူကြကုန်သည်။

ဗုဒ္ဓမြတ်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မြတ်ဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်သုံး သွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် ယနေ့တိုင် မပျောက်မပျက်ပဲ လောက၌ တည်ရှိနေသည်မှာ ဤရဟန်းသံဃာတော်တို့ အဆက်မပြတ် တည်ရှိနေတော်မူသောကြောင့် ဟောင်းသံဃာတော်တို့ ထမ်းဆောင်တော်မူလာခဲ့သောကြောင့် ဖြစ်ပါသည်။

ဤပရိယတ္တိသာသနာတော်ကို အခြေခံ၍ ပဋိပတ္တိအကျင့်တို့ကို လူ့ လောကသားတို့ လွယ်လွယ်ကူကူ နားကြားကြရ

http://www.dhammadownload.com

ကျင့်သုံးရှမှတ်ကြရ,၍ အပါယ်တံခါးပိတ်ခါ ကောင်းရာသုဂတိ ရောက်ကြရ သည်မှာ (ဝါ) အသေဆိုးနှင့် မသေကြရပဲ အသေကောင်းနှင့် သေကြရသည်မှာ ဤရဟန်းသံဃာတော်တို့ အဆက်မပြတ် တည်ရှိနေတော်မူသောကြောင့် ဖြစ်ပါသည်။

ပိဋကတ်ကျမ်းတတ် ရဟန်းသံဃာတော်တို့နှင့် ပိဋကတ်ကျမ်းတတ်လဲဖြစ် ပဋိပတ်လမ်းမှန်ကို ဟောကြားပြသတော်မူတတ်လဲ ဖြစ်တော်မူသော ရဟန်း သံဃာတော်တို့သည် ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်သူ ဗုဒ္ဓ သာသနာဝင် တို့၏ အားထားမှီခိုရာ အစစ်တို့ ဖြစ်ပါသည်။

ထို့ကြောင့် "သံဃရတနာ"ဟု နှုတ်က မြွက်ဆိုလိုက်သည်နှင့် တပြိုင်နက် သုပ္ပဋိပန္နော စသော ဂုဏ်တော်တို့ကို ဆင်ခြင်မိပါစေ။

ရတနာမြတ်သုံးပါးနှင့် ကြုံရခိုက်မှာ

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးတို့ကို အခါခပ်သိမ်း တွေ့ကြရ မြင်ကြရ,သည်မဟုတ်ပါ၊ ယနေ့ပင် သက်တော်ထင်ရှား ဗုဒ္ဓမြတ်ဘုရားကို မတွေ့ကြရတော့၊ ဗုဒ္ဓမြတ်ဘုရားကို အစဉ်မပြတ် အောင့်မေ့ သတိရရန်အလို့ငှာ ဗုဒ္ဓမြတ်ဘုရား၏ ကိုယ်တော်စား ဖြစ်သောရုပ်ပုံတော်ဆင်းတုတော်၊ သရီရဓာတ်တော် ပရိဘောဂ အသုံးအဆောင်တော် စေတီတော်တို့ကို အိမ်၌ ကျောင်း၌ ထား ကြပြီးလျှင် အာရုံပြု၍ ကိုးကွယ်ကြရ ဆည်းကပ်ကြရ ပူဇော် ကြရသည်။

http://www.dhammadownload.com

အကယ်၍သာ ယခုလိုအချိန်အခါမျိုး၌ ဗုဒ္ဓမြတ်ဘုရားအစစ်ကို တွေ့ကြရ ဖူးမြင်ကြရမည်ဆိုပါလျှင် အတိုင်းမသိ ကောင်းလေစွ၊ သို့ပါသော်လဲ ဗုဒ္ဓမြတ်ဘုရားက ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ငါဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း တည်းဟူသော တရားတော်တို့သည် ငါဘုရား၏ ကိုယ်တော်စား၊ သင်တို့၏ ဆရာဖြစ်လိမ့်အံ့ဟု ဟောကြားတော်မူခဲ့သဖြင့် ယနေ့ ဗုဒ္ဓသာသနာကို သက်ဝင်သူ အပေါင်းတို့သည် ဗုဒ္ဓသားတော် ရဟန်းသံဃာတော်တို့ တဆင့် ဟောကြားပြသတော်မူအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း တည်းဟူသော တရားတော်တို့ကို နာကြားကြရ ကျင့်သုံးကြရသောကြောင့် ထောက်ရာ, တည်ရာ, သက်သာရာ ရကြပါသေး၏၊ ရဟန်းသံဃာအစစ်တို့ကိုလဲ ဖူးတွေ့ကြရသောကြောင့် ကံကောင်းလှပါသေးသည်။

အကယ်၍သာ ရတနာမြတ်သုံးပါး ကင်းမဲ့သော တိုင်းတပါးသို့ ရောက်နေမည်ဆိုလျှင် ဘုရားရှင်၏ သားသော် သံဃာတော်အစစ်တို့ကိုလဲ မဖူးတွေ့ကြရ၊ သံဃာတော်အစစ်တို့ ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဗုဒ္ဓတရားတော်တို့ကိုလဲ မနာကြားရသောကြောင့် နှလုံးစိတ်ဝမ်း ငြိမ်းသင့်သလောက် ငြိမ်းချမ်းနိုင်မည် မဟုတ်ပါချေ၊ နို့ဘူးခေါင်းကိုသာ စို့၍ နေရသော ကလေးသူငယ်ကဲ့သို့ ကျမ်းစာတို့ကိုသာ ဖတ်၍စိတ်ကို ဖြေရပေမည်။

ထို့ကြောင့် ယခုလို ရတနာမြတ်သုံးပါးနှင့် တွေ့ရခိုက် ကြုံရခိုက်မှာ ရတနာမြတ်သုံးပါး၏ အတိုင်းမသိသော တန်ဘိုးကို

http://www.dhammadownload.com

သိနားလည်၍ အပါယ်လေးပါးမှ ကင်းလွတ်အောင် ဆည်းကပ်ကိုးကွယ်တတ်ကြပါကုန်၊

(ဆရာသမား)တို့ကို

ဆရာသမားဟူသော စကားကို လက်သီးကွင်း၍ ပြထားပုံကို "ဩကာသ ဘုရားရှိခိုး မူမှန်ကန်တော့ခန်း" မူရင်း၏ အောက်ခြေ၌ ဤသို့မှတ်ချက် ရေးထိုးထားလေသည်။

"ဤကန်တော့ခန်း၌ (ဆရာသမား)ဟူသော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်ဆိုရန် ဖြစ်သည်၊ မိခင်၊ ဖခင် စသည်တို့ကို ကန်တော့သောအခါ၌ မူ မိခင်, ဖခင်, အဖိုး, အဖွား,၊ ဦးကြီး,၊ အရီး,၊ အဒေါ် စသည်တို့ဖြင့် ဆိုင်ရာ ဆိုင်ရာတို့ကို လဲလှယ် ထည့်သွင်း၍ ဆိုရမည်။

ဤမှတ်ချက်အရ-

ရတနာမြတ် သုံးပါးတို့ကို ရှိခိုးကန်တော့သည့်အခါ

"ဘုရားရတနာ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးဘို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော် ဓာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"ဟု ဆိုရမည်။

ဆရာသမားတို့တို့ကို ရှိခိုးကန်တော့သည့် အခါ

"ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏"ဟု ဆိုရမည်။

http://www.dhammadownload.com

မိ၊ ဖ၊ တို့ကို ရှိခိုးကန်တော့သည့်အခါ

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး မိဖတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏”ဟု ဆိုရမည်။

အဖိုး အဖွားတို့ကို ရှိခိုးကန်တော့သည့်အခါ

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး အဖိုး, အဖွားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏”ဟု ဆိုရမည်။ (“သံဃာရတနာတည်းဟူသော”ဟု ဆက်ဆိုပါ)

ဦးကြီးအဒေါ်တို့ကို ရှိခိုး ကန်တော့သည့်အခါ

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရဘနာတည်းဟူသော ရတနာမြတ်သုံးပါး ဦးကြီးအဒေါ်တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန့်ဘော့ပါ၏” ဟု ဆိုရမည်။

ရတနာမြတ်သုံးပါးကို မှ ချန်ထားခဲ့လို့မရပါ’ ဆရာသမား မိဖဖိုးဖွား ရှိခိုးကန်တော့တိုင်း ထည့်၍ဆိုရပါမည်။

(ကျွန်ုပ်တို့သည် ဘုရားရှိခိုး, ကန်တော့တိုင်း, မိဖတို့ကိုပါ ရှိခိုးကန့်တော့ပြီးဖြစ်အောင်၊ ရတနာမြတ်သုံးပါး ဆရာသမား မိဖတို့ကို”ဟု ဆို၍ ကန်တော့ပါ၏၊ ကျွန်ုပ်၏ ဓမ္မမိတ်ဆွေကြီး တဦးမှာ ငယ်ရွယ်စဉ်ကပင် မိခင်ကွယ်လွန်ခဲ့သဖြင့် အဒေါ်၏ ပြုစုမွေးကျွေးမှုကြောင့် လူလားမြောက် ခဲ့ရသည့်အတွက် ရတ

http://www.dhammadownload.com

နာ မြတ်သုံးပါး, ဆရာသမား, မိဘ, အဒေါ် တို့ကိုဟု ရှိခိုးကန်တော့ လေ့ရှိကြောင်း ပြောပြပါသည်။

အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ကန်တော့ပါ၏

အထက်ပါ ဝါကျကို အောက်ပါ အတိုင်း ဝါကျခွဲ၍ အဓိပ္ပါယ် စပ်ယူကြပါကုန်-

အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပါ၏။
အရိုအသေ လက်အုပ်မိုး၍ ပူဇော်ပါ၏။
အရိုအသေ လက်အုပ်မိုး၍ ဖူးမြော်ပါ၏။
မာန်လျှော့၍ ကန်တော့ပါ၏။

အရိုအသေ

အရိုအသေပြုခြင်းသည် ဂါရဝမင်္ဂလာ မည်ပါ၏၊ လောက၌ ကျွန်ုပ်တို့အရိုအသေ ပြုရမည့် ပုဂ္ဂိုလ်တို့တွင် အနန္တငါးပါးသည် ထိပ်ဆုံး၌ပါဝင်၏၊ ထိုမှတပါး မိမိထက် အသက်သိက္ခာကြီးသူဂုဏ်ကြီးသူ၊အဖိုး,အဖွား, ဦးကြီး, အဒေါ်, အစ်ကို, အစ်မစသည်တို့လဲ အရိုအသေပြုရမည့် ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

အထက် ဖော်ပြပါ အရိုအသေ ပြုထိုက်သူတို့၏ ရှေ့မှောက်၌ ကိုယ်အမူအရာအားဖြင့်လည်းကောင်း, နှုတ်အမူအရာ အားဖြင့် လည်းကောင်း, အရိုအသေပေးတတ်ရန် လိုပါ၏၊ ကိုယ်ကို ရို့၍, ဦးခေါင်းကိုငုံ့၍ သွားခြင်းသည်, ကိုယ်အမူအရာအားဖြင့်ပင် အရိုအသေပြုသည် မည်ပါသည်။

http://www.dhammadownload.com

အရိုအသေပြုထိုက်သော ပုဂ္ဂိုလ်တို့နှင့် စကား ပြောသည့် အခါ သုဘာသိတဝါစာ ဖြစ်အောင် ပြောခြင်းသည်လဲ နှုတ် အမှုအရာအားဖြင့် အရိုအသေပြုသည် မည်ပါ၏၊ ချစ်မြတ်နိုး ဖွယ်ဖြစ်အောင်ပြောသည့်စကား, မှန်ကန်သည့်စကား 'ကောင်း ကောင်းမွန်မွန် ပြေပြေပြစ်ပြစ် ပြောသည့်စကား, တရားမျှတ သည့် စကားတို့သည် သုဘာသိတဝါစာ စကားတို့ ဖြစ်ပါ၏၊ တဖက်သား သာယာ နာပျော်ဖွယ် ဖြစ်အောင် နှလုံးစိတ်ဝမ်း ချမ်းမြေ့အောင် ချိုသာ ပြော့ပြောင်းစွာ ပြောလျှင် နှုတ် အမှုအရာအားဖြင့် အရိုအသေ ပြုသည် မည်ပါသည်။

လက်အုပ်မိုး၍

လက်နှစ်ဖက်ပေါင်း လက်ဆယ်ချောင်း တို့ကို ကြာဖူးငုံ ပမာ ဦးထိပ်မှာမိုးရန်ဖြစ်ပါ၏၊ ဤသို့ လက်အုပ်မိုးခြင်းသည်လဲ ဂါရဝမင်္ဂလာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရတနာ မြတ်သုံးပါး ဆရာသမား မိဘစသော အလေးအမြတ် ပြုထိုက်သူ တို့ကို ခပ်ဝေးဝေးက မြင်ရသည်နှင့်တပြိုင်နက် လက်အုပ်ကို ဦးထိပ် မှာ မိုး၍ အရိုအသေပြုလေ့ရှိပါသည်၊ ရှိခိုးခြင်းမဟုတ်သေးပါ၊ အနန္တငါးပါးကိုသာမက အချင်းချင်းလဲ ရိုသေထိုက်သော ဂုဏ် အင်္ဂါရှိသည်ဟု ထင်လျှင်ပင် အလေးပြုသည့် အနေအားဖြင့် လက်အုပ် ချီမြှောက်၍ နှုတ်ဆက်သည့် အလေ့ ရှိကြပါ၏၊ အလွန်ကောင်းသော ယဉ်ကျေးမှုတရပ်ဟု အသိအမှတ် ပြုကြ ပါ၏။ ရန်ကုန်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်တို့

http://www.dhammadownload.com

ဤနည်းဖြင့် အချင်းချင်း နှုတ်ဆက်လေ့ ရှိပါသည်။

ရှိခိုး။

ခြေ, လက်, နဖူး, တတောင်ဆစ်, ဒူး ဟု ဆိုအပ်သော ကိုယ်အင်္ဂါငါးပါးတို့ဖြင့် ရှိခိုးသူ၏ တည်ရာအရပ်၌ ထိအောင် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ဦးညွှတ်ပါမှသာ ရှိခိုးသည် မည်ပါသည်။

ဥပမာ လူတယောက်သည် ဗုဒ္ဓမြတ်ဘုရားကို ရှိခိုးသည်ဆိုပါစို့၊ ဦးစွာ ဆောင့်ကြောင့်ထိုင်၍ ဒူးနှစ်ဖက်ကို ရှေ့သို့ထောက်လိုက်ရမည်၊ လက်နှစ်ဖက်အစုံကို ထိပ်မှာမိုးပြီးလျှင် ဘုရားဂုဏ်တော်တို့ကို ဆင်ခြင်၍ လက်အုပ်ကို ဖြေကာ ရှေ့တိတိ တည်ရာအရပ်၌ ဖြန့်၍ ထောက်လိုက်ရမည်၊ ထို့နောက် ဦးခေါင်းကို တည်ရာနှင့်တည့်အောင် ညွှတ်လိုက်သည်နှင့် တပြိုင်နက် လက်နှစ်ဖက်တို့သည် အလိုလို ကွေးပြီးသားဖြစ်၍ တတောင်ဆစ်တို့သည် ထိရာနှင့် ထိလိမ့်မည်၊ ထိုအခါ ခြေ၊ လက်, နဖူး, တတောင်ဆစ် ဒူးတို့သည် တည်ရာနှင့် ထိနေပြီး ဖြစ်သောကြောင့် တကြိမ်ရှိခိုးသည် မည်ပါသည်။

ဤနည်းအတိုင်း ရှိခိုးပါမှသာ ပဉ္စပတိဋ္ဌိတ ရှိခိုးသည် မည်ပုံကို သီလက္ခန္ဓဋီကာသစ်-၂-၁၈ ၌ ဖွင့်ပြထားပါသည်။

နောက်တကြိမ် တရားတော်ကို ရှိခိုးရန် ဦးခေါင်းကို မော့လိုက်သည်နှင့် တပြိုင်နက် ထောက်ထားသော လက်တို့သည် ဆန့်ပြီးဖြစ်၍ လက်အစုံကို မြှောက်ကာ ဦးထိပ်၌ မိုးထားရမည်၊ ထောက်ထားသော ဒူးနှစ်ဖက်ကို မူ ကြွရန်မလို၊ ထောက်မြဲတိုင်း

http://www.dhammadownload.com

ထောက်ထားပါ၊ ဦးထိပ်၌ လက်အုပ်မိုးရင်း တရားတော်တို့ကို ဆင်ခြင်၍ လက်အုပ်ကို ဖြေကာ ရှေ့တည့်တည့် တည်ရာ၌ ထောက်လိုက်ရမည်၊ ထို့နောက် ဦးခေါင်းကို တည်ရာနှင့် ထိအောင် ညွတ်လိုက်သည်နှင့် တပြိုင်နက် လက်နှင့်ဖက်တို့ သည် အလိုလို ကွေးပြီးသား ဖြစ်၍ တံတောင်ဆစ် တို့သည် တည်ရာနှင့် ထိလိမ့်မည်၊ ထိုအခါ ခြေလက်၊ နဖူး, တံတောင် ဆစ်, ဒူးတို့သည် တည်ရာ၌ ထိနေပြီး ဖြစ်သောကြောင့် တကြိမ် ရှိခိုးသည် မည်ပါ၏။

သံဃာတော်ကို ရှိခိုးရန်လဲ တရားတော်ကို ရှိခိုးသည့်နည်း တူပင် ဖြစ်ပါသည်၊ ဤရှိခိုးနည်းဖြင့် ရှိခိုးလိုသော အမျိုးသား သည် ဦးစွာ ဆောင့်ကြောင့် ထိုင်ရာက စရပါမည်၊ အမျိုး သမီးသည် ပုဆစ်တုပ်ထိုင်ရာက စရပါမည်။

ဤပဉ္စပတိဋ္ဌိတဖြင့် ရှိခိုးရန်မှာ အိမ်တွင်း ကျောင်းတွင်း ပရဝုဏ်တွင်းစသော သန့်ပျံ့သည့် နေရာတို့၌သာ သင့်ပါ၏၊ အဝတ်အစားကို ညစ်ပေစေမည့် မသန့်ပျံ့သော နေရာတို့၌ ဖြစ်ပါမူ မတ်တပ်ရပ်၍ ဦးထိပ်၌ လက်အုပ်မိုးခြင်းဖြင့်သာ ရှိခိုးသင့်ပါသည်။

အချို့ဆရာတော်ကြီးများက လမ်းခရီး၌ဖြစ်စေ ထိုင်ရန် မလျောက်ပတ်သော အရပ်၌ဖြစ်စေ ရဟန်းသံဃာကို တွေ့လျှင် မတ်တတ်ရပ်လျက်ပင် လက်အုပ်မိုး၍ ဦးညွတ်လျှင် သင့်ဘော် လောက်ပါပြီဟု အမိန့်ရှိတော်မူကြပါ၏၊ တည်ခြင်းငါးပါးဖြင့် ရှိခိုးတတ်အောင် ကျွန်ုပ်တို့၏ သားသမီးတို့ကို သင်ပြထားသင့် ပါသည်။

http://www.dhammadownload.com

ပူဇော်

ပူဇော်သည် ဆိုသည်မှာ ကောင်းစွာပြုစုခြင်း,အလေးအမြတ်ပြုခြင်း, အမြတ်တနိုးပြုခြင်း,ရှိခိုးခြင်းတို့ပင်ဖြစ်ပါ၏။

ပူဇော်ထိုက်သူတို့တွင် ရတနာ မြတ်သုံးပါးတို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပန်း ဆီမီးစသည်ဖြင့်လဲ မိဘ, ဆရာသမား ဘိုးဘွားစသည်တို့အား အဝတ်အထည် အိပ်ရာ နေရာ စားဘွယ် သောက်ဘွယ်တို့ဖြင့်လဲ ကောင်းစွာပြုစုလျှင် အလေးအမြတ်ပြုလျှင် အမြတ်တနိုးပြုလုပ် ပေးလှူလျှင် (အာမိသဖြင့်) ပူဇော်သည်မည်ပါသည်။

ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူအပ်သော သတိပဋ္ဌာန် စသော တရားတော်တို့ကို သင်အံရွတ်ဖတ်ခြင်း လိုက်နာကျင့်သုံးရှုမှတ်ခြင်း ရဟန်းသံဃာတော်တို့က ဆုံးမသည်ကို လိုက်နာခြင်း ဆရာသမားမိဖဘိုးဘွား စသည်တို့က ဆုံးမသောစကားကို လိုက်နာကျင့်သုံးခြင်း နားထောင်ခြင်းတို့သည် ကောင်းစွာပြုစုသည် အလေးအမြတ်ပြုသည် အမြတ်တနိုးပြုသည် မည်သောကြောင့် (ဓမ္မပူဇာဖြင့်) ပူဇော်သည်မည်ပါသည်။

ဘုရားစသော ရတနာမြတ်သုံးပါး၏ အဆုံးအမကို မလိုက်နာ မကျင့်သုံး မရှုမှတ်သူသည် ဘုရားကို ကောင်းစွာ မပြုစုသူ အလေးအမြတ်မပြုသူ အမြတ်တနိုးမပြုသူ မည်သောကြောင့် (မပူဇာဖြင့်) ပူဇော်သူမမည်ပါ။

ဆရာသမား မိဘစသည်တို့၏ အဆုံးအမစကားကို မလိုက်နာသူ နားမထောင်သူသည် ဆရာသမား မိဘ စသည်တို့ကို

http://www.dhammadownload.com

ကောင်းစွာ မပြုစုသူ အလေးအမြတ်မပြုသူ အမြတ်တနိုးမပြုသူ မည်သောကြောင့် (ဓမ္မပူဇာဖြင့်) ပူဇော်သူမမည်ပါ။

"ပူဇာတိ သက္ကာရ၊ ဂရုကာရ၊ မာနနဝန္ဒနာ" ဟု(ပရိတ္တဋီကာ ၄၃)၌ဖွင့်သောကြောင့်ပူဇော်ခြင်းသည်လဲရှိခိုးခြင်းမည်ပါသည်၊

ဖူးမြော်

ဉာဏ်မျက်စိဖြင့် တွေ့မြင်ခြင်းသည် ဖူးမြော်သည်မည်၏၊ ဘုရားဖူးသည် ဘုရားဖူးမြော်သည်မှာ ဘုရားဂုဏ်တော်တို့ကိုဉာဏ်မျက်စိဖြင့် တွေ့သည် မြင်ဘည်ကို ဆိုပါ၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရားကို ဖူးမြော် သောအခါ ရုပ်ပုံတော် လောက်သာ ဆင်းတုတော်လောက်သာ စေတီတော်လောက်သာ မမြင်ပဲ ဗုဒ္ဓမြတ်ဘုရား၏၊ ဂုဏ်တော်တို့ကို ဉာဏ်မျက်စိ၌ ထင်လာမြင်လာအောင် တွေး၍ ဖူးမြော်တတ်ဖို့ လိုပါ၏။

တရားတော်တို့ကို ဖူးမြော်သောအခါ၌လဲ့ တရားတော်၏ ဂုဏ်တော်တို့ကို ဉာဏ်မျက်စိ၌ထင်လာမြင်လာအောင် သံဃာတော်၏ ဂုဏ်တော်တို့ကို ဉာဏ်မျက်စိ၌ ထင်လာ မြင်လာအောင်

အမှာ ခွဲထားဘို့၌ မျှော်နှင့်မြော် နှစ်ချက်သာ ရှိသင့်ကြောင်း ပြ၏၊ မျှော် ကား မံသ စက္ခုဖြင့် ကြည့်မျှော်သည်၊ ဉာဏ်မျက်စိဖြင့် မြော်တွေးရသည်ဟု ဝေါဟာရ သတ်ပုံ ကျမ်း၌ဆို၏၊ မြော်မြင်၊ မြော်ထောက်၊ ဖူးတွေ့၊ ဖူးမြင် ဖူး-မြော်ဟူ၍ အသုံးရှိကြောင်းကို ပြလေသည်၊ ထို့ကြောင့် ဖူးမြော်မန်လျှော့ကို "မျှော်" ဖြင့် မရေးပဲ "မြော်" ဖြင့် ရေး ရသည်။

http://www.dhammadownload.com

တွေး၍ ဖူးမြော်တတ်ဖို့လိုပါ၏၊ မိဘအိုးဘွား ဆရာသမားတို့ကို ဖူးမြော်သောအခါ၌လဲ မိဘအိုးဘွားဆရာသမားတို့၏ဂုဏ်ကျေးဇူးတို့ကို ဉာဏ်မျက်စိ၌ထင်လာမြင်လာအောင် ပြန်လည်တွေးဆအောင့်မေ့၍ဖူးမြော်တတ်ဖို့ လိုပါသည်။

မာန်လျှော့

မာန်တက်ခြင်းသည် မကောင်း၊ အလှမာန်တက်ခြင်း စည်းပွားဥစ္စာမာန်တက်ခြင်း အမျိုးမာန်တက်ခြင်း ပညာမာန်တက်ခြင်း ရာထူးဂုဏ်မာန်တက်ခြင်းစသည်အားဖြင့် မာန်တက်ခြင်း အမျိုးမျိုးရှိ၏၊ အချို့လူတို့သည် တနည်းမဟုတ် တနည်းအားဖြင့် မာန်တက်တတ်ကြကုန်၏၊ အမျိုးကောင်းသား ပညာများ ကြီးပွားချင်လျက် မာနဖျက်၊ မာန်မူတက်ကြ မောက်လွန်းကလည်း **အောက်ကျ** နောက်ဆုံးပါတကား၊ စသော လင်္ကာတို့သည် ပညာရှိတို့က မာန်တက်ခြင်းကြောင့် အကျိုးဆုတ်ယုတ်ပုံကို လင်္ကာစီ၍ ရေးသားခဲ့သော ဆုံးမစကားများဖြစ်ပါသည်။

မာန်တက်ခြင်းသည် ဤဘဝ၌လဲ မကောင်း၊ နောင်ဘဝ၌လဲ ကောင်းကျိုးမပေး၊ မာန်မာနသည် အဆိပ်နှင့်တူ၏၊ အဆိပ်ရှိသောမြွေသည် အဆိပ်ကြောင့်ပင် သေရသကဲ့သို့ မာန်မာနရှိသောသူသည်လဲ မာန်မာနကြောင့်ပင် တနေ့သော အခါ လူရာမဝင် မကြီးပွား၊ ကြီးပွားစေကာမူ ရေပွက်ပမာ ခဏသာဖြစ်ပါ၏၊သံကို သံချေးဖျက်၍ ပျက်သကဲ့သို့ မာနကြောင့်

http://www.dhammadownload.com

ပင် မာနရှင်မှာ ပျက်စီးရတက်ပါသည်၊ ထို့ကြောင့် ငါဟူသော မာန်ကိုလျှော့၍ ကန်တော့ပါ၏ ဟု ဆိုလိုပါသည်။

လက်အုပ်မိုး၍ ဦးညွှတ် အရိုအသေပြုခြင်း ပြုမိ ပြောင်မိ ပြစ်မှားမိသောကြောင့် ဝန်ချခြင်းသည်လဲ ကန်တော့သည်မည်ပါ၏၊ ကန်တော့ခြင်း အစဉ်အလာသည် မြန်မာ့ယဉ်ကျေးမှု တရပ်ဖြစ်ပါ၏၊ မိဖတို့က သားငယ် သမီးငယ်တို့အား အရို အသေပြုထိုက်သော ရတနာမြတ်သုံးပါး ဆရာသမား မိဖ အဖိုးအဖွားတို့ ရှေ့မှောက်၌ သွားလာစေသောအခါ ကန်တော့ ကန်တော့ဆိုပြီး ခေါင်းငုံ့သွား”ဟု သင်ပေးလေ့ ရှိပါ၏၊ အသက်ကြီးသူ အဖိုး အဖွား ဦးကြီး အဒေါ်တို့အား ကွမ်း ဆေး စသည်အပေးခိုင်းသောအခါ၌ ခေါင်းငုံ့ပြီး ကန်တော့ ကန်တော့ဆိုပြီးပေး ဟု သင်ပေးလေ့ရှိပါ၏။

အိမ်ရှေ့သို့ ဆွမ်းရပ်လာသော သံဃာအား လောင်းလှူစရာ ဆွမ်းစသည် မရှိသောအခါ လက်အုပ်မိုး၍ ရှိခိုးပြီးလျှင် “ကန်တော့ဆွမ်းပါ ဘုရား”ဟု ဆိုလေ့ရှိပါ၏၊ ဤကန်တော့ ကား လက်အုပ်မိုး၍ ရှိခိုးကန်တော့ခြင်းကိုပင် ဆွမ်းအဖြစ် တင်စား၍ လောင်းလှူခြင်းပင် ဖြစ်ပါ၏၊ ရဟန်းသံဃာတော် အရှင်မြတ်တို့ကလဲ “ကန်တော့ဆွမ်းပါ ဘုရား”ဟု ရှိခိုးလျှောက် သည်ကိုပင် ဆွမ်းကိုရသည်နှင့်အမျှ စိတ်ထဲက ဝမ်းမြောက် တော်မူကြလေသည်၊ (ပါရာဇိက-၌၊ ၂၉)။

ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာကို သက်ဝင်ကိုးကွယ်ကြသော ဗုဒ္ဓသာသနာဝင်တို့ ဖြစ်ကြသောကြောင့် ဗုဒ္ဓတရားတော်အရ အနန္တငါးပါးနှင့် အသက်သိက္ခာ ကြီးသူတို့အား ကိုယ်ဖြင့်၊

http://www.dhammadownload.com

နှုတ်ဖြင့်, စိတ်ဖြင့်လဲ, မပြစ်မှားမိအောင် စောင့်ထိမ်းကြရပါ၏၊ ဤသို့ မပြစ်မှားမိအောင် စောင့်ထိန်းသဖြင့် ကောင်းကျိုးပေးသလို မစောင့်ထိန်းပဲ ပြစ်မှားမိသဖြင့် မကောင်းကျိုးပေးသည်လဲ ရှိပါ၏၊ ငယ်ရွယ်သူတို့ကား မသိတတ်၍ အနန္တငါးပါးနှင့် အသက်သိက္ခာကြီးသူတို့အား ကိုယ်, နှုတ်, နှလုံး, တခုခုဖြင့် ပြစ်မှားတတ်ပါ၏၊ ထိုအခါ အပြစ်တို့မှ ပျောက်ရန် မာန်လျှော့၍ ဝန်ချကန်တော့ရပါသည်။

ထို့ကြောင့် ကန်တော့ဆိုတိုင်း အပြစ်ရှိ၍ ကန်တော့သည်ဟု မယူဆထိုက်ပါ၊ အလေးပြုထုံက်၍ ကန်တော့ခြင်း အပြစ်ရှိ၍ ဝန်ချကန်တော့ခြင်း ဟု နှစ်မျိုး မှတ်ယူထိုက်ပါသည်။

[သုဝဏ္ဏသျှံ မြွားပစ်ခန်း၌ (ဟံသာဝတီမူ ၁-၈၇)၌ မိဘကိုလဲ ကြည်ညိုလှစွာ ဝန္ဒနာဖြင့် မေတ္တာရစ်သွဲ့ ကန်တော့ခဲ့လျှင် ဟု လည်းကောင်း, ကိုးခန်း၌ နိဂုံး၌ စိတ်ကြမ်းမာန်လျှော့ ငါကန်တော့၏ ဟု လည်းကောင်း စပ်ဆိုထားပါ၏။]

ထို့ကြောင့် "အရိုအသေလက်အုပ်မိုး၍ ရှိခိုးပူဇော် ပူးမြော် မာန်လျှော့ကန်တော့ပါ၏" ဟု ဆိုပါသည်။

ဆုတောင်းနှင့် ဆုပေး

ဩကာသမူရင်း၌ "ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)" ဟူသော စာပိုဒ်၏ အောက်၌ (ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤမှာရပ်ပါ၊ ဆုပေးမည့်ပုဂ္ဂိုလ်မရှိ

http://www.dhammadownload.com

လျှင် အောက်ပါဆုတောင်းကို ဆက်ဆို၍ ဆုတောင်းပါ)ဟု လက်သီးကွင်း၍ အမှာရေးထားပါ၏၊ ဤအမှာကား အဖိုးတန်လှပါသည်၊ ဤအမှာသာမပါလျှင် ရှေးရိုးစဉ်လာအတိုင်း ကန်တော့ပြီးသည်နှင့် တပြိုင်နက် ကန်တော့ကျိုးဆုတောင်းကို တပါတည်း ဆက်၍ ဆိုကြပေမည်။

ဆုပေးမည့် ပုဂ္ဂိုလ်မရှိသော ဘုရားရှေ့၌ ကန်တော့ကျိုး ဆုတောင်းကို ဆက်၍ဆိုကြရာမှာ သင့်မြတ်သော်လဲ ဆုပေးမည့်ပုဂ္ဂိုလ်ရှေ့၌ ကန်တော့ကျိုးဆုတောင်းကို တပါတည်း ဆိုနေလျှင် မိမိတောင်းသည့် ဆုတောင်းကတမျိုး ဆုပေးပုဂ္ဂိုလ်က ပေးသည့် ဆုကတမျိုး ဖြစ်ဘတ်ပါသည်။

ဆုပေးတိုတိုနှင့် ရှည်ရှည်

တချို့ဆရာတော်များက ဆုတိုတိုပေးတတ်ပါ၏၊ တချို့ဆရာတော်များကမူ ဆုရှည်ရှည် ပေးတတ်ပါ၏၊ ကျွန်ုပ်တို့၏ ငယ်ဆရာဖြစ်တော်မူသော မိတ္ထီလာမြို့ ပန်းသွင်းကျောင်း ဆရာတော်ကြီးဦးသိန္ဓဝသည် "တောင်းတဲ့ဆုနှင့်ပြည့်စုံကြစေ"ဟု တိုတိုပေးတတ်ပါ၏၊ ယင်းဆရာတော်ကြီး ဆုပေးကား ဆုတောင်းကိုပါ တပါတည်းတောင်းလေ့ရှိသော ကန်တော့သူတို့အဖို့ သင့်တော်ပါသေး၏၊ ကျွန်ုပ်တို့ ရန်ကုန်ရောက်စ ၁၃၀၉ ခုနှစ်က ရွှေတိဂုံကုန်းတော် စေတီယင်္ဂဏာအသင်းတိုက် အရပ်ပူဇော်တပ်ဆင်ရေး တရားပွဲ၌ ဆရာတော်ကြီးတပါး ဆုပေးသည်မှာ ၄၅ မိနစ် ကြာပါ၏၊ နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်စုံလို့သာ နေပါတော့သည်၊

http://www.dhammadownload.com

ဆုပေးသည့် ကိစ္စနှင့်စပ်၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဤသို့ မိန့်ကြားတော်မူပါသည်၊

တချို့ဆရာတော်တွေ ဆုပေးကြတာ အကြာကြီးပဲ၊ တချို့နာရီဝက်လောက် ကြာတယ်၊ တချို့ဆိုယင် နာရီဝက်ကျော်တောင် မကဘူး၊ ဒကာတွေက "အရှင်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏" ဆိုဘို့ရာ လက်အုပ်ချီပြီး အကြာကြီး စောင့်နေကြရတယ်။

ဆရာတော်တွေကလဲ ဒီဩကာသလေးနဲ့ ကနေ့တော့ တာနဲ့ပဲ ဆုတွေပေးလိုက်တာ စုံလို့ပဲ၊ ပေးတိုင်းလဲ ရမှာ မဟုတ်ပါဘူးလို့ အောင်းမေ့မိတယ်၊ ဒကာဒကာမတွေ က သိလယ်ပို့ အလှူအတန်းလုပ်ဖို့ ရည်ရွယ်ပြီး ကန်တော့ ကြရမှာ ဘာကြောင့်ဆုတွေ ရှေရှေကြီး ပေးနေပါလိမ့် မတုံးလို့ စဉ်းစားမိလိမ့်မယ်။

ဆုတောင်းဆိုတာ လှူတဲ့အခါမှာ တောင်းလေ့ရှိကြ ပါတယ်၊ အဲဒီလို ဆုတောင်းတော့ ပစ္စေကဗုဒ္ဓါ အရှင် မြတ်များက "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" စသည်ဖြင့်ကိုလိုလားတောင်းတသည့်အတိုင်း ပြည့်စုံပါစေ လို့ ဆုကိုတိုတိုပဲ ပေးတော်မူကြပါတယ်၊ ရဟန္တာအရှင်မြတ်များကလဲ နည်းတူပင် တိုတိုပဲ ပေး လေ့ရှိကြပါတယ်၊ ရှိခိုးကန်တော့ရုံနဲ့တော့ ဆုတောင်း ဘာကို ပါဠိကျမ်းဂန်တွေထဲမှာ ထင်ရှားမတွေ့ရဘူး၊ သံကြားမင်း စသည်တို့က ရှိခိုးတဲ့အခါမှာ ဆုမတောင်း

http://www.dhammadownload.com

သော်လဲ မြတ်စွာဘုရားက သုခိဟောတု စသည်ဖြင့် ချမ်းသာပါစေလို့ တိုတိုပဲ ဆုပေးတာကို တွေ့ရပါတယ်၊ ဒါကြောင့် အရှည်ကြီး အများကြီး ဆုတွေကို ပေးဘို့တော့ လိုပုံမရပါဘူး၊ ဒါကြောင့် ဘုန်းကြီးတို့ကတော့ ကန်တော့ကျိုးဆုကို တိုတိုပေးလေ့ ရှိပါတယ်၊ ဒီ (သာသနာ့ရိပ်သာ)က ဦးပဉ္စင်းတွေကိုလဲ ဆုပေးတဲ့အခါ တိုတိုပဲ ပေးကြ၊ အရှည်ကြီး မပေးကြနဲ့ "တရားဟောတဲ့အခါကျမှပဲ အကျယ်ဟောကြလို့ ပြောထားရတယ်၊ (၁၃၃၄-ခုနှစ် သီတင်းကျွတ်လပြည့်နေ့ သီလပေးတရားမှ)

ကန်တော့ရသော ဤကောင်းမှု ကံစေတနာတို့ကြောင့်

အရိုအသေ လက်အုပ်မိုးပြီး ရှိခိုးတာ ပူဇော်တာ မာန်လျှော့တာ ကန်တော့တာ တို့သည် ကောင်းသောအမှုကိစ္စ ကောင်းသောအလုပ်တို့ ဖြစ်ပါ၏၊ ဤကောင်းသော အမှုကိစ္စ ကောင်းသော အလုပ်ကိစ္စတို့ကို ပြုလုပ်ရသော စေတနာတို့ကြောင့် ကောင်းကျိုးချမ်းသာတို့ကို ခံစားရနိုင်ပါ၏၊ သို့ဖြစ်၍ "ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်"ဟု ဆိုရခြင်း ဖြစ်ပါသည်။

စေတနာသည် ကံဖြစ်ပါ၏၊ ကံသည် စေတနာ ဖြစ်ပါ၏၊ ကံဆိုသည်ကား အလုပ် ဖြစ်ပါသည်၊ သို့ဖြစ်၍ အလုပ်သည် စေတနာ၊ စေတနာသည် အလုပ် ဟု ဆိုရလျှင် ပို၍ အဓိပ္ပါယ် ပေါက်လိမ့်မည် ထင်ပါသည်။

http://www.dhammadownload.com

ချို့ ကန်တော့ရသော ကောင်းမှုကံ စေတနာတည်းဟူသော အကြောင်းကြောင့် အပါယ်လေးပါး စသည်တို့မှ ကင်းလွတ်ရသည့်အကျိုး မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်တို့ကို လျင်မြန်စွာ ရနိုင်သည့်အကျိုးတို့ဖြစ်ပေါ် လာနိုင်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း ရှင်းလင်း မိန့်ကြားတော် မူပါသည်။

ကန်တော့ရသောကောင်းမှုကံစေတနာတို့ကြောင့်ဆိုတာကအမှန်ဆုံးပဲ၊တချို့က ကန်တော့ရသောအကြောင်းကြောင့်လို့ဆိုတယ်၊ တယ်နေရာမကျလှဘူး၊ အကြောင်းအားကြောင့် ဆိုတာလဲ တယ်နေရာ မကျဘူး၊ အဲဒါ ကောင်းအောင်လို့ ပြင်ထားတာပဲ၊ ဒါပေမဲ့ နေရာ မကျဘူး၊ များသော အားဖြင့် "အကျိုးအားကြောင့်" ရယ်လို့ ဒီလိုနှုတ်တက်နေကြတယ်၊

ရှိခိုးတာက မဟုတ်မှ မဟုတ်ပဲပဲ အကျိုးကြောင့် အကျိုးကို ကောင်းတတယ် ဆိုတာ မမှန်ဘူး၊ မြိတ်ခရိုင် ပုလောမြို့က ဒါယကာကြီး တယောက်က ဘုန်းကြီးသို့ စာရေးပြီး မေးလျှောက်ဖူးတယ်၊ သူကိုးကွယ်နေတဲ့ ဦး ပဥ္စင်းက မန္တလေးမှ စာသင်ပြီး ပြန်လာတော့၊ဒါယကာကြီးက "ရှိခိုးရသော အကျိုးအားဖြင့်" လို့ဆုတောင်းပဲ အခါ၊ အဲဒီ ဦးပဥ္စင်းက "ဒါယကာကြီး ရှိခိုးရသော

http://www.dhammadownload.com

အကျိုး အားဖြင့် ဆိုတာ မှားတယ်၊ ဒီလို မဆိုရဘူး၊ အကြောင်းအားဖြင့် ယင်လဲ ဆိုရမယ်၊ အကြောင်းအား ကြောင့် ယင်လဲ ဆိုရမယ်၊ အကျိုးကြောင့် အကျိုးကို ဆုတောင်းတယ် ဆိုတာ မဟုတ်နိုင်ဘူး၊ မှားတယ်''လို့ ပြောသတဲ့၊

ဒါယကာကြီးကလဲ စာပေ ဗဟုသုတ မရှိလေတော့ နားမလည်ရှာပေဘူး၊ ဗဟုသုတ မရှိတဲ့သူကို ပြောရတာ အခက်သားပဲ၊ သူ့ကို လှဲနေတယ် ဆိုတာ မကြိုက်ဘူး၊ ဦးပဥ္စင်းက ပြောတာ မှန်သင့်သလောက် အမှန်သားပဲ၊ ဒါပေမယ်လို့ သူက နှုတ်တက်နေတာ ကြားလှပြီဟာ ကိုး၊ သူက အသက်ကြီးပြီး၊ ဦးပဥ္စင်းက ငယ်သေး တော့ သူမယုံကြည်နိုင်အောင် ဖြစ်နေလို့ ဘုန်းကြီးထံ ကို သူ စာရေးတာ ဖြစ်ပါလိမ့်မယ်။

ဦးပဥ္စင်းက ဒီလို ပြောနေပါတယ် ဘုရား၊ အရှင် ဘုရားက အဆုံးအဖြတ်ပေးပါ ဆိုလို့ ဒီလို အဆုံးအဖြတ် ပေးလိုက်ရတယ်၊ ရှိခိုးရသော အကျိုးအားဖြင့် ဆိုတာ ကတော့ မသင့်ဘူး၊ ဘာကြောင့်လဲဆိုယင် ရှိခိုးတာက အကျိုး မဟုတ် သောကြောင့် မသင့်တာပါပဲ၊ ရှိခိုးရ ခြင်း၏ အကျိုးအားဖြင့်လို့ ဆိုယင်တော့ သင့်တော်ပါ တယ်။ ရှိခိုးရသော အကျိုးအားကြောင့်လို့ ဆိုယင်လဲ မှားတာပဲ၊ ဘာကြောင့်လဲ ဆိုယင် အကျိုးကြောင့် အကျိုးရတယ် ဆိုတာက အဓိပ္ပါယ် မရှိလို့ ပါဘဲ၊

http://www.dhammadownload.com

အကြောင်းကြောင့် အကျိုးရတယ် ဆိုတာက မှန်တယ်၊ "အကြောင်း အားကြောင့်" ဆိုတာကလဲ သိပ်ခနေရာ မကျဘူး။

ဤကောင်းမှု ကံ၏ အကျိုးအားဖြင့် ဘယ်လိုဟာတွေ လိုချင် ပါတယ် ဆိုယင်တော့ တော်ပါတယ်၊ အကောင်းဆုံးကတော့ ဘုန်းကြီးတို့ ပြင်ထားတဲ့ "ဩကာသ" ရှိတယ်၊ အဲဒီ ဩကာသမှာ "ဤကောင်းမှုကံ စေတနာ တို့ကြောင့်" လို့ ပြင်ထားတယ်၊ ဒါကတော့ မမှားနိုင်ပါဘူး။ ဘယ်သူမှ အပြစ်တင်စရာလဲ မရှိပါဘူး၊ စေတနာကြောင့် အကျိုးရမှာ ကေန်ပင် ဖြစ်ပါတယ်၊ လို့ ဘုန်းကြီးက စာရေး ပေးလိုက်ရ ပါတယ်၊ ဘုန်းကြီး ပြင်ထားတဲ့ "ဩကာသ မှုမှန် ဘုရားရှိခိုး ကန်တော့ခန်း" စာမူကိုလဲ ထည့်ပေးလိုက်ပါတယ်။

ဘုန်းကြီး ပြင်ပေးထားတဲ့ "ဒီဩကာသမှုမှန်ဘုရားရှိခိုး ကန်တော့ခန်း" မှာ မှုမှန်ဆိုတဲ့ စကားလုံးကို တချို့က မကြိုက်ကြဘူး၊ အကြောင်းကတော့ ဒီက "ဩကာသက မှုမှန်" ဆိုတော့ သူတပါး ဩကာသ တွေက မှု မမှန်ဘူး လို့နေတယ်၊ ဆိုတဲ့ အဓိပ္ပါယ်ရောက်နေလို့ တဲ့၊ ဘုန်းကြီးပြင်ပေးထားတဲ့ ဩကာသက အသေအချာ စိစစ်တကျ သဒ္ဒါရေးမှန်ကန်အောင် အဓိပ္ပါယ် ပြည့်စုံအောင် ပြင်ပေးထားတဲ့ ဩကာသဖြစ်လို့ "မှုမှန်ဘုရားရှိခိုး ကန်တော့ခန်း" လို့ ဆိုထားတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

သည့်ပြင်သြကာသတွေကဟိုရှေးကရေးခဲ့တဲ့သြကာသတွေပဲ၊ ပဌမစပြီး ရေးတုံးကတော့ မှန်ကြပါလိမ့်မယ်၊ အခုကြားကြားနေရတဲ့ သြကာသ တွေကတော့ သဒ္ဒါရေးအားဖြင့် မမှန်တာတွေပဲ များပါတယ်၊ အထူးအားဖြင့် အသက်ရှည်ခြင်း အစရှိသော ကောင်းကျိုးတွေကို ရစေနိုင်တဲ့ ကုသိုလ်ကောင်းမှု ဖြစ်စေရန်ဆိုတဲ့ လိုရင်း ရည်ရွယ်ချက် ကတော့ အများ သြကာသကန်တော့ခန်းတွေမှာ မပါပဲ၊ လိုနေတာချည်းပဲ ဘုန်းကြီး၏ သြကာသကန်တော့ခန်းမှာတော့ အဲဒီလိုရင်း ရည်ရွယ်ချက်လဲ ပြည့်စုံတယ်၊ သဒ္ဒါနည်း အားဖြင့်လဲ မှန်တယ်၊ ဒါကြောင့် ဘုန်းကြီးက "သြကာသမှုမှန်ဘုရားရှိခိုး ကန်တော့ခန်း" လို့ ခေါင်းစီးတတ်ထားတာ ဖြစ်ပါတယ် ဟု အမိန့် ရှိပါသည်။

အပါယ်လေးပါး

အပါယ်ဟူသော စကားသည် အပါယ ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကားဖြစ်ပါ၏။ (အပ- ကင်းသည်+ အယ - ချမ်းသာ = အပါယ - ချမ်းသာ ကင်းသည်) ချမ်းသာကင်းသော အရပ်ကို အပါယ်ဟု ခေါ်ပါသည်။

လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဟူသော ပြည့်စုံမှု (သမ္ပတ္တိ) သုံးချိုးမှ ကင်းသော အရပ်ကို ဆိုလို ပါသည်။

ဤအပါယ်အရပ်သို့ မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်သူတို့ ရောက်တတ် ပါသည်။ အပါယ် ကျမှာ ကြောက်လျှင်

http://www.dhammadownload.com

မကောင်းမှု ဒုစရိုက်ဘို့ကို မပြုလုပ်မိအောင် သတိပြုရန် ဖြစ်ပါသည်။

အပါယ် ၄-ပါးသည်

၁။ ငရဲ၊ ၂။ တိရိစ္ဆာန်၊ ၃။ ပြိတ္တာ၊ ၄။ အသုရာတို့ ဖြစ်၏။

၁။ ငရဲ (နိရယ=နိ+အယ) ချမ်းသာမရှိသော အရပ်။

ဤလူ့ပြည်မှ အောက်၌ ငရဲကြီးရှစ်ထပ် ရှိသည်ဆိုပါ၏၊ အထက်အောက် ထပ်လျက် တည်ရှိသဖြင့် ငရဲကြီး ရှစ်ထပ်ဟု ခေါ်သည် ဆိုပါ၏။

ငရဲကြီး ရှစ်ထပ်

(၁) သိဉ္စိုးပ်ငရဲ၊ (၂) ကာဠသုတ်ငရဲ၊ (၃) သံဃာတငရဲ၊ (၄) ရောရုဝငရဲ၊ (၅) မဟာရောရုဝငရဲ၊ (၆) တာပနငရဲ၊ (၇) မဟာတာပနငရဲ၊ (၈) အဝီစိငရဲ။

ဤငရဲကြီး ရှစ်ထပ် တွင်သည်း တထပ်တထပ်၌ ငရဲငယ် ငါးထပ် ရံလျက်ရှိသည်ဟု ဆိုပါသေးသည်။

(သင်္ဂဟအဋ္ဌကထာဝိဘာဝိနီမှတ်ပိုင်းရှုပါ)

၂။ တိရိစ္ဆာန်

တိရိစ္ဆာန် ဟူသော စကားမှာ တိရိစ္ဆာန ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကားဖြစ်ပါ၏၊ ဖီလာအလျား လိုက် သွားတတ်သော သတ္တဝါကို တိရိစ္ဆာန်ဟု ခေါ်ပါသည်၊ တိရိစ္ဆာန်သည် လူတို့ကဲ့သို့ မတ်မတ် မသွားတတ်ပါ၊ အလျား

လိုက်သော သွားတတ်ပါ၏၊ တိရိစ္ဆာန်တို့ နေရန်ဘုံ သီးခြား မရှိပါ၊ တိရိစ္ဆာန်အများ စုဝေးရာ နေထိုင်ရာ အရပ်ကိုပင် တိရိစ္ဆာန်ဘုံဟု ခေါ်ကြပါ၏၊ ထိုတိရိစ္ဆာန်တို့သည် ခြေထောက် မရှိသော မြွေစသော သတ္တဝါ အမျိုးမျိုး၊ ခြေထောက် နှစ်ချောင်းရှိသော ငှက်စသော သတ္တဝါအမျိုးမျိုး၊ ခြေထောက် လေးချောင်းရှိသော ကျွဲ-နွားစသော သတ္တဝါ အမျိုးမျိုး၊ ခြေထောက် များစွာရှိသော ကင်းခြေများ စသော သတ္တဝါ အမျိုးမျိုးတို့ ဖြစ်ပါသည်။

၃။ ပြိတ္တာ

ပြိတ္တာသည် ပေတဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကားဖြစ်ပါသည်။

ချမ်းသာအပေါင်းမှ ဝေးသော အရပ်သို့ ရောက်နေသော သတ္တဝါကို ပြိတ္တာ(ပိတ္တာ)ဟု ခေါ်ပါသည်။

ပြိတ္တာတို့နေရာ ဘုံသီးခြားမရှိ၊ ပြိတ္တာတို့ နေရာဖြစ်သော တောတောင် မြစ်ချောင်း သုသာန်စသော အရပ်များကိုပင် ပြိတ္တာဘုံဟု ခေါ်ကြ၏၊ ဤပြိတ္တာတို့ကို ဟဗ္ဗေမင်စာ စသည်အားဖြင့် အမည်အမျိုးမျိုး တတ်၍ ခေါ်ကြသေး၏၊ အချို့ ပြိတ္တာတို့မှာ နှစ်ပေါင်း များစွာပင် မစားရ မသောက်ရပဲ ငတ်မွတ် နေကြ၏၊ အချို့ ပြိတ္တာတို့မှာ လူတို့၏ စားကြွင်း ထမင်းလုံး, ဟင်းပေါက်, သလိပ်, ပြည်, တံတွေး, မစင် စသည်တို့ကိုသာ စားကြရလေ၏ဟု ဆိုပါသည်။

(ပေတဝတ္ထုနှင့် လက္ခဏသံယုတ်တို့ကို ရှုပါကုန်)

http://www.dhammadownload.com

၄။ အသူရကာယ်

အသူရာသည် အသုရဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကား ဖြစ်ပါသည်။

အစိုးရမှု, မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် နတ်တို့ကဲ့သို့ မတောက်ပနိုင်သော သတ္တဝါတို့ကို အသူရာဟု ခေါ်ပါသည်၊ အသူရာတို့ကား ဘုံသီးခြားမရှိပါ၊ ပြိတ္တာမျိုးပင် ဖြစ်သည်ဟု ဆိုပါ၏၊ အသူရာအပေါင်း၏ နေရာအရပ်ကိုပင် အသူရကာယ် ဘုံ ဟု ခေါ်သည် ဆိုပါ၏၊ ထို့ကြောင့် အချို့ပါဠိတော်တို့၌ စက္ကာရေအပါယာ-အပါယ် ၄-ပုံဟု မဆိုပဲ တယော အပါယာ အပါယ် ၃-ပုံဟုသာ ဆိုကြောင်း သိရပါသည်။

မြင့်မိုရ်တောင်ခြေ၌ နေသော နတ်တို့ကိုလဲ အသူရာဟု ခေါ်ကြောင်း ဤ၌အ-သဒ္ဒါ ဆန့်ကျင်ဖက် အနက်ယူ၍ တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဖက် အသူရာနတ်များ ဟု ဆိုပါ၏၊ ထို့အပြင်လဲ တခါတရံ၌ နတ်တို့ကဲ့သို့ စည်းစိမ်ခံစား၍ တခါ တရံ၌ ပြိတ္တာတို့ကဲ့သို့ ဒုက္ခခံရသော ဝေမာနိက ပြိတ္တာမျိုး အသူရာတို့လဲ ရှိသေးကြောင်း ကျမ်းဂန်တို့၌ ဖွင့်ဆိုပါသေးသည်။

ကပ်သုံးပါး

ကပ်သည် ကပ္ပ ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကားဖြစ်ပါ၏၊ ပျက်စီးခြင်းကိုပင် ကပ် ဟူ ခေါ်ပါ၏၊ (၁) ကမ္ဘာကြီးတခုလုံး ပျက်စီးခြင်း၊ (၂) ကမ္ဘာကြီးတခုလုံး မပျက်စီးသော်လဲ ကြားကာလ၌ လူတို့တရားကင်းမဲ့ကြ၍ အသေဆိုးနှင့် သေရပြီး ပျက်စီးခြင်း ဟု နှစ်မျိုးရှိလေသည်။

http://www.dhammadownload.com

ဤနေရာ၌ ကမ္ဘာကြီးတခုလုံး မပျက်စီးသေးသော်လည်း ကြားကာလ၌ လူတို့တရားကင်းမဲ့ကြ၍ အသေဆိုး သေရခြင်းကိုပင် ကပ်ဟု ဆိုလိုပါ၏၊ "ဘယ်တိုင်းပြည် ဘယ်နိုင်ငံ၌ ဘယ်လိုကပ်မျိုး ဆိုက်လို့ လူတွေသေလိုက်ကြတာ အလွန်ပဲ" ဟု ပြောလေ့ရှိသော ကပ်မျိုးကို ဆိုလိုပါသည်။

ထိုကပ်သည်

(၁) သတ္ထန္တရကပ် (၂) ရောဂန္တရကပ် (၃) ဒုဗ္ဘိက္ခန္တရကပ် ဟူ၍ သုံးမျိုးရှိလေသည်။

ထိုသုံးမျိုးတို့တွင် (၁) ဒါး, လှံ, လေး, မြား, အမြောက်, စိန်ပြောင်း, အနုမြူ ဗုံး, ဒုံးပျံ စသည့် လက်နက်တို့ကြောင့် ပျက်စီးသေကြေကြရခြင်းသည် သတ္ထန္တရကပ်ဆိုက်သည် မည်ပါသည်။

(၂) ပလိပ်ရောဂါ, ဝမ်းရောဂါ, ကျောက်ရောဂါ, တုတ်ကွေးရောဂါ စသည့် တခါတရံ၌ ပေါ်လာတတ်သော ရောဂါကြီးတို့ကြောင့် သေကြေကြရခြင်းသည် ရောဂန္တရကပ် ဆိုက်သည် မည်ပါသည်။

(၃) ရေဘေးသင့်၍လည်း, မီးဘေးသင့်၍လည်း, မိုးခေါင်၍လည်း, အစာရေစာ ရှားပါးကာ မြို့နယ်အနှံ့ ငတ်မွတ်ခေါင်းပါး သေကြေပျက်စီးကြရခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည် မည်ပါသည်၊ (ဒီ-ဋ္ဌ၊ ၃-၃၈)

လူတို့သည် ဒေါသတရား ဖုံးလွှမ်းသောအခါ သတ္ထန္တရကပ် ဆိုက်တတ်ပါ၏၊ မောဟတရား ဖုံးလွှမ်းသောအခါ ရော

http://www.dhammadownload.com

ဂန္တရကပ် ဆိုက်တတ်ပါ၏၊ လောဘတရား ဖုံးလွှမ်းသောအခါ ဒုဘိက္ခန္တရကပ်ဆိုက်တတ်ပါ၏ဟု ဆိုပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သတ္ထန္တရကပ်နှင့် မတွေ့ရအောင် မကြုံရအောင် ဒေါသကို သိမ်းဆည်းဖို့ လိုပါ၏။ ရောဂန္တရကပ်နှင့် မတွေ့ရအောင် မကြုံရအောင် မောဟ ဖယ်ရှားတရား ရှုမှတ်ဖို့ လိုပါ၏။ ဒုဘိက္ခန္တရ ကပ်နှင့် မတွေ့ရ မကြုံရအောင် အရာရာ၌ လောဘ သိမ်းဆည်းဖို့ လိုပါသည်။

ရပ်ပြစ်ရှစ်ပါး

အပြစ်ရှိသော အရပ်ကို ရပ်ပြစ်ဟု ခေါ်ပါ၏၊ တရားကျင့်သုံး ရှုမှတ်ခွင့် မရသော ခဏ (၈) ပါးဟုလဲ ခေါ်ပါ၏၊ ဤရပ်ပြစ်ရှစ်ပါးကား ဆိုးဆိုးဝါးဝါး အပြစ်တော့ မဟုတ်ပါ၊ ဤရပ်ပြစ်ရှစ်ပါး၌ ဖြစ်ကြရသူတို့သည် မဂ်ဖိုလ်ရအောင် တရားအားထုတ်ခွင့် ခဏကောင်း မရသောကြောင့်သာ ရပ်ပြစ်ဟု ခေါ်သည်ဟု ဆိုပါသည်။

ရပ်ပြစ်ရှစ်ပါး

၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပဘုံ

ဤ (အသညသတ်နှင့် အရူပ ဘုံ)နှစ်ဘုံ၌ရောက်နေကြကုန်သော ဗြဟ္မာတို့သည် လွန်စွာ အသက်ရှည်ကြကုန်၏၊ အသညသတ် ဗြဟ္မာတို့၌ ခန္ဓာကိုယ်သာရှိ၍ စိတ်ဝိညာဉ် မရှိ၊ အရူပ

http://www.dhammadownload.com

ဗြဟ္မာတို့၌ စိတ်ဝိညာဉ်သာ ရှိ၍ ခန္ဓာကိုယ်မရှိ၊ ထို့ကြောင့် ထိုဗြဟ္မာနှစ်မျိုးတို့သည် ဘုရားပွင့်သောအခါ တရား မနာ နိုင်ကြရသောကြောင့် ယင်းတို့စံရာ ဘုံကို အပြစ်ရှိသော အရပ်၌ ထည့်၍ ရေတွက်ရလေသည်။

၅။ ပစ္စန္တရာဇ်အရပ်။

ဗုဒ္ဓမြတ်ဘုရားနှင့် ရဟန်းသံဃာ မရောက်သောအရပ် (ဝါ) သာသနာ၏ အစွန် အဖြား ပြင်ပအရပ်၌ ရောက်နေကြရလူဖြစ်ကြရသော သူတို့မှာလဲ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားကို မကြားနာရ မကျင့်သုံး မရှုမှတ် ကြရသောကြောင့် ထိုပစ္စန္တရာဇ်အရပ်၌ ထည့်၍ ရေတွက်ရလေသည်။

၆။ မိစ္ဆာဒိဋ္ဌိ

ဘုရားပွင့်ဆဲအခါ ဘုရားသာသနာ ထွန်းလင်းဆဲ အခါနှင့်ကြုံကြိုက်ပါသော်လဲ အယူမှားနေသူ (မိစ္ဆာဒိဋ္ဌိ) တို့ အဖို့မှာ မဂ်ဖိုလ်နှင့် ဝေးသောကြောင့် ထိုသူတို့သည် အပြစ်ရှိသော အရပ်အဖြစ်ထည့်၍ ရေတွက်ရလေသည်။

၇။ အသိဉာဏ်မဲ့သူများ

ဘုရားပွင့်ဆဲအခါ ဘုရားသာသနာ ထွန်းလင်းဆဲ အခါနှင့် ကြုံကြိုက်ပါသော်လဲ မဂ်ဖိုလ်ရကြောင်း တရားကို နားလည်လောက်သော အသိဉာဏ် မဲ့နေသောကြောင့် ထိုသူတို့သည် အပြစ်ရှိသော အရပ်၌ ရောက်နေ သူတို့နှင့် တူသည်ဖြစ်၍ အပြစ်ရှိသော အရပ်၌ ထည့်၍ ရေတွက်ရလေသည်။ (ဤ ၆-

http://www.dhammadownload.com

၇-ဤမှာ အရပ်ဟု သုံးစွဲရသော်လဲ အရပ်၏ အပြစ်တော့မဟုတ်ပါ၊ စင်စစ်မှာပုဂ္ဂိုလ်၏ အပြစ်သာ ဖြစ်ပါသည်။)

၈။ အသိဥာဏ်ရှိ ပုဂ္ဂိုလ်များ

မဂ်ဖိုလ်ရနိုင်လောက်သော အသိဥာဏ် ရှိပါသော်လဲ ဘုရားမပွင့်သောအခါ လူဖြစ်လာကြရသူတို့မှာ မဂ်ဖိုလ်နှင့် ဝေးသောကြောင့် ယင်းတို့အဘို့ရာ၌လဲ အပြစ်ရှိသောအရပ်၌ ထည့်၍ ရေတွက်ရလေသည်။

ရပ်ပြစ်ရှစ်ပါးလက်ာ=ဘုရားပွင့်ခါ၊ ပယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လပ်ပစ္စန်၊ မိစ္ဆာဥာဏ်ရှိ၊ ဥာဏ်မရှိသား၊ ဥာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ကျွန်းဂန်လှစ်၏။(ဒီ-၃၊၂၁၉)

ရန်သူမျိုးငါးပါး

ဘေးအန္တရာယ်ကို ဖြစ်စေတတ်သော အရာဝတ္ထုကို ရန်သူဟု ခေါ်၏။

၁။ ရေ ၂။ မီး ၃။ သူခိုး ၄။ အမွေခံသားဆိုး သမီးဆိုး ၅။ မင်းဆိုး။

ရေသည် လူတို့၏ အသုံးအဆောင် မိတ်ဆွေလဲမည်၏၊ လူတို့၏ အသက်စည်းစိမ်ကို အန္တရာယ်ပြုတတ်သော ရန်သူလဲမည်၏၊ ဤ၌ အန္တရာယ်ပြုတတ်သော ရေကိုယူပါ။

၂။ မီးသည် လူတို့၏ အသုံးအဆောင် မိတ်ဆွေလဲမည်၏၊ လူတို့၏ အသက်စည်းစိမ်ကို အန္တရာယ်ပြုတတ်သော ရန်သူလဲမည်၏၊ ဤ၌ အန္တရာယ်ပြုတတ်သော မီးကိုယူပါ။

၃။ သူခိုး ဓားပြတို့သည် လူတို့၏ အသက် စည်းစိမ်ကို အန္တရာယ်ပြုတတ်သော ရန်သူမည်၏။

၄။ မိဖစကားကို နားထောင်သော သားလိမ္မာ သမီးလိမ္မာလဲ ရှိ၏၊ မိဖစကားကို နားမထောင်သော သားဆိုး သမီးဆိုးလဲ ရှိ၏။ ဤ၌ မိဖစကားကိုနားမထောင်သော သားဆိုး၊ သမီးဆိုး၊ အမွေခံ အမွေစားသားဆိုး၊ သမီးဆိုးတို့ကို ယူပါ။

၅။ တိုင်းပြည်သာယာဝပြောအောင် တိုင်းသူ ပြည်သားနှလုံးစိတ်ဝမ်းအေးချမ်းအောင် အုပ်ချုပ်သောမင်းနှင့် တိုင်းပြည်နှင့်လူမျိုး ဆုတ်ယုတ်ပျက်ပြားအောင် ပြုလုပ်တတ်သော သူပုန် ဓားပြစသော မင်းတို့တွင် တခါဘရံသာ တွေ့ရတတ်သော တိုင်းပြည်နှင့် လူမျိုး ဆုတ်ယုတ်ပျက်ပြားအောင် ပြုလုပ်တတ်သည့် သူပုန် ဓားပြမင်းကိုသာယူပါ။

ရန်သူမျိုးငါးပါးလင်္ကာ ရေ၊ မီး၊ သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ဤငါးပါး မှတ်သား ရန်သူတည်း)။

(သံ-ပါ-၁-၉၀။ အံ-ပါ-၂-၂၂၆)

ဝိပတ္တိတရားလေးပါး

ဝိပတ္တိ မပြည့်စုံခြင်း(ဝါ)ချို့တဲ့ခြင်း

၁။ ဂတိဝိပတ္တိ - ရောက်ရာ (ဂတိ) အရပ် ချို့တဲ့ခြင်း၊ အပါယ်လေးဘုံ၌ ရောက်သောသူသည် ဂတိချို့တဲ့သူ(ဝါ) ရောက်ရာအရပ်ချို့တဲ့သူ မည်ပါသည်။

(ဂတိဝိပတ္တိတိ ဝိပန္နဂတိ၊ စတ္တာရော အပါယာ)

http://www.dhammadownload.com

၂။ ဥပဓိဝိပတ္တိ-ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊ အလှန်အရုပ်ဆိုးသူ အင်္ဂါဘခုခု ချို့တဲ့သူသည် ရုပ်ဆင်းအင်္ဂါ ချို့တဲ့သူမည်ပါသည်။

(ဥပဓိဝိပတ္တိတိ-ဟီန-အတ္တဘာဝတာ)

၃။ ကာလဝိပတ္တိ-အခါချို့တဲ့ခြင်း အခါမကောင်းခြင်း၊ မင်းဆိုး မင်းယုတ်(သူပုန်)တို့ အုပ်ချုပ်သောအခါ လူဆိုးသူဆိုးတို့ ကြီးစိုးသောအခါသည် အခါချို့တဲ့ခြင်း အခါမကောင်းခြင်းမည်ပါသည်၊ သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿ သူပုန်ဘေးကြီးဆိုက်ရောက်စဉ်က အခါမျိုးကိုဆိုလိုပါသည်။

(ကာလဝိပတ္တီတိ ဒုရာဇ ဒုမနုဿ ကာလသင်္ခါတော ဝိပန္နကာလော)

၄။ ပယောဂဝိပတ္တိ-လုံ့လ(ဝီရိယ)ချို့ခြင်း(ဝါ)လုံ့ဝီရိယမှားခြင်း(ဝါ) မှားသော လုံ့လ(ဝီရိယ)ဖြစ်ခြင်း။

(ပယောဂါဝိပတ္တီတိ မိစ္ဆာပယောဂေါ)

သမ္မောဟ ဋ္ဌ-၄၂၁)

ဝိပတ္တိလက်ာ-(ကာလဂတိ၊ ဥပဓိနှင့်မည်ရှိပယောဂ၊ ဤလေးဝ၊ မှဘ်ကြဝိပတ္တိ၊ မပြည့်စုံခြင်း၊ ချို့တဲ့ခြင်း၊ နက်ရင်း၊ ဝိပတ္တိ)

ဗျသနတရားငါးပါး

ဉာတိဗျသန-ဆွေမျိုးသား ချင်းတို့ ပျက်စီးခြင်း။

ဘောဂဗျသန-ဉီးပွားဥစ္စာပျက်စီးခြင်း။

ရောဂဗျသန-အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း။

http://www.dhammadownload.com

ဒိဋ္ဌိဗျသန-မှားယွင်းသော အယူကိုယူမိ၍ ပျက်စီးခြင်း။
သီလဗျသန-စောင့်ထိမ်းအပ်သော သီလပျက်၍ပျက်စီးခြင်း။
(ဗျသနသုတ်=အံ-ပါ၊ ၂-၁၂၉)

ဗျသနလင်္ကာ-(ဉာတိဘောဂ၊ ရောဂ ဒိဋ္ဌိ၊ သီလထည့်၊ ငါးရှိ ဗျသန၊ ပျက်စီးလေက၊ ဗျသန၊ မှတ်ကြ အနက်ပြ)

အနာမျိုးကိုးဆဲ့ခြောက်ပါး

၁။ မျက်စိ၌ ဖြစ်သောအနာ
၂။ နားတွင်း၌ ဖြစ်သောအနာ
၃။ နှာခေါင်း၌ ဖြစ်သောအနာ
၄။ လျှာ၌ ဖြစ်သောအနာ
၅။ ကိုယ်၌ ဖြစ်သောအနာ
၆။ ဦးကျွောင်း၌ ဖြစ်သောအနာ
၇။ နားရွက်၌ ဖြစ်သောအနာ
၈။ ခံတွင်း၌ ဖြစ်သောအနာ
၉။ သွား၌ ဖြစ်သောအနာ
၁၀။ ချောင်းဆိုးနာ
၁၁။ ကြို့ထိုးနာ
၁၂။ နှာခေါင်းအပြင်၌ ဖြစ်သောအနာ
၁၃။ ကိုယ်တွင်း၌ ဖြစ်သောအနာ
၁၄။ ဖျားသောအနာ
၁၅။ ဝမ်း၌ ဖြစ်သောအနာ

http://www.dhammadownload.com

၁၆။ တွေဝေမေ့မောစေတတ်သောအနာ
၁၇။ သွေးကို သွန်စေတတ်သောအနာ
၁၈။ ထိုးကျင့်စေတတ်သော ဝမ်းလေနာ
၁၉။ ဝမ်းလျှော လွန်သောအနာ
၂၀။ နူနာ
၂၁။ အိုင်း မြင်း ဖု စသောအနာ
၂၂။ ညှင်း တင်းတိတ်နာ
၂၃။ ပန်းနာ ကုတ်ဟိုး အဆုတ်နာ
၂၄။ ဝက်ရူး ကြက်ရူးနာ
၂၅။ ပွေးနာ
၂၆။ ဝဲခြောက်နာ (ဝဲငယ်)
၂၇။ ဝဲစိုနာ(ဝဲကြီး)
၂၈။ ခြေသီး လက်သီး တို့ဖြင့် ခြစ်မိရာမှ ဖြစ်သောအနာ
၂၉။ ခြေဖဝါး လက်ဖဝါး ကွဲအက်သောအနာ
၃၀။ သွေးသည်းခြေနာ
၃၁။ ဆီးချိုနာ
၃၂။ ရိဖြူ ရိနီနာ
၃၃။ ထွတ်မြင်းနာ=ဖောရောင်နာ
၃၄။ ဂဏ္ဍလိန္ဓာ ဘင်နာ ဘဂန္ဒလ်နာ

ဤအနာ ၃၄ မျိုးတွင် ၂၄-ဝက်ရူး ကြက်ရူးနာနှင့်၊ ၂၈ ခြေသီးလက်သီး တို့ဖြင့် ခြစ်မိရာမှ ဖြစ်သောအနာ ၂ မျိုးတို့မှ တပါးသော အနာ ၃၂ မျိုးတို့သည် လေ,သည်းခြေ သလိပ်တို့ ကြောင့်ဖြစ်သော အနာတို့ဖြစ်ပါ၏၊ ထို့ကြောင့်....

http://www.dhammadownload.com

သည်းခြေနှာ	၃၂	ပါး
လေနှာ	၃၂	ပါး
သလိပ်နှာ	၃၂	ပါး

ပေါင်းအနာမျိုး (၉၆)ပါးဖြစ်၏။

၂၄ နှင့် ၂၈ အနာတို့ကိုပါထည့်၍ ရေတွက်ပါလျှင်- အနာမျိုး ၉၈) ပါးဖြစ်ပါ၏၊ ဤသြကာသမှုမှန် ရှိခိုးကန်တော့ ခန်း၌မူ ၉၆ ပါးသာ ယူရန်ဖြစ်ပါသည်။

(အံ့ ၁၀-ပါ ၃၄၃၊ ဋ္ဌ-၃၁၇)

မိစ္ဆာဒိဋ္ဌိခြောက်ဆယ်နှစ်ပါး

မိစ္ဆာ = မှားယွင်းသော+ဒိဋ္ဌိ = အယူဝါဒ

အယူမှားဝါဒ ၆၂ပါးကို မိစ္ဆာဒိဋ္ဌိ ၆၂ပါးဟု ခေါ်ပါ၏။

ယင်းမိစ္ဆာဒိဋ္ဌိ ၆၂ ပါးကို အကျဉ်းအားဖြင့်ရေတွက်လျှင်- ရှေးအတိတ် အကြောင်းအရာတို့ကို ကြံတွေးသော ဝါဒ (ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ) ၁၈ ပါး။

နောင်ရေးကို ကြံတွေးသော ဝါဒ (အပရန္တကပ္ပိကဒိဋ္ဌိ) -၄၄-ပါး။

ပေါင်း ၆၂-ပါး ဖြစ်၏။

http://www.dhammadownload.com

ရှေး အတိတ် အကြောင်းအရာတို့ကို ကြံတွေးသော ဝါဒ (ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ) ၁၈ပါးမှာ....

အတ္တသည် မြဲ၏ဟူသော ဝါဒ(သဿတဒိဋ္ဌိ) ၄ ပါး

တချို့အတ္တသည် မြဲ၏ တချို့အတ္တသည် မမြဲ ဟူသောဝါဒ (ဧကစ္စသဿတဒိဋ္ဌိ) ၄ ပါး

အတ္တကို အဆုံးအပိုင်းအခြား ရှိ မရှိနှင့် စပ်၍ ယူသောဝါဒ (အန္တာနန္တဒိဋ္ဌိ) ၄ ပါး

ပြဿနာ အမေးခံရလျှင် မပြီးပြတ်နိုင်အောင် စကားဖြင့် ရှောင်လွှဲပယ်ရှားသောဝါဒ (အမရာဝိက္ခေပဒိဋ္ဌိ) ၄ ပါး

အတ္တဖြစ်ရန် အကြောင်းမရှိ ဖြစ်ချင်သလိုဖြစ်၏ ဟူသော ဝါဒ (အဓိစ္စသမုပ္ပန္နဒိဋ္ဌိ) ၂ ပါး

ပေါင်း ၁၈ ပါး။

နောင်ရေးကို ကြံတွေးသောဝါဒ(အပရန္တကပ္ပိကဒိဋ္ဌိ)၄၄ပါးမှာ

သေပြီးနောက် သညာရှိ၏ဟူသော ဝါဒ (ဥဒ္ဓမာဃာတနိကသညီ ဒိဋ္ဌိ) ၁၆-ပါး

သေပြီးနောက် သညာမရှိဟူသော ဝါဒ (ဥဒ္ဓမာဃာတနိကအသညီ ဒိဋ္ဌိ) ၈-ပါး

သေပြီးနောက် သညာရှိ၊ မရှိ၊ နှစ်မျိုးလုံးယူသော ဝါဒ (ဥဒ္ဓမာဃာတနိကနေဝသညီနာသညီဒိဋ္ဌိ) ၈-ပါး

သေလျှင်ပြီး၏ ပြတ်၏ဟူသော ဝါဒ (ဥစ္ဆေဒဒိဋ္ဌိ) ၇-ပါး

အတ္တသည် လောကီနိဗ္ဗာန် လက်တွေ့ခံစားရ၏ဟူသော ဝါဒ (ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ) ၅-ပါး

ပေါင်း ၄၄-ပါး

http://www.dhammadownload.com

အမှာ- မိစ္ဆာဒိဋ္ဌိ ၆၂ ပါးကို စာအုပ်တအုပ် သတ်သတ် ရေးပါမှသာ အပြည့်အစုံ နားလည်နိုင်ပါလိမ့်မည်၊ ဤသြကာသအဖွင့်၌ အကျဉ်းမျှသာ ပြနိုင်ပါ၏၊ အကျယ်ကြည့်လိုမူ ဒီဃနိကာယ် သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ ကြည့်ကြပါကုန်။

မဂ်တရား၊ ဖိုလ်တရား

မဂ်တရားသည် ၄ ပါးရှိ၏။

၁၊ သောတာပတ္တိမဂ် = အရိယမဂ် တည်းဟူသော အယဉ်သို့ ရောက်သောလမ်း၊

၂။ သကဒါဂါမိမဂ် = လူ့ပြည်သို့ တကြိမ်ပြန်လာသော လမ်း၊

၃။ အနာဂါမိမဂ် = လူ့ပြည်သို့ ပြန်မလာတော့သောလမ်း၊

၄။ အရဟတ္တမဂ် = ရဟန္တာအဖြစ်သို့ ရောက်ကြောင်းလမ်း၊

၁။ သောတာပတ္တိမဂ်သည် အောက်ပါ သံယောဇဉ် ၄ ပါးကို ပယ်၏၊

(၁) ဒိဋ္ဌိ = ရုပ်နာမ်အစုကို ငါသူတပါးစသည် အထင်မှားမှု၊

(၂) ဝိစိကိစ္ဆာ = ရတနာသုံးပါးအပေါ်၌ စစ်မှ စစ်ပါ လေ့ရဲ့လားဟု ယုံမှားမှု၊

(၃) သီလဗ္ဗတပရာမာသ = သဒ္ဓါတရား၊ မဂ္ဂင်တရား မပါသော အကျင့်မှားဖြင့် ချမ်းသာရလိမ့်မည်ဟု ကျင့်မှု၊

http://www.dhammadownload.com

(၄) ဣဿာ= သူတပါးကြီးပွားတာကို မနာလိုမှု၊
(၅) မစ္ဆရိယ = သူတပါးတို့ မိမိကဲ့သို့ ကောင်းစားမည်ကို ဝန်တိုမှု၊
(ဒိ-ဝိ-သိ-ဣ၊ မစ္ဆရိ၊ မရှိမြတ်သောတာ)

၂။ သက္ကဒါဂါမိမဂ်သည် ယုန့်ရှင်းသော ကာမရာဂ ပဋိဃ သံယောဇဉ်တို့ကို ပယ်၏။

၃။ အနာဂါမိမဂ်သည် သိမ်မွေ့သော အောက်ပါသံယောဇဉ်နှစ်ပါးကို ပယ်၏။
(၁) ကာမရာဂ=ကာမဂုဏ်၌ တပ်မက်မှု၊
(၂) ပဋိဃ = စိတ်ဆိုးမှု၊
(ကာမ ရာဂ၊ ပဋိဃ၊ကင်းပအနာဂါမ်)

၄။ အရဟတ္တမဂ်သည် အောက်ပါသံယောဇဉ် သုံးပါးကို ပယ်၏။
(၁) ဘဝရာဂ = ဘဝသုံးပါး၌ တတ်မက်မှု၊
(၂) မာန = ထောင်လွှားမှု၊
(၃) အဝိဇ္ဇာ = သစ္စာလေးပါးကို မသိမှု၊
(ဘဝ မာနာ၊ အဝိဇ္ဇာ၊ကင်းကွာအရဟံ)

ဖိုလ်တရားသည် ၄-ပါး ရှိ၏။
၁။ သောတာပတ္တိဖိုလ်
၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ်
၄။ အရဟတ္တဖိုလ်

http://www.dhammadownload.com

သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုလဲ အခါမလင့်ရတော့၏၊ သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်ကို သိမြင်ပြီး ရပြီးသော ပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်၏၊ သောတာပန် အရိယာပုဂ္ဂိုလ်၌ (၁)ဒိဋ္ဌိ(၂)ဝိစိကိစ္ဆာ (၃) သီလဗ္ဗတပရာမာသ (၄) ဣဿာ (၅) မစ္ဆရိယသံယောဇဉ် ငါးပါးမရှိတော့ ပြတ်သွားပြီး ဖြစ်၏။

သကဒါဂါမိမဂ်ကိုရသော ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုလဲ အခါမလင့်ရတော့၏ သကဒါဂါမိမဂ်နှင့် သကဒါဂါမိဖိုလ်ကိုရသော အရိယာ ပုဂ္ဂိုလ်ကို သကဒါဂါမ်ဟု ခေါ်၏၊ သကဒါဂါမ်အရိယာ ပုဂ္ဂိုလ်၌ ရုန့်ရင်းသော ကာမရာဂ-ပဋိဃ သံယောဇဉ်တို့ကိုပယ်ပြီး ဖြစ်၏။

အနာဂါမိမဂ်ကိုရသော ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုလဲ အခါမလင့်ရတော့၏၊ အနာဂါမိမဂ်နှင့် အနာဂါမိဖိုလ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်ကို အနာဂါမ်ဟု ခေါ်၏၊ အနာဂါမ် အရိယာ၌ သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃသံယောဇဉ်နှစ်ပါး မရှိတော့၊ ပြတ်သွားပြီးဖြစ်၏။

အရဟတ္တမဂ်ကိုရသော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုလဲ အခါမလင့်ရတော့၏၊ အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်၏၊ ရဟန္တာအရိယာ၌ (၁) ဘဝရာဂ (၂)မာန (၃) အဝိဇ္ဇာ သံယောဇဉ်သုံးပါး မရှိတော့ ပြတ်သွားပြီး ဖြစ်၏။

အမှာ = အောက်မဂ်တို့က ပယ်ပြီးသော သံယောဇဉ်တို့ကိုအထက်အထက်မဂ်တို့ကပယ်ပြီး ဖြစ်ပါသည်။

http://www.dhammadownload.com

နိဗ္ဗာန်ဘုရား

နိဗ္ဗာန်သည် “နိဗ္ဗာန”ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိစကား ဖြစ်ပါ၏။

နိဗ္ဗာန-ငြိမ်းခြင်း၊ နိဗ္ဗာန်သည် ငြိမ်း၏။ ဘယ်လိုငြိမ်းချမ်းသလဲ၊ ရုပ်နာမ်မရှိတော့လို့ ငြိမ်းချမ်းပါသည်။

နိဗ္ဗာန်ဆိုသည်မှာ

မဖြစ်ခြင်းသဘောဟာ နိဗ္ဗာန်ပါပဲ၊
မပြတ်ဖြစ်သော ရုပ်နာမ်အစဉ် ကင်းတာဟာနိဗ္ဗာန်ပါပဲ။
ပုံသဏ္ဌာန် အသည်ကို ရှိသလို မထင်ပေါ် တာဟာ နိဗ္ဗာန်ပါပဲ။
အားထုတ်ခြင်း ကင်းတာဟာ နိဗ္ဗာန်ပါပဲ။

(ပဋိသံ-၅၈)

နိဗ္ဗာန်ဟာ အတော် အေးချမ်းတာပဲ၊

နိဗ္ဗာန်-ချမ်းသာကတော့ ရုပ်လဲမရှိ နာမ်လဲ မရှိတော့ ရုပ်အကြောင်းပြုပြီးတော့လဲ မဆင်းရဲရတော့ဘူး၊ နာမ်အကြောင်းပြုပြီးတော့လဲ မဆင်းရဲရတော့ဘူး၊ အတော်အေးချမ်းတာပဲ။

နိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့်လဲ တွေ့နိုင်ပါတယ်၊ သကဒါဂါမိမဂ်ဉာဏ်ဖြင့်လဲ တွေ့နိုင်ပါတယ်၊အနာဂါမိမဂ်ဉာဏ်ဖြင့်လဲ တွေ့နိုင်ပါသည်။ အရဟတ္တမဂ်ဉာဏ်ဖြင့်လဲ တွေ့နိုင်ပါတယ်။ အရဟတ္တမဂ်ဉာဏ်ဖြင့် တွေ့ပြီးတဲ့အခါမှာ သံသရာက

http://www.dhammadownload.com

ထွက်မြောက်ရေး ချမ်းသာအကုန်လုံးကို ပိုင်နိုင်ပြည့်စုံသွားနိုင်ပါတယ်။

(၁၃၃၄-ခု သီးတင်းကျွတ် လဆန်း ၁၀-ရက်နေ့ ယောဂီထောက်ပံ့ရေး အစည်းအဝေး၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားသော ဩဝါဒမှ)

ထို့ကြောင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန်စွာ ရပါလို၏ (အရှင်ဘုရား) ဟု ဆုတောင်းကြခြင်း ဖြစ်ပါသည်။

ဩကာသအဖွင့် ပြီး၏၊

မင်္ဂလာ အောင်မြင့်

၁၃၃၅-ခု ပြာသိုလဆန်း ၁၂-ရက် (၄-၁-၇၄)

http://www.dhammadownload.com

ငါးပါးသီလ ဆောက်တည်ပုံ

ငါးပါးသီလတောင်းပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။
ဒုတိယမ္ပိ၊ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။

ငါးပါးသီလတောင်းအနက်

ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန သဟ- သရဏဂုံ သုံးပါးနှင့်အတူ၊ ပဉ္စသီလံ ဓမ္မံ- ငါးပါးသီလ တရားကို၊ ယာစာမိ- တောင်းပါ၏။ ဘန္တေ- အရှင်ဘုရား၊ မေ- တပည့်တော်အား၊ အနုဂ္ဂဟံကတွာ- ချီးမြှောက်သော အားဖြင့်၊ သီလံ-သီလကို၊ ဒေထ- ပေးပါကုန် ဘုရား။

ဘန္တေ- အရှင်ဘုရား၊ ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လဲ၊ အဟံ- တပည့်တော်သည်၊ တိသရဏေန သဟ- သရဏဂုံ သုံးပါးနှင့် အတူ၊ ပဉ္စသီလံ ဓမ္မံ-ငါးပါးသီလ တရားတော်ကို၊ ယာစာမိ- တောင်းပါ၏။ ဘန္တေ- အရှင်ဘုရား၊ မေ- တပည့်တော်အား အနုဂ္ဂဟံ ကတွာ- ချီးမြှောက်သော အားဖြင့်၊ သီလံ-သီလကို၊ ဒေထ– ပေးပါကုန် ဘုရား။

http://www.dhammadownload.com

ဘန္တေ-အရှင်ဘုရား၊ တတိယမ္ပိ-သုံးကြိမ်မြောက်လဲ၊ အဟံ-တပည့်တော်သည်၊ တိသရဏေန သဟ- သရဏဂုံ သုံးပါးနှင့်အတူ၊ ပဉ္စသီလံ- ငါးပါးသီလ တရားတော်ကို၊ ယာစာမိ-တောင်းပါ၏။ ဘန္တေ- အရှင်ဘုရား၊ မေ- တပည့်တော်အား၊ အနုဂ္ဂဟံကတွာ- ချီးမြှောက်သော အားဖြင့်၊ သီလံ- သီလကို၊ ဒေထ- ပေးပါကုန်ဘုရား။

(ဤသို့ လူတို့က သီလတောင်းသောအခါ သီလပေး ရဟန်းတော်က "ယမဟံ ဝဒါမိ တံ ဝဒေထ" ဟုဆို၏။ (ယံ-အကြင်စကားကို အဟံ- ငါက၊ ဝဒါမိ- ဆိုမည်၊ တံ- ထို ငါ့ရှေ့က ဆိုသည့် စကားကို၊ ဝဒေထ- လိုက်ဆိုကြ) ထိုအခါ သီလတောင်းသူက "အာမဘန္တေ (ဘန္တေ အရှင်ဘုရား၊ အာမ-အမိန့်ရှိတဲ့ အတိုင်းပါဘုရား) ဟု ဝန်ခံစကား ဆိုရ၏။)

နမောတဿ-ဘုရားရှိခိုးပါဠိ

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

(သီလပေး ရဟန်းတော်က တခေါက် ချပေး၏၊ သီလတောင်းသူက သုံးခေါက် လိုက်ဆိုရ၏။

---

* ၂.၂၃၀၊ မ ၂.၃၁၄၊ ၃၄၁၊ သံ ၁.၁၆၂၊ အံ ၁.၆၈၊ ၂.၂၀၈

အမှာ- နမော တဿ ဘဂဝတော ကို ဆိုရာ၌ နမောနှင့် တဿကို ဆက်၍ မဆိုပဲ၊ နမောနှင့်တဿအကြား၌ ဇင်းငယ် ရပ်၍ ဆိုပါ၊ တဿနှင့် ဘဂဝတောကိုမူ တဆက်တည်း ဆိုရပါမည်။

http://www.dhammadownload.com

နမောတဿ-ဘုရားရှိခိုးအနက်

အရဟတော- ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ သစ္စာလေးပါး တရားအလုံးစုံကို ကိုယ်တော်တိုင်မှန်ကန်စွာ သိတော်မူသော၊ တဿ ဘဂဝတော- ထိုမြတ်စွာဘုရားအား၊ နမော- ရှိခိုးပါ၏ ဘုရား။

၁။ သရဏဂုံပါဠိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ခုဒ္ဒကပါဠ- ပါ ၁)

သရဏဂုံ-အနက်

၁။ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

ဓမ္မံ-တရားတော်ကို၊ သရဏံ- ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

သံဃံ- သံဃာတော်ကို၊ သရဏံ- ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

http://www.dhammadownload.com

၂။ ဒုတိမ္ပိ–နှစ်ကြိမ်မြောက်လဲ၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လဲ၊ ဓမ္မံ- တရားတော်ကို သရဏံ- ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။
ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လဲ၊ သံဃံ- သံဃာတော်ကို၊ သရဏံ- ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၃။ တတိယမ္ပိ–သုံးကြိမ်မြောက်လဲ၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
တတိယမ္ပိ - သုံးကြိမ်မြောက်လဲ၊ ဓမ္မံ-တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
တတိယမ္ပိ-သုံးကြိမ်မြောက်လဲ၊ သံဃ-သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟု၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

(သရဏဂုံ ဆောက်တည်ပြီးနောက် သီလပေးရဟန်းတော်က သရဏဂမနံ ပရိပုဏ္ဏံ သရဏဂမန်-သရဏဂုံသည်၊ ပရိပုဏ္ဏံ-ပြည့်စုံပြီး)ဟု ဆိုသည့်အခါ သီလတောင်းသူက "အာမဘန္တေ = အမိန့်အတိုင်းပါ ဘုရား" ဟု ဆိုရ၏၊ သီလပေးပုဂ္ဂိုလ်မရှိပဲ ဘုရားရှေ့၌ သီလဆောက်တည်ပါလျှင် "အာမဘန္တေ"ဆို ရန်မလိုပါ)

သရဏဂုံအကြောင်း

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ် ကိုးကွယ်ဘာကို "သရဏဂုံတည်တယ်"လို့ ခေါ်

http://www.dhammadownload.com

တယ်၊ယခု "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတာတွေဟာ သရဏဂုံတွေပါပဲ၊ အဲဒီသုံးပုဒ်ထဲက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်" လို့ ဆိုတဲ့စကားရဲ့-အဓိပ္ပါယ်ကတော့ "မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန်သိတော်မူတယ်၊ အိုခြင်း, နာခြင်း,သေခြင်း စသော ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်တရားကို ကိုယ်တိုင်တွေ့ပြီးတော့ အဲဒီနိဗ္ဗာန်ချမ်းသာကို သတ္တဝါအများ ရရှိခံစားနိုင်အောင်လို့ တရားတော်တွေကို ဟောကြားတော် မူတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း လိုက်နာပြီး ကျင့်ယင် အပါယ် ၄ ပါးမှ လွတ်မြောက်သွားမယ်၊ ဆင်းရဲခပ်သိမ်းမှလဲ လွတ်မြောက်သွားမယ်" လို့ ဒီလိုယုံကြည်ပြီးတော့ မြတ်စွာဘုရားကို အားကိုးပါတယ် လို့၊ ဆိုလိုပါတယ်။

ယခုကာလမှာ နေမကောင်း မကျန်းမမာ ဖြစ်တဲ့ အခါ ဆေးဆရာများကို အားကိုးရသလိုပါပဲ "ဒီဒေါက်တာ ဆရာဝန်ကြီးဟာ ဒီဆေးဆရာကြီးဟာ ဆေးပညာမှာ ကောင်းကောင်းတတ်ကျွမ်းတယ်၊ ဒီဆရာကြီးကို ပင့်ဆောင်ပြီး အပ်နှံရ ကိုးကွယ်ရယင် မိမိတို့ ရောဂါဟာ ပျောက်ကင်းသွားမယ်လို့ ဒီလိုယုံကြည်ပြီးတော့ အားကိုး အားထား ပြုရပါတယ်။

http://www.dhammadownload.com

အဲဒါလိုပဲ "ငါတို့မှာ အပါယ်ဆင်းရဲတွေကလဲ ကြောက်စရာ ကောင်းတယ်၊ မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူသည့်အတိုင်း လိုက်နာပြီး ကျင့်ယင်၊ အပါယ်ဆင်းရဲကလဲ လွတ်မြောက်သွားမယ်"လို့ ဒီလို ယုံကြည်ပြီးတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"လို့ ဒီလိုလျှောက် ထားပြီး ဆောက်တည်ရတယ်။

ယခုကာလမှာတော့ တချို့က ဒီအနက်အဓိပ္ပါယ် တွေကို သိပုံလဲမရပါဘူး၊ မိဖဆရာတွေက ခိုင်းလို့ ဆိုနေရတဲ့ အနေမျိုးလောက် ဖြစ်နေကြပါတယ်၊ ပြီး တော့ သိရသလောက် အနက်အဓိပ္ပါယ်ကိုလဲ ဘာမှ နှလုံးသွင်းကြပုံ မရပါဘူး၊ အပြေးအလွှာ အမြန်ချည်း ရွတ်ဆို နေကြတာပဲ၊ ဆရာက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"လို့ ခပ်မြန်မြန် ရှေ့ကချပေးတော့ တပည့်တွေကလဲ ခပ်မြန်မြန်အပြေး အလွှားပဲ နောက်ကလိုက်ဆို နေကြတယ်၊ ဘာမှတော့ နှလုံးသွင်းနိုင်ဂုဏ်ဟန် မတူပါဘူး၊ ဒီနည်းစံနစ်ကတော့ တယ်မကောင်းလှဘူး၊ ဖြေးဖြေးချင်း အာရုံပြုပြီး ဆိုနိုင် ယင်တော့ သာပြီးကောင်းပါတယ်။

တချို့ကတော့ မပီတပီနဲ့ ဗလုံးဗထွေးတောင်ဆိုသွား လိုက်သေးတယ်၊ အဲဒါတော့ သာပြီးနေရာမကျတာပဲ အမှန်ကတော့ သိသမျှ အနက်အဓိပ္ပါယ်ကို အာရုံပြုပြီး

http://www.dhammadownload.com

တော့ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"လို့ ပြေးပြေးမှန်မှန်ဆိုဖို့ရာ ပါပဲ၊ အခါခပ်သိမ်းမဟုတ်တောင် အနည်းဆုံး တကြိမ် တခါလောက်တော့ အဲဒီလို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည်ထားဖို့ လိုပါတယ်၊ ဒါက ဗုဒ္ဓသရဏဂုံ၊ နှစ်ပြီးသိစရာ အချက်ပါ၊ ဓမ္မသရဏဂုံ သံဃသရဏဂုံတွေကို ဆောက်တည်တဲ့အခါ မှာလဲ သိသမျှ အနက်အဓိပ္ပါယ်ကို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည်ဖို့ပါပဲ။

အဲဒီမှာ- "ဓမ္မံသရဏံ ဂစ္ဆာမိ"တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်"လို့ ဆိုတဲ့စကားရဲ့ အဓိပ္ပါယ်ကတော့ မြတ်စွာဘုရားဟောကြားတဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဒေသနာတရားဆိုတဲ့ ဒီတရားတွေကို အားကိုးအားထားပြုပါတယ်လို့ ဆောက်တည်တာပါပဲ၊ အဲဒီတရားတော်တွေနဲ့ ပြည့်စုံအောင် အဲဒီတရားတော်တွေအရ လိုက်နာ ကျင့်သုံးသွားယင် အပါယ်ဆင်းရဲမှလဲ လွတ်မယ်၊ သံသရာဝဋ်ဆင်းရဲမှလဲ လွတ်မြောက်မယ်လို့ ယုံကြည်အားကိုးတဲ့အကြောင်း လျှောက်ထား ပြောဆိုတာပါပဲ။

သံဃံသရဏံ ဂစ္ဆာမိ - သံဃာတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါတယ်"လို့ ဆိုတဲ့စကားရဲ့ အဓိပ္ပါယ် ကတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ တရား ကျင့်သုံးပြီး မဂ်ဖိုလ်ရောက်ဆဲ ရောက်ပြီး ဖြစ်တဲ့ အရိယာ

http://www.dhammadownload.com

သံဃာတော်တွေကို အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန် အထွက် အားကိုး အားထား ပြုပါတယ်''လို့ ဆောက်တည်တာပါပဲ၊ သံဃာတော်ကို အရိအသေပြုခြား, သံဃာတော်၏ အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်အားကိုးတဲ့ အကြောင်းလျှောက်ထား ပြောဆိုတာပါပဲ။

ယခု ပြောခဲ့တဲ့အတိုင်း ဘုရား, တရား, သံဃာရတနာမြတ်-၃ ပါးကို လေးလေးစားစား အားကိုးအားထားပြုပြီး ဆည်းကပ်ကိုးကွယ်တာကို "သရဏဂုံ" လို့ ခေါ်တယ်၊ ဒီသရဂုံ ၃ ပါးနှင့် ပြည့်စုံပြီး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်နေတဲ့ သူကို ပါဠိလို "ဥပါသက" ဗမာလိုတော့"ဥပါသကာ"လို့ခေါ်တယ်၊ အမျိုးသမီးကိုတော့ ဥပါသိကာလို့ ခေါ်တယ် တချို့ရှေးမြန်မာစာတွေမှာတော့"ဥပါသကီ"လို့လဲ ရေးထားတာကို တွေ့ရတယ်၊ အဲဒါက ပါဠိနည်းတော့ မကျဘူး၊ မြန်မာအသုံးလို့ ဆိုရမှာပေါ့ ဒါကြောင့် ဥပေါသထာနတ်သမီးက ''သူဟာ ရှေးဘဝက ဘုရား, တရား, သံဃာရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာမဖြစ်ခဲ့ပါတယ်''လို့ လျှောက်ထားတယ်၊ ဒီလို သရဏဂုံတည် ဥပါသိကာဖြစ်တာဟာလဲနတ်ပြည်ရောက်ကြောင်းကောင်းမှုပဲ။

http://www.dhammadownload.com

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာ သေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ၊
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ဒီ ၂-၂၀၄၊ သံ ၁-၂၅)

ယေကေစိ၊ အမှတ်မရှိသော အကြင်သူတို့သည်၊ ဗုဒ္ဓံ မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂတာသေ-ဆည်းကပ်ကုန်၏၊ တေ-ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်သော ထိုသူတို့သည်၊ အပါယဘူမိံ-အပါယ်ဘုံသို့၊ နဂမိဿန္တိ၊ မလား မရောက်ကြကုန်လတံ့၊ မာနုသံ ဒေဟံ-လူ့ ဘဝခန္ဓာကိုယ်ကို၊ ပဟာယ-စွန့်ပြီး၍၊ ဝါ-စွန့်ရကုန်လတ်သော်၊ ဒေဝကာယံ-နတ်မျိုးအပေါင်းကို၊ ပရိပူရေဿန္တိ - ပြည့်စေကြကုန်လတံ့၊ ဝါ-ပြည့်စေလျက် နတ်လောကၣ် ဖြစ်ကြကုန်လတံ့တဲ့။

ဒီဒေသနာတော်အရ သရဏဂုံတည်ရုံနဲ့ နတ်ပြည်ရောက်နိုင်ကြောင်း ထင်ရှားပါတယ်။

(၁၃၂၀-ပြည့်နှစ် သကြံန်အတွင်းက ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော တရားမှ ကောက်နှုတ်ဖော်ပြပါသည်။)

အင်္ဂအာဒီကတွာ ထည့်ဖို့လိုသလား

တခါက ကျွန်ုပ်တို့နှင့်ရင်းနှီးသော မိတ်ဆွေတယောက်သည် စာတရွက်ကို လက်ဆင့်ကမ်းရင်း "ဒီသရဏဂုံဆောက်တည်နည်း

http://www.dhammadownload.com

က ကောင်းတယ်ဗျာ့”ဟု ပြောပါသည်၊ ကျွန်ုပ်က စာရွက်ကို ယူ၍ “ဘယ်သရဏဂုံ ဆောက်နည်းကတော့ မကောင်းလို့လဲ ဗျာ”ဟု ပြောရင်း မိတ်ဆွေပေးသော စာရွက်ကို ဖတ်သော အခါ “အဇ္ဇအာဒိံကတ္ဂာ ဗုဒ္ဓံသရဏံဂစ္ဆာမိ စသည်ဖြင့် ရေး ထားသည်ကို တွေ့ရပါသည်။ အများဆောက်တည်နေကျ သရဏဂုံ၏ရှေ့မှာ “အဇ္ဇအာဒိကတ္ဂာ-ယနေ့ကို အစပြု၍”ပါ သည်ကို သဘောကျသဖြင့် ပြောသည်ကို သိရပါသည်၊ တချို့ ဘုန်းတော်ကြီးများက “အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ စသည်ဖြင့် ဆိုပေးတတ်ပါသေးသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရား ကြီးက် “တခါမှ သရဏဂုံ မဆောက်တည်သေးတဲ့ သူတွေ အဖို့ရာမှာ တော့ “အဇ္ဇအာဒိံကတ္ဂာ” ပုဒ်ကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရှေ့က ထည့်ဆိုတာ သင့်ပါသေးရဲ့၊ ငယ်ငယ်ကထဲက သရဏဂုံအကြိမ် ကြိမ် ဆောက်တည်လာကြတဲ့ ဗုဒ္ဓသာသနာဝင်တွေ အဖို့ရာမှာ တော့ မလိုပါဘူး”ဟု အမိန့်ရှိသည်ကို မှတ်သား နာယူဘူး ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့သည် ငယ်ငယ် ကထည်းကပင် ဗုဒ္ဓ သာသနာတော်ကို သက်ဝင်ကိုးကွယ် ဆည်းကပ်လာကြသော ဗုဒ္ဓသာသနာဝင် ဥပါသကာ ဥပါသိကာတို့ ဖြစ်ကြ၍ သရဏဂုံ ကိုလဲ အကြိမ်ကြိမ် ဆောက်တည်ခဲ့ပြီးပါပြီ၊ ငါးပါးသီလ ရှစ် ပါးသီလ တို့ကိုလဲ အကြိမ်ကြိမ် ဆောက်တည်ခဲ့ ဘူးပါပြီ၊ ထို့ကြောင့်ပင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရား ကြီး ရှေ့မှောက်၌ အလှူအတန်း တခုခု ပြုလုပ်တိုင်း ရေစက်·

http://www.dhammadownload.com

သွန်းချ သောအခါ "သရဏဂုံ သုံးပါးနှင့် ငါးပါးသီလကို ထပ်မံ ဆောက်တည်၍" ဟု ဆိုစေပြီးလျှင် ရေစက်ချစေပါသည်၊

ငါးပါး သီလ ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

ငါးပါးသီလ အနက်

၁။ ပါဏာတိပါတာ- သူတပါး အသက်ကို သတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ- ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ- ပစ္စည်းရှင်က မပေးသော သူတပါး ပစ္စည်းကို ခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ- ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

၃။ မုသာဝါဒါ- မဟုတ်မမှန် ပြောခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ- ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

http://www.dhammadownload.com

၄။ မုသာဝါဒါ- မဟုတ်မမှန် ပြောခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ၊' ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ - မေ့လျော့ခြင်း၏ အကြောင်း မူးယစ် စေတတ်သော သေရည် အရက်ကို သောက်စားခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ- ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

ငါးပါးသီလကို သီလပေး ရဟန်းတော်က ချပေးတတ်ပါ၏၊ သီလတောင်းသူက နောက်မှလိုက်၍ ဆိုရ၏၊ အချို့ သီလပေး ရဟန်းတော်တို့က သီလတောင်းသူ၏ အခြေအနေကို ကြည့်ခါ ပါဠိချည်း ချပေးတတ်သည်လဲ ရှိပါ၏၊ ပါဠိရော အနက်ပါ ချပေးတတ်သည်လဲ ရှိပါ၏၊ ပါဠိကို အနက်မထင်သော သီလ တောင်းသူက အနက်ချပေးတော်မူပါဘုရား ဟု လျှောက်ထား လျှင် သီလပေး ရဟန်းတော်က ချပေးမည်သာ ဖြစ်ပါ၏။ ငါးပါးသီလကို ချပေးပြီးနောက် သီလပေး ရဟန်း တော်က "တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ= တိသရဏေနသဟ၊ သရဏဂုံ သုံးပါးနှင့် အတူ၊ ပဉ္စသီလံ- ငါးပါး သီလကို၊ သာဓုကံကတွာ- ကောင်းမွန်စွာ စောင့်ရှောက်ခြင်းကိုပြု၍၊ အပ္ပမာဒေန- မမေ့သော သတိဖြင့်၊ သမ္ပာဒေထ၊ ပြီးစီး ပြည့်စုံအောင် ပြုကြကုန်၊ အားထုတ်ကြ ကုန်" ဟု မိန့်ကြားသောအခါ သီလတောင်းသူ တို့က "အာမ ဘန္တေ- အမိန့်တော်အတိုင်းပါဘုရား" ဟု ဝန်ခံစကား လျှောက်

http://www.dhammadownload.com

ရ၏။ တချို့က "သာခု" ခေါ်တတ်ကြ၏၊ အာမဘန္တေနှင့် သာဓုမှာ စကား အနေအထားမတူသလို အဓိပ္ပါယ်လဲ မတူပါ၊ "အာမဘန္တေ"က ဝန်ခံစကား ဖြစ်၏။ "သာဓု"က ကောင်းပါတယ်''ဟု ပြောသော စကားဖြစ်ပါသည်။ ဤနေရာ၌ 'သာဓု' မခေါ်သင့်ပါ "အာမ ဘန္တေပါ သုရား"ဟု ဝန်ခံ စကား လျှောက်ထားရပါသည်။

ငါးပါးသီလ ဆောက်တည်ပုံ ပြီး၏

ငါးပါး သီလ* အကြောင်း

အရေအတွက် ငါးပါးရှိတဲ့ သီလဖြစ်လို့ ပဉ္စသီလ ငါးပါး သီလလို့ ခေါ်ပါတယ်၊ တနည်း အားဖြင့်လဲ ကျင့်သုံးထိုက်တဲ့ အင်္ဂါသိက္ခာပုဒ် ငါးပါးရှိလို့ ပဉ္စသိက္ခာပဒ သိက္ခာပုဒ် ငါးပါး လို့ ခေါ်ပါတယ်၊ စကြာဝဠေတးမင်းတွေဟာ ကမ္ဘာကို စိုးမိုး အုပ်ချုပ်တဲ့အခါ ဒီငါးပါးသီလဖြင့်ပဲ အုပ်ချုပ်ခဲ့လို့ စက္ကဝတ္တိ ဝမ္မသတ်လို့ ခေါ်ပြန်ပါသေးတယ်၊ လူ့ဝတ်ကြောင်တွေ အလေး အမြတ်ပြုပြီး ကျင့်သုံးကြတဲ့ သီလ ဖြစ်လို့လဲ ဂရုဓမ္မ သီလလို့ ခေါ်ရပါသေးတယ်၊ အရိယာ သူတော်ကောင်းတို့၏ တရား ဖြစ်လို့လဲ အရိယဓမ္မလို့ ခေါ်ကြပြန်ပါ သေးတယ်၊ လူမှန်

---

*(သီလ ဟူသော ပုဒ်၏ အနက်ကို အပြည့်အစုံ သိလိုပါက ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁ နှင့် ဝိသုဒ္ဓိမဂ်မြန်မာပြန် (မဟာစည်မူ) နှာ ၂၃ တို့၌ ဖတ်ရှုနိုင်ပါသည်။

http://www.dhammadownload.com

ယင် ဒီငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းရတဲ့ သီလ ဖြစ်လို့လဲ၊ ဂဟဋ္ဌ သီလလို့ ခေါ်ရပါသေးတယ်၊ လူတိုင်းလူတိုင်း အမြဲစောင့်ထိန်းရမဲ့ သီလဖြစ်လို့လဲ နိစ္စသီလ လို့ခေါ်ရပါတယ်၊ အရိယာသူတော်ကောင်းတို့ နှစ်သက်အပ် သော သီလဖြစ်လို့လဲ အရိယကန္တသီလလို့ ဆိုပါတယ်။

ဒီအမည် အမျိုးမျိုး တွေဟာ ငါးပါးသီလရဲ့ အဖိုးတန် မွန်မြတ်ပုံကို ဟောကြားရာ ဖွင့်ဆိုရာမှာ သုံးစွဲထားတဲ့ ပိဋကတ် ကျမ်းလာ အမည်တို့ဖြစ်ပါတယ်။

ကျွန်တော်တို့ လူတွေဟာ ဆင်းရဲမွဲတေမှာ သိတ်ကြောက် ကြတယ်၊ အရှိန်အဝါမဲ့မှာလဲ ကြောက်ကြတာပဲ၊ ပရိသတ် အလယ် မျက်နှာပန်း မလှမှာလဲ စိုးရိမ်ကြတာပဲ၊ သေတဲ့အခါ ခွေးအော် ဝက်အော် မရှုမလှ သေမှာလဲ ကြောက်ကြတယ်၊ သေယင် ငရဲကျလေမလား တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်လေမလား လို့လဲ တွေးပြီးပူနေကြကယ်၊ တကယ် လို့သာ ဒီငါးငါးသီလ ကို ခါးဝတ်ပုဆိုးလို မြဲအောင် စောင့်ထိန်းကြယင် ဘာမှတွေး ပြီး ပူစရာ ကြောက်စရာ မလိုပါဘူး။

ဥဂ္ဂုတ္တရနိကာယ် သီလသုတ် စသည်တို့မှာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစွဲစွာ စောင့်ထိန်းတဲ့သူဟာ (၁) ကြီးမား တဲ့ ဥစ်စိမ်ဥစ္စာတွေကို ရနိုင်တယ်တဲ့၊ (၂) ကောင်းသတင်း ကျော်စော ခြင်းလဲ ငှိုနိုင်တယ်တဲ့ (၃) ပရိသတ် အလယ်မှာ ရဲရင့်စွာ မျက်နှာပန်းလှလှ ပြနိုင်တယ်တဲ့ (၄) သေတဲ့အခါမှာ လဲပဲ မတွေမဝေ သေရမယ်တဲ့ (၅) သေပြန်တော့လဲ ကောင်း

http://www.dhammadownload.com

ရာသုဂတိ နတ်ဘုံသို့ ရောက်နိုင်တယ်လို့ ဆိုထားပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့လူဘဝအဖို့မှာ ငါးပါးသီလ မြဲစွဲအောင် စောင့်ထိန်းဖို့ အင်မတန် လိုအပ်ပါတယ်။

၁။ သူတပါးအသက်ကို မသတ်ရခြင်း

ကျွန်တော်တို့ဟာ ယယ်ငယ်ရွယ်ရွယ် သေမှာ သိတ်ကြောက်ကြတယ်၊ အထူးသဖြင့် အသေဆိုးနဲ့ သေမှာကို ပိုပြီး ကြောက်ကြတယ်၊ ဒီလို ကြောက်ကြယင် ကျွန်တော်တို့ ဘာလုပ်ရမလဲ၊ ကျွန်တော်တို့က သတ္တဝါ အချင်းချင်း ကိုယ်ချင်းစာ တရားထားပြီး သူတို့လဲ ငါ့လို အသက်ရှချင်မှာပဲလို့ သန်း၊ ကြမ်းပိုးက အစ မသတ်မိအောင် ရှောင်ကြဉ်ကြရမယ်။

သူတပါးရဲ့အသက်ကို သန်း၊ ကြမ်းပိုး၊ မြင်၊ ယင် ကအစ မသတ်တဲ့သူဟာ သေယင် ခွေးသေ ဝက်သေ မသေရပဲ မတွေမဝေ ညင်သာစွာနဲ့ သေရမယ်၊ သေပြီးတော့လဲ ကောင်းရာသုဂတိ ခေါ်တဲ့ နတ်ပြည် လူ့ပြည်မှာ ရောက်နိုင်ပါတယ်၊ သည့်ပြင်လဲ ရနိုင်တဲ့ အကျိုးတွေ အများကြီး ရှိပါသေးတယ်။

သူတပါးအသက်ကိုသတ်ယင်တော့ လူ့ပြန်ဖြစ်ဖို့ခဲလဲ ခဲယဉ်းပါတယ်၊ နတ်ပြည် ရောက်ဖို့ရာကတော့ အလှမ်းဝေးလှပါတယ်၊ ဒါပေမဲ့ သည့်ပြင် ကုသိုလ်ကောင်းမှု အထောက်အပံ့တွေရှိယင်တော့ အဲဒီကုသိုလ်တွေက အကျိုးပေးနိုင်ပါသေးတယ်။

သူတပါးအသက်ကို သတ်ရာမှာ တိရိစ္ဆာန် သတ်တာထက် လူသတ်တာက ပိုပြီး အပြစ် ကြီးပါတယ်၊ ပုထုဇဉ် လူသားကို

သတ်ထာထက် အရိယာ သူတော်ကောင်းကို သတ်တာက ပိုပြီး အပြစ်ကြီးပါတယ်၊ ဘုရားတို့ ရဟန္တာတို့ မိဘတို့ကို သတ်တာကတော့ အပြစ်အကြီးဆုံး ပါပဲ။

သူတပါးအသက်ကို လွယ်လွယ်သတ်တာထက် ကြိုးကြိုးစားစား ခဲခဲယဉ်းယဉ်း သတ်တာက ပို၍အပြစ်ကြီးတယ်လို့ ဆိုပါတယ်၊ အမှန်ကတော့ ဘယ်သူ့အသက်ကိုမှ မသတ်ခြင်းဟာ ဘဝတိုင်း ဘဝတိုင်း ဘေးအကင်းဆုံးပါပဲ၊ သူတပါးအသက်ကို သတ်ယင် ငရဲမှာ အပြစ်အကြီး အသေးအားလျော်စွာ ခံရမဲ့ အပြင် ငရဲက လွတ်လာပြန်တော့လဲ ခံရမဲ့ အပြစ်တွေဟာ အလွန် ကြောက်စရာ ကောင်းပါတယ်၊ ဒီအပြစ်တွေကို ရှေးဆရာတော် ကြီးများက ဒီလိုလင်္ကာ စီထားခဲ့တယ်။

၁။ ပါဏာတိပတ်၊ သူ့သက်သတ်က (၁) ချို့တတ်အင်္ဂါ (၂) ပွဲပြာရုပ်သွင် (၃) အားအင်ယိုယွင်း (၄) လျင်ခြင်းလည်းဝေး (၅) ဘေးကိုကြောက်တတ် (၆) အသတ်ခံရာ (၇) အနာများလျက် (၈) ခြွေရံပျက်၍ (၉) အသက်တိုသျှ ပြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

သူတပါးပစ္စည်းကို မခိုးရခြင်း

ကျွန်တော်တို့ လူတွေဟာ ငါမိတို့ရဲ့ လုပ်အား အလျောက် ကံအလျောက် ရလာတဲ့ပစ္စည်း ဥစ္စာနဲ့ မျှမျှတတ သုံးစွဲသွားနိုင်ခြင်းဟာ အကောင်းဆုံးပါပဲ၊ မတရားတဲ့ ပစ္စည်းဥစ္စာနဲ့ [illegible] ရှာဖွေသုံးစွဲခြင်းကတော့ အပြစ်မလွတ်တတ်ပါဘူး

http://www.dhammadownload.com

တချို့တ ရိုးရိုးသားသား ကိုယ့်လုပ်အားနဲ့ကိုယ် ရလာတဲ့ပစ္စည်းနဲ့ မျှတအောင် မသုံးစွဲချင်ကြဘူး၊ မတရားတဲ့နည်းနဲ့ ရှာဖွေစားသုံးတတ်ကြတယ်။

ခိုးတယ်ဆိုတာက ပစ္စည်းရှင်ကအကြွေအနပ်မပေးတဲ့ပစ္စည်းကို ဘယ်နည်းနဲ့ပဲယူယူ ခိုးတာမည်တာပါပဲ၊ တချို့ရုံးမှာ အလုပ်ရုံမှာ အလုပ် လုပ်ကြတယ်၊ လခရတဲ့ငွေနဲ့ ညီမျှအောင် လုပ်အားမပေးခဲ့ယင် အလုပ်မလုပ်ခဲ့ယင် ဒီလခဟာအကုန်လုံးစင်ကြယ်တယ်လို့ မဆိုနိုင်ပါဘူး၊ ငါးရာတန်လုပ်အားကို လုပ်စေချင်လို့ လခငါးရာ ပေးထားရာမှာ နှစ်ရာကန်လောက်သာ လုပ်အားပေးပြီး အချောင်ခိုနေယင် ထိုသူဟာ သုံးရာဖိုး ခိုးတာမည်တာပဲ၊ ဒီလိုပဲ နေရာတကာမှာ ရသင့်တဲ့ အခွင့်အရေးထက် ယူသင့်တဲ့အခွင့် အရေးထက် ပိုယူတဲ့သူတွေ ရှိတတ်ပါတယ်။

သည့်ပြင်လဲ အလုပ်ရှင်က အလုပ်သမားကို ပေးထားတဲ့လခနဲ့ ညီမျှတဲ့လုပ်အားထက် ပိုပြီးခိုင်းတာ ပေးထားတဲ့နေ့စားနဲ့ ညီမျှတဲ့ လုပ်အားထက် ပိုပြီးခိုင်းတာတွေဟာလဲ နှစ်ဦးနှစ်ဖက်မကြေနပ်ယင် ခိုးသည်မည်တာပါပဲ၊ လူကြီးက လူငယ်ရဲ့ပစ္စည်းကို ခြိမ်းခြောက်တာလဲ အနိုင်ကျင့်ယူတာတွေဟာလဲ တဖက်ပစ္စည်းရှင်က မကျေနပ်ယင် ခိုးသည်မည်တာပါပဲ၊ အခုခေတ်မှာ အစိုးရက ရောင်းဝယ်ခွင့်မပြုတဲ့ မှောင်ခိုပစ္စည်းတွေကို တိတ်တဆိတ် ရောင်းဝယ်ကြရာမှာ အဒိန္နာဒါနကံ လွတ်ဖို့ရာ မလွယ်ကူလှပါဘူး၊ ကျမ်းဂန်တို့၌ ခိုခြင်း ၂၅-မျိုး ရှိကြောင်း ပြဆိုထားပါတယ်။

http://www.dhammadownload.com

ထို့ကြောင့် ပစ္စည်းရှင်က မကျေနပ်ယင် သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်တို့က ခွင့်မပြုယင် မည်သည့်ပစ္စည်းကိုမျှ မယူခြင်းဟာ အကောင်းဆုံးပါပဲ၊ တနည်းနည်းနဲ့ ခိုးယူတဲ့သူဟာ မျက်မှောက်ဘဝမှာလဲ အပြစ်ကင်းပါတယ်၊ သံသရာမှာလဲ အပြစ်ကင်းပါတယ်၊ သူတပါးပစ္စည်းကို မခိုးယူတဲ့အတွက် မိမိရဲ့စည်းစိမ်ဥစ္စာကို သူတပါးမခိုးယူနိုင်ပါဘူး၊ ရှိပြီးစည်းစိမ်တည်မြဲနိုင်ပါတယ်၊ သူဌေးကြီး ဇောတိက ဝတ္ထုကို ကြည့်ပါ၊ သေတဲ့အခါမှာလဲ နတ်ရွာသုဂတိ ရောက်နိုင်ပါတယ်၊ နတ်ရွာသုဂတိမှာ နတ်စည်းစိမ်တို့ကို ခံစားပြီးလို့ လူပြန်ဖြစ်တဲ့အခါမှာလဲပဲ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ လူဖြစ်နိုင်တယ်၊ ဆင်းဆင်းရဲရဲ မရှိပါဘူး၊ လိုချင်တာကို တခဏအတွင်း ရနိုင်ပါတယ်၊ ရှိပြီး စီးပွားဥစ္စာတို့လဲ ရန်သူမျိုးငါးပါးကြောင့် မပျက်စီးနိုင်ပါဘူး၊ သူတပါးပစ္စည်းကို တနည်းနည်းဖြင့် ခိုးယူတဲ့သူ အဖို့မှာတော့ သေယင် ပစ္စည်းအသေး အကြီးအားလျော်စွာ လုံးလဝီရိယ အသေးအကြီးအားလျော်စွာ ငရဲနဲ့ အပါယ်လေးပါးမှာ ခံကြရမယ်၊ အပါယ်လေးပါးမှ လွတ်လာပြန်တော့လဲ ခံကြရဦးမဲ့ အပြစ်တွေရှိပါသေးတယ်၊ ဒီအပြစ်တွေကို ရှေးဆရာတော်ကြီးများက အခုလို လင်္ကာရေးထားခဲ့ပါတယ်။

၂။ အဒိန္နဒါ ခိုးမိပါမူ (၁) ဥစ္စာနည်းမွဲ (၂) ဆင်းရဲ (၃) ငတ်ဘိ (၄) လိုရှိမရ (၅) ဘောဂပျက်စီး (၆) ရေမီးသူခိုး၊ မွေခံဆိုးနှင့် မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ပြစ်များစွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

http://www.dhammadownload.com

၃။ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ ရှောင်ခြင်း

သူတပါးသားမယားနှင့် အုပ်ထိန်းခြင်းမကင်းတဲ့ သမီးပျို များကို မေထုန်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်တာကို ကာမဂုဏ် တို့၌ မှားယွင်းသော အကျင့်မှရှောင်ကြဉ်တယ်လို့ဆိုလိုပါတယ်။

ပုထုဇဉ်လူသားတွေဟာ ကာမဂုဏ်အတွေ့နှင့် မကင်းနိုင်ကြ ပါဘူး၊ အချိန်တန် အရွယ်ရောက်ယင် ကာမဂုဏ်စိတ်က ယိုဖိတ် လာတဲ့အခါ ဖြေဖျောက်ဖို့ရာ တနည်းမဟုတ် တနည်းရှာကြ စမြဲပါပဲ၊ဒီအခါမှာဗုဒ္ဓတရားတော်အရအဖြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းပြီး တရားဓမ္မ ပွါးများရှုမှတ်နေလို့ ကာမဂုဏ်စိတ် တွေ မယိုဖိတ်လာတော့ပဲ ထမ်းညှပ်နဲ့ အညှပ်မခံရသော ထန်းနို့ ပမာ တဖြည်းဖြည်း ကာမဂုဏ်စိတ်တွေ ခြောက်ခန်းသွားဘာလဲ ရှိပါတယ်။

တရားဓမ္မနဲ့ ဝေးတဲ့သူများအဖို့မှာတော့ လောကီအာရုံ ကာမဂုဏ်တွေရဲ့ အတိုက်အခိုက်ကို တွန်းလှန်နိုင်စွမ်း မရှိကြလို့ ထမ်းညှပ်နဲ့ အညှပ်ခံရတဲ့ ထန်းနို့ပမာ ကိလေသာအရည်ပျော် ပြီး လာတဲ့အတွက် ဖိုမတို့၏ အတွေ့ (ရှာသူတို့၏ အလေ့)ဖြင့် ဖြေဖျောက်ဖို့ရာ ရှာတတ်ကြတယ်၊ ဒီအခါမှာ မိဖတို့က မိဖ ဝတ္တရားငါးပါးမှာ ပါတဲ့ထိန်းမြားခြင်းဆိုတဲ့ ဝတ္တရားအရ သား သမီးတို့အား လက်ထပ်ပေးကြပါတယ်၊ ဒီလိုလက်ထပ်ပေးလိုက် ခြင်းအားဖြင့် ယိုပိတ်လာတဲ့ ကာဂုဏ်စိတ်ကို ဖြေဖျောက်ဖို့ရာ ရသွားကြတယ်။

http://www.dhammadownload.com

ဒီလိုနည်းနဲ့ ဖြေဖျောက်ခွင့် မရတဲ့သူတို့အဖို့မှာတော့ အခမ္မနည်းကို သုံးကြပြီး ဖြေဖျောက်ကြပေလိမ့်မယ်၊ ယင်းအခမ္မနည်းကို သုံးကြတဲ့အတွက် ကာမေသုမိစ္ဆာစာရကံ ထိုက်ကြတော့တာပါပဲ၊ သူတပါးသားမယားနဲ့ အုပ်ထိန်းခြင်းမကင်းတဲ့ သို့မီးပျိုများကို မေထုန်ဖြင့် ကျူးလွန်ကုန်ကြတော့တာပဲ။

ယောကျ်ားများအဖို့ ကာမဂုဏ်ဖြင့် မကျူးလွန်ရတဲ့ မိန်းမ (အဂမနိယဝတ္ထုခေါ်တဲ့) ယောကျ်ားတို့ မသွားလာအပ်တဲ့ မိန်းမမျိုး ၂၀ ရှိပါတယ်။

၁။ မိခင် အုပ်ထိန်းထားသော မိန်းမ (မာတုရက္ခိတာ)
၂။ ဖခင် အုပ်ထိန်းထားသော မိန်းမ (ပိတုရက္ခိတာ)
၃။ မိဖနှစ်ပါး အုပ်ထိန်းထားသော မိန်းမ (မာတာပိတုရက္ခိတာ)
၄။ အစ်ကိုမောင် အုပ်ထိန်းထားသော မိန်းမ (ဘာတုရက္ခိတာ)
၅။ အစ်မညီမ အုပ်ထိန်းထားသော မိန်းမ (ဘဂိနိရက္ခိတာ)
၆။ ဆွေမျိုးသားချင်း အုပ်ထိန်းထားသော မိန်းမ (ဉာတိရက္ခိတာ)
၇။ အနွယ်တူ အုပ်ထိန်းထားသောမိန်းမ (ဂေါတ္တရက္ခိတာ)
၈။ သိတင်းသုံးဖော် တရားအားထုတ်ဖက် ချင်း စောင့်ထိန်းထားသော မိန်းမ (ဓမ္မရက္ခိတာ)
၉။ ကြောင်းလမ်း စေ့စပ်ထားပြီးသော မိန်းမ (သာရက္ခါ)

http://www.dhammadownload.com

၁၀။ မသွားလာရဟု မင်းက ဒဏ်ခတ်ထားသော မိန်းမ (သပရိဒဏ္ဍာ)

၁၁။ ဥစ္စာဖြင့် ဝယ်ထားသော မိန်းမ (ဓနက္ကီတာ)

၁၂။ အလိုတူ ပေါင်းထားအပ်သော မိန်းမ (ဆန္ဒဝါသိနီ)

၁၃။ စည်းစိမ်ဥစ္စာ ပေး၍ ပေါင်းထားအပ်သော မိန်းမ (ဘောဂဝါသိနီ)

၁၄။ အဝတ်အထည်ပေး၍ ပေါင်းထားသော မိန်းမ (ပဋဝါသိနီ)

၁၅။ ရေခွက်၌လက်စုံချ၍ မိဖတို့ လက်ထပ်ပေးထားသော မိန်းမ (ဩဒပတ္တကိနီ)

၁၆။ ခေါင်းရွက်ဗျတ်ဆိုး ကူလီအလုပ်မှ ခေါင်းခုကို ချ၍ ပေါင်းထားအပ်သော မိန်းမ (ဩဘဋ္ဌစုမ္ဗဋာ)

၁၇။ ကျွန်လဲဟုတ် မယားလဲဟုတ် မိန်းမ (ဒါသိဘရိယာ)

၁၈။ အိမ်စေလဲ့ဟုတ် မယားလဲဟုတ် မိန်းမ (ကမ္မကာရီဘရိယာ)

၁၉။ စစ်တိုက်ရာက ယူလာသော မိန်းမ (ဓဇာဟဋာ)

၂၀။ တခဏ ပေါင်း ပြည့်တန်ဆာမ (မုဟုတ္တိကာ)

ဒီမိန်းမနှစ်ဆယ်မှာ ၁-က၊ ၈-အသိ အုပ်ထိန်းခြင်းမကင်းလို့၊ ၉-က ၂၀ အထိ ကာမပိုင်ရှင် ရှိလို့ အမျိုးသားများအဖို့ မသွားလာအပ်တဲ့ အမျိုးသမီးတို့ ဖြစ်ပါတယ်။

အမျိုးသမီးများ အဖို့မှာတော့ ၁-က၊ ၈- အသိ အမျိုးသမီးတို့ဟာ ကာမပိုင် မရှိသေးတဲ့အတွက် အခြား ယောကျ်ား

http://www.dhammadownload.com

တဦးနဲ့ သွားလာလျှင် အပြစ်မရှိဘူးလို့ ဆိုပါတယ်၊ ၉-က၊ ၂၀-အထိ အမျိုးသမီးများမှာတော့ ကာမပိုင် ရှိနေပြီးဖြစ်လို့ ဘယ်ယောကျ်ားနဲ့မျှ မသွားလာ မလွန်ကျူးရဘူးလို့ ဆိုပါတယ်

ဒါက ပိဋကတ်ကျမ်းလာ စကား ဖြစ်ပါတယ်။

လောက တရားဥပဒေ ကြောင်းကတော့ အမျိုးသမီးမှာ ၁၈-နှစ် မပြည့်သေးယင် အရွယ် မရောက်သေးသော အမျိုးသမီး မိဘ စသည်အုပ်ထိန်းခြင်း မကင်းသေးသော အမျိုးသမီး ဖြစ်လို့ မိန်းကလေးက သဘောတူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ အုပ်ထိန်းသူတို့က သဘောမတူလျှင် ခိုးယူ ပေါင်းသင်းတဲ့ အမျိုးသားကို အပြစ် ရှိတယ် ဆိုပြီး တရား စွဲနိုင် ပါတယ်တဲ့။ အရွက်မရောက်သေးတဲ့ ၁၈-နှစ် မပြည့်သေးတဲ့ အမျိုးသမီးကို ပြန်သိမ်း နိုင်ပါတယ်တဲ့။ အသက် ၁၈-နှစ် ပြည့်လျှင်တော့ အုပ်ထိန်းခြင်း ကင်းတဲ့ အရွယ်ရောက်ပြီလို့ ဆိုပါတယ်။

ကာမဂုဏ်ကျူးလွန်ရာမှာ သီလမရှိသူကို ကျူးလွန်ခြင်းထက် သီလရှိသူကို ကျူးလွန်ခြင်းက ပိုလို့အပြစ်ကြီးပါတယ်၊ ပုထုဇဉ် လူသားကို ကျူးလွန်ခြင်းထက် အရိယာ ပုဂ္ဂိုလ်ကို ကျူးလွန် ခြင်းက ပိုလို့ အပြစ်ကြီးပါတယ်၊ ဗုဒ္ဓလက်ထက်တော်က နန္ဒ လုလင်ဟာ ဥပ္ပလဝဏ် ရဟန္တာမကို ကျူးလွန်မိလို့ ချက်ခြင်း အဝီစိငရဲ၌ ကျရတယ်လို့ ဆိုပါတယ်။

မည်သည့် ယောကျ်ား အမျိုးသားမဆို ကိုယ် မပိုင်ဆိုင်တဲ့ အမျိုးသမီးကို ကျူးလွန်ယင် ငရဲကျမှာကတော့ သေချာပါ တယ်၊ ငရဲက လွတ်လာပြန်တော့လဲ ဘဝအမျိုးမျိုးမှာ မိန်းမ

http://www.dhammadownload.com

ဖြစ်လိုက် မိန်းမရှာဖြစ်လိုက် ယောကျ်ားရှာ ဖြစ်လိုက် ခံရမဲ့ အပြင် လူမုန်းများတဲ့ ဘဝ ရန်သူများတဲ့ဘဝ ရှားပါးလာဘ် တိတ်တဲ့ဘဝ ချမ်းသာမဲ့တဲ့ဘဝ တွေနဲ့လဲ ကြုံရတတ် ပါသေး တယ်၊ ဘာမှဟုတ်တဲ့ တဒင်္ဂ အမှောင် ဖုံးလွှမ်းမှုကြောင့် ဘဝ များစွာ ဆုံးရှုံးမှုကို သတိပြုသင့်ပါတယ်။

အမျိုးသမီးတို့မှာလဲ ကာမပိုင်လင် ရှိပါလျက်နဲ့ ယောကျ်ား တပါးနှင့် ကျူးလွန်ကြလျှင် သေတဲ့အခါ ငရဲမှာကျမှာ သေ ချာပါတယ်။ ငရဲကလွတ်ပြန်တော့လဲ ကာမေသု မိစ္ဆာစာရကံ လွန်ကျူးတဲ့ ယောကျ်ားတွေလို အမျိုးမျိုးအဖုံဖုံ ခံကြရပါလိမ့် ဦးမယ်။

အချို့အမျိုးသမီးတွေက ကာမေသု မိစ္ဆာ စာရကံ ဆိုတာ ယောကျ်ားမှာသာရှိတာပါ သူတို့ အမျိုးသမီးတွေမှာ မရှိပါ ဘူးလို့ ပြောကြတယ်၊ အထက်က ပြဆိုခဲ့တဲ့အတိုင်း အမျိုး သမီး တယောက်ဟာ တနည်းနည်းနဲ့ ယောကျ်ား တဦးရဲ့ ကာမပိုင် မယား ဖြစ်နေယင် အခြား ယောကျ်ား တဦးနဲ့ ဖေါက်ပြားလို့ မရပါဘူး၊ တကြိမ်ဖေါက်ပြားတာနှင့်တပြိုင်နက် ငရဲကျမှာ ကေန် ဖြစ်ပါတယ်၊ ငရဲကလွတ်လို့ လူပြန်ဖြစ်လာ ပြန်တော့လဲ ခံရဦးမဲ့ အပြစ်တွေက များလှပါတယ်။ ရှေးဆရာ တော်ကြီးများက အခုလို လင်္ကာစပ်ဆို ထားခဲ့ပါတယ်။

မိစ္ဆာစာရ၊ ကျူးလွန်ကလဲ ၁ မုန်းကြသူများ၊ ၂ ရန်သူပွား ၍၊ ၃ ရှားပါးလာဘ်ငတ်၊ ၄ ချမ်းသာဆိတ်၏၊ ၅ ရောဂါ ၆ ပျော့ပ်၊ ၇ မျိုးယုတ်ခါခါ၊ ၈ မျက်နှာမလှ၊ ၉ အရှက်ရလျက် ၁၀

http://www.dhammadownload.com

လက္ခဏာဏ္ဍန္ဒြေ၊ ယွင်းသွေ့ချိုသိမ်၊ [၁၁]စိုးရိမ်များစွာ၊ [၁၂]ချစ်သူကွာသည်၊ ရှောင်ခါအပြန်အကျိုးတည်း။

၄။ မဟုတ်မမှန် မပြောရခြင်း။

စကားပြောတဲ့ အလုပ်က ကန့်သန့်လို့မရပါဘူး၊ အိပ်ရာက နိုးကထဲက အိပ်ရာဝင်သည်အထိ စကားပြောကြရပါတယ်၊ အမှန်စကားကိုသာ ပြောတတ်တဲ့ သူတို့အဖို့မှာတော့ စကားပြောစရာ အလွန်နဲပါတယ်၊ မုသားများများပြောတတ်သူအဖို့မှာတော့ ပြောစရာစကားတွေ ပေါတတ်ပါတယ်၊ စကားဆိုတာ များများပြောလေ အမှားပါလေပါပဲ၊ စကားနဲနဲပြောလေ အမှားနဲလေပဲ၊ ရှေးကဆရာတော်ကြီးများဟာ စကားပြောရနဲအောင် တပါးတည်း သီတင်းသုံးသတဲ့၊ ရေငုံဆရာတော်ကြီးဆိုတာစစ်ကိုင်းတောင်မှာ အလွန်သတင်းမွှေးခဲ့တယ်၊ စကားပြောရနဲ့အောင် ရေငုံထားလေ့ရှိသတဲ့၊ သီလသမာဓိနဲ့ ပြည့်စုံတော်မူကြတဲ့ ဆရာတော်ကြီးများဟာ ပရိသတ်ကို ညွှန်ခံ စကားပြောရမှာ ဝန်လေးလွန်းလို့ လာရောက် ဖူးမြော်တဲ့ ပရိသတ်ကို ကဲ... ကန်တော့ကြ၊ ကန်တော့ကြလို့ အမိန့်ရှိပြီး ကန်တော့ကျိုး ပေးပြီးတာနှင့်တပြိုင်နက် ပြန်သွားစေလိုတဲ့ အမူအရာကို ပြတော်မူလေ့ရှိပါတယ်။

မြတ်စွာဘုရားက ထမင်းစကား၊ ဟင်းစကား၊ ရပ်စကား ရွာစကား၊ တိုင်းရေး ပြည်ရေးစကား၊ မင်းစိုး ရာဇာစကား စသည်များလို တိရစ္ဆာနကထာထဲမှာ ထည့်ပြီး ရေတွက်ဟော ကြားတော်မူခဲ့ပါတယ်၊ ဟုတ်ပါဘယ်၊ ဒီစကားတွေကမဂ်တရား

http://www.dhammadownload.com

ဖိုလ်တရား နိဗ္ဗာန်တရားတော်တွေနဲ့ စပ်တဲ့စကားတွေလို မဟုတ်ကြပါဘူး၊ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားနဲ့စပ်တဲ့စကားတွေကအစအဆုံး ရှိပေမဲ့ တိရစ္ဆာနကထာခေါ်တဲ့ လောကီစကားတွေက အလွန်တရာကျယ်ဝန်းပါတယ်၊ အစအဆုံးမရှိပါဘူး၊ ပြောလေ ပြောလေ ကျယ်ဝန်းလေပါပဲ၊ ပြောလေ ပြောလေမုသားတွေပါလေပါပဲ၊ ဒါကြောင့်မို့ လူ့လောကသားတွေကိုမဟုတ်တာ မပြောရအောင်"မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ပါ၏"လို့သိက္ခာပုဒ်တခု အနေနဲ့ ဆောက်တည်ရန် ပညတ်ခဲ့တာပါပဲ။

ဟုတ်တာမှန်တာပြောတဲ့လူဟာသေတဲ့အခါမှာလဲ မတွေ့မဝေသေရတယ်၊ သေတာနှင့်တပြိုင်နက်လဲ နတ်ရွာ သုဂတိ ရောက်နိုင်ပါတယ်၊ ဒါကြောင့်မို့ သူတော်ကောင်းပညာရှိ ရဟန်းရှင်လူတွေဟာ မုသားမပြောမိအောင် စကားနည်းနည်းပြောကြတာပါပဲ၊ ကျွန်ုပ်တို့နှင့် ရင်းနှီးသော မိတ်ဆွေတဦးက သူ့ရုံးကပြန်လာတဲ့အခါ အနားကပ်ပြီး ဟိုလူ့အကြောင်း ဒီလူ့အကြောင်းမဟုတ်တာရော ဟုတ်တာရော ပြောတတ်တဲ့ သူ့ရဲ့ဇနီးကို "ငါ့ကိုထူးထူးသယ်သယ်မပြုစုချင်နေပါ၊ နားချမ်းသာစေတဲ့ အလှူကိုတော့ ပေးပါကွာ"လို့ ပြောလေ့ရှိပါသတဲ့၊ သူ့ယောကျ်ားပြန်လာယင် ပြောဖို့ရာ တပုံဘခေါင်းကြီး၊ စကားတွေ စုထားတဲ့သူ့ဇနီးက သူပြောချင်တဲ့ စကားတွေကို မပြောရတော့ နှုတ်ခမ်း-စူသတဲ့။

"မိတ်ဆွေ ကောင်းကောင်းသေချင်သလား၊ သေယင် နတ်ပြည်ရောက်ချင်သလား၊ မတွေ့မဝေ သေရအောင် သေယင်

http://www.dhammadownload.com

နှုတ်ပြည့်ရောက်အောင် မဟုတ်တာမပြောပါနဲ့''လို့ စာကပ်ထားတဲ့ လူတယောက်ကိုလဲ တွေ့ဘူးပါတယ်၊

ဒါကြောင့် စကားအရာ အင်္ဂါလေးပါးတဲ့၊

သုဘာသိတဝါစာ၊ ကောင်းကောင်းမွန်မွန်ပြောတဲ့ စကား၊

ပိယဝါစာ၊ ချစ်စရာကောင်းတဲ့စကား။

သစ္စဝါစာ၊ မှန်ကန်တဲ့စကား။

ဓမ္မဝါစာ-တရားတဲ့စကား၊ ဤအင်္ဂါလေးတန်နဲ့ ညီညွတ်တဲ့ စကားကိုသာ ပြောဖို့လိုအပ်ပါတယ်။

မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်တဲ့သူဟာ သေယင် နတ်ပြည်ရောက်မယ်၊ နတ်ပြည်မှာ နတ်စီးစိမ်တွေ ခံစားပြီးလို့ လူ့ပြည်ပြန်ရောက်လာတဲ့အခါမှာလဲ စကားဝါသ ပြတ်သားတယ်၊ သွားလေးတွေကလဲ လှပတယ်၊ ပါးစပ်က ကြာညိုနံ့ သင်းနိုင်ပါတယ်၊ ဣန္ဒြေသိက္ခာလဲ ရှိပါတယ်၊ သြဇာအာဏာလဲ ရှိပါတယ်၊ ယခုခေတ်မှာ ဒီလိုပုဂ္ဂိုလ်တွေကို တွေ့တဲ့အခါ အော်-သူတို့ဟာ အယင်ဘဝတွေက မုသားကင်းခဲ့လို့ ပါတကားလို့သာ အောင့်မေ့ထိုက်ပါတယ်။

''မုသားမပါ လက်ာမချောတဲ့ဗျာ'' စကားဆိုတာ နားထောင်ကောင်းအောင် မဟုတ်တာလေးရော ဘာလေးရော ထည့်ပြီးတော့ဖြည်းရတာပဲလို့ တချို့က ဆိုကြပါတယ်၊ ဒီလို မုသာဝါဒအိုးတွေ အဖို့ရာမှာတော့ သေယင် ငရဲကျမှာ အမှန်ပါပဲ၊ ပါးစပ်အရသာခံမိလို့ ငရဲကျတာဟာ အလွန်တရာနစ်နာလှပါတယ်၊ ငရဲကလွတ်ဘော့လဲ သွားခေါ်နဲ့ စကား မပီမသ

ထင်သစ်အားနဲ့ ပြောလိုတဲ့စကားကို ရောက်အောင် စပြောနိုင် ဖြစ်ကတ်ပါတယ်၊ ဒါကြောင့်မို့ ရှေး ဆရာတော်ကြီးများက မုသာ ၂၀ ဒါ အပြစ် ဆိုး ၀ါးပုံကို အခုလိုလင်္ကာစီခဲ့ပါတယ်။

မုသာစကား ပြောဆိုငြားမူ (၁) စကားမပြီ (၂)သွား မငြီးတည်း (၃) ပုပ်ညှီပါးစပ် (၄)ခြောက်ကပ်ကိုယ်ရေ (၅) ဣန္ဒြေနောက် (၆) ပုံယွင်းဖောက်၏ (၇) မရောက်သြဇာ (၈) နှုတ်လျှာကြမ်းထော် (၉) လျှပ်ပေါ်လော်လီ (၁၀) စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်အကျိုးတည်း။

၅။ ပူးရစ်စေတတ်သောသေရည်အရက်မသောက်ရခြင်း။

အရက်သေစာ သောက်စားခြင်းဟာ အပြစ်ရှိတယ်လို့ ဆိုတာကို အချို့လူတစုက လက်မခံလိုကြပါဘူး၊ အနောက်တိုင်းသားတွေဟာ အရက်သေစာကို သူတို့ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံပွဲတွေမှာ ဖန်ခွက်ခြင်းတွေပြီး ငြိမ်းချမ်းရေး ချစ်ကြည်ရေးအတွက် ဆုတောင်းရင်း သောက်ကြတဲ့ ဝတ္ထုပစ္စည်းတမျိုးလို့ သဘောထားကြပါတယ်၊ ဒါကိုသဘောကျတဲ့ အနောက်တိုင်းဆန်သူတစုက အရက်သောက်တာအပြစ်ရှိသလားလို့ စောဒကတက်ကြပါတယ်။

အရက်သေစာဟာ မေ့လျော့တတ်တဲ့ မူးရစ် စေတတ်တဲ့ ဝတ္ထုပစ္စည်းဖြစ်လို့ အပြစ်ရှိတယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက ဟော ကြားတော်မူခဲ့တာဖြစ်ပါတယ်၊ အရက်သောက်သူတွေဟာ မိ

http://www.dhammadownload.com

ဖမှန်းမသိ၊ ဘုရားမှန်း တရားမှန်းမသိ၊ ကုသိုလ်မှန်း အကုသိုလ်မှန်းမသိ ဖြစ်တတ်ပါတယ်။

အရက်မူးသူဟာ သူတပါးအသက်ကို သတ်ရမှာလဲ ဝန်မလေးတတ်ပါဘူး၊ သူ့ဘပါးသားမယား စော်ကားရမှာလဲ ဝန်မလေးတတ်ပါဘူး၊ မဟုတ်တာ မမှန်တာပြောရမှာလဲ ဝန်မလေးမတတ်ပါဘူး၊ နိပါတ်တော်တခုမှာ အသားမပါယင်၊ ပွဲတော်တယ်တတ်တဲ့ မင်းတပါးဟာ အရက်မူးနေလေတော့ အသားဟင်းမပါတဲ့အတွက် ပွဲကော်မတယ်ပဲ သူရဲ့ ရင်ခွင်တွင်းက သားကလေးကို သတ်၍ ချက်စေတယ်လို့ ဆိုဂါတယ်။

ဒီလိုပါပဲ အရက်သမားသူခိုးတွေ အရက်သမား ဒု-သ-န သော တွေ အခုခေတ်မှာ နေရာအနှံ့မှာလိုပဲ တွေ့နေရပါတယ်။ တခါက ရပ်ကွက်တခုမှာ လူတယောက်ကို တွေ့ခဲ့ရပါတယ်၊ သူဟာ မယားကို ကြောက်ရတယ်၊ မယားကို ပြန်မပြောဝန့်လေတော့ ပြောစရာလေးတွေကို ထေး ထေး ထားပြီး တလတခါလောက် အရက်သောက်လာကာ မူးမူးရူးရူး နဲ့ တေးထားခဲ့တာလေးတွေကို အိပ်သွန် ဖါမှောက်ပြောတော့တာဘဲ၊ ဒီအခါမှာ "ဟဲ့ နင်ပြောစရာရှိယင် အရက်မသောက်ပဲ ပြောပါလားသေနာရဲ့"လို့ မိန်းမက ပြောတဲ့အခါ "ငါက နင့်ကိုအရက်မသောက်ပဲ မပြောဝန့်လို့ အရက်သောက်ပြောရတာဟ သိလား" လို့ ပြန်ပြောတာကို ကြားရလို့ အိမ်နားနီးချင်းတွေက ဝိုင်းရယ်ကြပါတယ်။

အရက်သေစာ သောက်စားခြင်းဟာ အလွန်ဆိုးဝါးပါဘယ်၊ ဈာန်အဘိညာဉ်ရတဲ့ ရဟန်းမှာပင် ဈာန်အဘိညာဉ်ကွယ်

http://www.dhammadownload.com

ပျောက်စေခဲ့ပါတယ်၊ ဗုဒ္ဓမြတ်ဘုရား ရှေ့လက်ထက်တော်အခါက အရှင်သာဂတ ရဟန်းဟာ စျာန်အဘိညာဉ်ရတဲ့ ပုထုဇဉ်ရဟန်းဖြစ်ပါတယ်၊ တခါက သရက်ပင်ဆိပ်မှာ နဂါးမင်းနဲ့ တန်ခိုးပြိုင်တဲ့အခါ အရှင်သာဂတက အနိုင်ရလို့ ကောသမ္ဗီပြည်သူ ပြည်သားတွေက အရှင်သာဂတ ဆွမ်းခံဝင်လာတဲ့အခါ အိမ်ပေါက်စေ့ ထွက်ပြီး သေရည်အရက်တွေလှူကြသတဲ့၊ ဒီတုန်းက သိက္ခာပုဒ်ကလဲ မပညတ်ရသေးလေတော့ အရှင်သာဂတဟာ အလှန်အကျွံသောက်တဲ့အတွက် မြို့ပေါက်ဝမှာမူးပြီး လဲနေတယ်လို့ ဆိုပါတယ်၊ ဗုဒ္ဓမြတ်ဘုရား တွေ့တော်မူလို့ ကျောင်းတော်သို့တွဲခေါ်ခဲ့ရန် ရဟန်းတော်တို့ကို အမိန့်ပေးလေတော့ ရဟန်းတော်တို့က အရှင်သာဂတကို တွဲခေါ်ခဲ့ပြီး ဗုဒ္ဓမြတ်ဘုရား ရှေ့တော်မှောက်မှာ ဦးခေါင်းထားပြီး ချထားကြပေမဲ့ မူးနေတဲ့ အရှင်သာဂတဟာ ချက်ခြင်း ဦးခေါင်းလှဲလိုက်ပြီး သူ့ခြေထောက်နှစ်ချောင်းကို ဗုဒ္ဓမြတ်ဘုရားဖက် ထားလိုက်ပါသတဲ့၊ အရက်သေစာဟာ ဒီမျှလောက်ဆိုးဝါးပေပါတယ်၊ ဒါကြောင့် အရက်သောက်သူဟာ ကုသိုလ်မှုနဲ့ အကုသိုလ်မှုန်း မသိတတ်ဖူးလို့ ဆိုလိုပါတယ်။

မူးရစ်မေ့လျော့စေတတ်တဲ့ အရာဝတ္ထုတွေဟာ အရက်သေရည်တွေသာ မက ဘိမ်း၊ ကဇော်၊ လော်ဇာ၊ ဆေးခြောက် မာဖီးယား စသည်အားဖြင့် အလွန်များပြားပါတယ်၊ အခုဒီထက် ဆိုးဝါးတဲ့တခဏခြင်း ရူးသွပ်သွားစေတတ်တဲ့ မူးရစ်ဆေးဝါးဘိန်းဖြူဆိုတာ ကမ္ဘာအနှံ့မှာ ပေါ်နေလို့ အထူးနှိမ်နင်းနေရပြီ၊ တိုင်းကလေး ... ... ဘိန်းဖြူ

http://www.dhammadownload.com

သောက်စားမှုကြောင့် ကုသခံနေရတဲ့ လူငယ်လူရွယ်တွေဟာ အတော်များနေပြီလို့ သိရပါတယ်။

အရက်သေစာ သောက်စားတဲ့သူတွေဟာ တဖြေးဖြေး ခြေလက်အင်္ဂါ ပါးစပ်တွေ ချို့တဲ့ပြီး လူစင်မမှီ ဖြစ်လာတဲ့အပြင် သားသမီးများပါ အင်္ဂါချို့တဲ့လာတတ်တာကို သိပ္ပံနည်းအရ သိနေရပါပြီ၊ ဒါကြောင့် အရက်သေစာဟာ အနာဂတ်ဘဝ တို့၌ မကောင်းပြစ်ဘေးခံရမည်သာမက ယခုပစ္စုပ္ပန်မျက်မှောက် ဘဝမှာပင် ဒိဋ္ဌဓမ္မ မကောင်းကျိုးတွေ ခံရကြောင်း သိကြပြီး မူးရစ်စေတတ်တဲ့ ဒီအရက်သေစာတို့ကို မသောက်စားမိအောင် ရှောင်ကြဉ်ဖို့ ကောင်းလှပါတယ်။

အရက်သေစာသောက်စားယင် ဒီဘဝမှာလဲ မကောင်းကျိုး ရမယ်၊ သေလျှင်လဲ ငရဲကျမယ်၊ ငရဲက လွတ်လာပြန်တော့လဲ ရူးတတ်ပါတယ်၊ မေ့တတ်ပါတယ်၊ သူတပါးကျေးဇူး မသိ တတ်ပါဘူး၊ အရှက်အကြောက်မရှိ၊ မကောင်းမှု ဒုစရိုက်ကို လွယ်လွယ်နဲ့ ပြုတတ်ပါတယ်၊ စသည်အားဖြင့် အပြစ်များလှ ကြောင်းကို ရှေးဆရာတော်ကြီးများက အခုလို လင်္ကာဖွဲ့ထား ခဲ့ပါတယ်။

သေရည်သောက်လျှင် သင်္ချမသင့်၌ (၁) ရေးခွင့်မသိ (၂) ပျင်းရိ (၃) မမှုး (၄) ကျေးဇူးမဆပ် (၅) ဟိရောတ္တပ် ကင်း (၆) ပေါင်းမှားတတ်ဘိ အကုသိုလ်ကို မညီးလွယ်စွာ ပြုကျင့် ဆိုသည်၊ ရှောင်ကြဉ်နိုင်မှ ကျိုးတည်။

http://www.dhammadownload.com

ရှစ်ပါးသီလ ဆောက်တည်ပုံ

အဟံဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံဒေထ၊ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ၊ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံဒေထ၊ မေ ဘန္တေ၊

ရှစ်ပါးသီလတောင်းအနက်

ဘန္တေ၊ အရှင်ဘုရား၊ အဟံ၊ တပည့်တော်သည်။ တိသရဏေန သဟ၊ သရဏဂုံ သုံးပါးနှင့် အတူ၊ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံဓမ္မံ၊ ဥပုသ်သီလ တရားကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံကတွာ၊ ချီးမြှောက်သောအားဖြင့်။ သီလံ၊ သီလကို။ ဒေထ၊ ပေးပါကုန်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လဲ။

ဘန္တေ၊ အရှင်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လဲ။

ဤသို့ လူတို့က သီလတောင်းသောအခါ သီလပေးသူအရှင်မြတ်က "ယမဟံဝဒါမိ တံဝဒေထ" ဟုဆိုပါ၏။ ထိုအခါ တောင်းသူက "အာမဘန္တေ" ဟု ဝန်ခံစကားဆိုရ၏၊ အနက်မှာ ... ငါးပါးသီလအတိုင်းပင်။

http://www.dhammadownload.com

နမော တဿ ဘုရားရှိခိုးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သီလပေးရဟန်းတော်က တခေါက်ချပေး၏၊ သီလတောင်းသူက သုံးခေါက်လိုက်ဆို၏။

နမော တဿ ဘုရားရှိခိုး ပါဠိ-အနက်

အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားအလုံးစုံကို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူသော၊ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏ဘုရား။

သရဏဂုံပါဠိ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(အနက်မှာ ငါပါသိလေအတိုင်း ဖြစ်ပါ၏၊ သရဏဂုံ ဆောက်တည်ပြီးနောက် သီလပေးရဟန်းတော်က "တိသရဏ

http://www.dhammadownload.com

ဂမန် ပရိပုဏ္ဏံ”ဟု ဆိုသောအခါ “အာမဘန္တေ”ဟု သီလ တောင်းသူက ဆိုပါ)

ရှစ်ပါးသီလပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပနဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

ရှစ်ပါးသီလအနက်

၁။ ပါဏာတိပါတာ၊ သူ့သပါးအသက်ကိုသတ်ခြင်းမှ။ ဝေရမ ဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိ ယာမိ၊ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ ပေးစွန့်ရှင်ကမပေးသော သူတပါး ပစ္စည်းကို ခိုးယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

http://www.dhammadownload.com

၃။ အဗြဟ္မစရိယာ၊ မမြတ်သောအကျင့်မှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ် မမှန်ပြောခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသောသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်း မူးယစ်စေတတ်သော သေရည်အရက်ကို သောက်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သာသနာ့ဘောင်၏ ဆောင့်တကျ ပမာ ဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာမှုန့်တို့ဖြင့် အတင့်အတယ် အလှပြုအပြင်ပြုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၈။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သောနေရာ၌ လျောင်းစက်နေထိုင်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊

http://www.dhammadownload.com

ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ အပမာဒေန သမ္ပာဒေထ၊ဟု သီလပေးရဟန်းတော်က ဆိုသောအခါ သီလတောင်းသူက အာမဘန္တေ ဟု ဆိုပါ)

ရှစ်ပါးသီလအကြောင်း

ရှစ်ပါးသီလက ဥပုသ်သီလဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှစ်ပါးသီလတောင်းမှာ အဟံ ဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံရယ်လို့ "ဥပေါသထ"ဆိုတဲ့ ပုဒ်ကို ထည့်ထားတာ ဖြစ်ပါတယ်၊ ဒီ "ဥပေါသထ ပါဠိမှ "ဥပုဒ်" ဆိုတဲ့ မြန်မာစကားဖြစ်လာတာပါ၊ ဒါကြောင့် "ဥပုဒ်ဆိုတဲ့ စကားဟာ ပါဠိမှ ဆင်းသက်လာလို့ ပါဠိသက်စကားလို့ ဆိုရပါတယ်။

"ဥပ+ဝသထ"လို့ ပုဒ်ခွဲပြီး တော့ကာ ဥပ-ညစာမစားသူတပါးအသက်မသတ် စတဲ့ အကျင့်ကောင်းတွေနဲ့ ပြည့်စုံ၍၊ ဝသထ-နေခြင်းလို့ အနက်ပြန်ကြပါတယ်၊ ဒါကြောင့် ဥပုသ်စောင့်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ညစာမစားပဲ သူတပါးအသက်မသတ်ပဲ အစရှိတဲ့ အင်္ဂါရှစ်ပါးရှိတဲ့သီလကို ဆောက်တည်ပြီး ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို အာရုံပြုလို့ပဲဖြစ်ဖြစ်၊ ဝိပဿနာ ဘာဝနာရှုမှတ်လို့ပဲဖြစ်ဖြစ်၊အကုသိုလ်စိတ်တွေ မဖြစ်အောင်နေတာကိုပဲ ဥပုသ်စောင့်တယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com

ရန်ကုန် သာသနာ့ရိပ်သာမှာ လာရောက် တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် ရှေးဦးစွာ ရှစ်ပါးသီလ (ဥပုသ်သီလ) ကို ဆောက်တည်ရပါတယ်၊ သီလဆောက်တည်ပြီးမှ ဝိပဿနာ အမှတ်ပေးတရားကို နာကြားရပါတယ်၊ သာသနာ့ရိပ်သာအတွင်းမှာ နေသရွေ့ကာလပတ်လုံးလဲ ရှစ်ပါးသီလ (ဥပုသ်သီလကို) စောင့်ထိန်းရပါတယ်။

ငါးပါးသီလနှင့် ရှစ်ပါးသီလ

ရှစ်ပါးသီလမှာ ငါးပါးသီလထဲက ကာမေသု မိစ္ဆာစာရသိက္ခာပုဒ်နေရာမှာ အဗြဟ္မစရိယသိက္ခာပုဒ်ကို ထည့်ပြီးဆောက်တည်ရတာ ဖြစ်လေတော့ မမြတ်သော ကာမဂုဏ်အကျင့် (ရွာသူတို့၏ အလေ့အကျင့်ဖြစ်တဲ့ မမြတ်သောမေထုန်အကျင့်) ကို ဘယ်သူနဲ့မှ မပြုကျင့်ရတော့ပါဘူး၊ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ဆောက်တည်ထားသူဟာ ဇနီးမောင်နှံ အချင်းချင်းပေါင်းသင်းဆက်ဆံခွင့်ရပေမဲ့ အဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ထားသူအဖို့မှာတော့ ဘယ်သူနဲ့မှ ပေါင်းသင်းဆက်ဆံခွင့်မရဘူးလို့ ဆိုလိုပါတယ်။

ဂျပန်ခေတ်တုံးက တောရွာတရွာမှာ ဘုန်းတော်ကြီးတပါးက လူတိုင်းငါးပါးသီလမြဲအောင် စောင့်ထိန်းကြဖို့ ဟောလေသော "ကျုပ်တို့က အိမ်ထောင်နဲ့နေတာ ဘယ်ကလာ ငါးပါးသီလမြဲမှာတုံး" လို့ သူတို့မိန်းမအချင်းချင်း တီးတိုးပြောသံကို မြို့က အမျိုးသမီးကြီးတဦးက ကြားလို့ "ကာမေသုမိစ္ဆာစာ

http://www.dhammadownload.com

ရသိက္ခာပုဒ်နှဲ့ အဖြဲ့ဟူစရိယသိက္ခာပုဒ်ကိုလဲကွဲအောင် ဟောအံ့မှုပါဘုရား”လို့ လျှောက်သတဲ့၊ ဒီတော့မှ ဘုန်းကြီးက “ငါးပါးသီလ ဆောက်တည်တဲ့သူဟာ ကိုယ့်လင် ကိုယ့်မယားနှဲ့ကာမဂုဏ်ခံစားနိုင်ပါတယ်၊ သူများလင် သူများမယားနှဲ့သာကာမဂုဏ် မခံစားရတော့ပါ၊ ဥပုသ်သီလခေါ်တဲ့ ရှစ်ပါး သီလဆောက်တည်တဲ့ သူကတော့ ကိုယ့်လင်ကိုယ့်မယားနှဲ့လဲ ကာမဂုဏ်ခံစားလို့မရဘူး၊ သူတပါးလင် သူတပါးမယားနှဲ့လဲ ကာမဂုဏ်ခံစားလို့မရဘူးလို့ ပွင့်ပွင့်လင်းလင်းဟောရသတဲ့၊ “ဒီလိုဘုန်းကြီးကောင်းပါလေ့တော်၊ ငါးပါးသီလမြဲဘာခပေါ့” လို့တောကအမျိုးသမီးတွေက ပြောကြသတဲ့။

နေ့လွဲညစာမစားခြင်း

ရှစ်ပါးသီလတွင် ဝိကာလဘောဇနသိက္ခာပုဒ် ပါဝင်ပါတယ်၊ နေ့လွဲညစာစားသည့်ကိစ္စနှင့် ပတ်သက်လို့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက အခုလို ဟောကြားထားပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား တရားတော်ကို နားမလည်တဲ့သူတော့ “ဥပုသ်စောင့်ယင် ထမင်းဆာတာပဲအကျိုးရတယ်” လို့ မဂိုမသောပြောတတ်ကြတယ်၊ သူတို့က ကုသိုလ်အကုသိုလ်ဆိုတာတွေကို ဘာမှ မသိဘူး၊ ထမင်းစားလိုတဲ့ လောဘစိတ်တွေကို ပယ်ရှားပြီး ကုသိုလ်တွေဖြစ်ပွားနေတာကို သူတို့ကမသိကြဘူး၊ သူတို့သိတာကတော့ “အဖျားရောဂါရှိတဲ့သူများမှာ ထမင်းမကျွေးထားယင် ရောဂါပျောက်တတ်တယ်ဆိုတာမျိုးကျတော့ သူတို့သိကြတယ်။

http://www.dhammadownload.com

အဲဒီမှာလဲ စားချင်လျက်နဲ့မစားရတော့ ထမင်းဆာတာပါပဲ၊ 'ဒါပေမဲ့ အဲဒီလိုဆာတာကတော့ ရောဂါပျောက်ခြင်း အကျိုးရှိတယ်ဆိုတာကို ယုံကြည်ပြီးတော့ မကဲ့ရဲ့တော့ဘူး၊ ချီးမွမ်းတောင် ချီးမွမ်းကျသေးတယ်၊ သူတို့က မျက်မှောက် ရုပ်ခန္ဓာဖြစ်ပုံလောက် နားလည်ကြတာကိုး၊ နောင်တမလွန်နဲ့ နာမ်ခန္ဓာအကြောင်းတော့ လုံးလုံး နားမလည်ရှာကြပဲဟာကိုး၊ ဒီတော့ ဒီလိုပြောကြပေမှာပဲ၊ အမှန်ကတော့ ဥပုသ်စောင့်တယ် ဆိုတာဟာ ဖြစ်ပေါ်လာမည့် အကုသိုလ်တွေကို ပယ်စွန့်ပြီး ရှောင်ကြဉ်ခြင်း အစရှိတဲ့ ကုသိုလ်တရားတွေကို နေ့ရောညပါ ပွားနေတာပဲ၊ ရဟန္တာသခင် အရှင်မြတ်တွေဟာ သတ်ခြင်း ခိုးခြင်း မေထုန်မှီဝဲခြင်း လိမ်ခြင်း သေရည်အရက်သောက် ခြင်း အစရှိတဲ့ အကုသိုလ်တရားတွေကို တသက်ပတ်လုံး ပယ် ရှားပြီး သီတင်းသုံးတော်မူကြပါပေတယ်၊ ငါ့မှာဒီကနေ့ တရက် မျှ ဒီသူတော်ကောင်းတရားတွေကို ကျင့်သုံး နေရပေတယ်၊ ဒီ အကျင့် တစိတ်တဒေသဖြင့် ရဟန္တာ အရှင်မြတ်တို့အား အတု လိုက်၍ ပူဇော်ရပါပေတယ်''လို့ ဒီလိုနှလုံးသွင်းပြီး အရိယာ သူတော်ကောင်းတွေက ဥပုသ်စောင့်သုံးကြတာပါ၊

ဒီလို စောင့်နေတဲ့အခါ ထမင်းဆာတာကို သည်းခံပြီး စား ချင်တဲ့ ကိလေသာတွေကို ပယ်နေရတာဟာ အင်မတန်မွန်မြတ် ပါတယ်၊ ဒီလိုမွန်မြတ်တဲ့တရားတွေ မိမိသန္တာန်မှာ ဖြစ်ပေါ် သွားတော့ စိတ်သန္တာန်ဟာ စင်ကြယ်သွားတယ်၊ ဖျားနေတဲ့ လူမှာ အစာဖြတ်လိုက်တာနဲ့ အစာအိမ်စင်ကြယ်ပြီး ရောဂါ

ပျောက်သွားသလိုပါပဲ၊ အဲဒီလို စိတ်သန္တာန်က စင်ကြယ်သွားတဲ့အတွက် ဒီဘဝက သေတဲ့အခါမှာ စင်ကြယ်ကောင်းမြတ်တဲ့ လူနတ်တို့၏ စိတ်အစဉ်ဆက်ပြီး ဖြစ်သွားတယ်၊ ဒါကို "လူဖြစ်သွားတယ် နတ်ဖြစ်သွားတယ်" လို့ ပြောကြရတာပဲ။

(၁၃၂၀-ခုနှစ်သင်းကြန်တွင်းတရားမှ)

အဗြဟ္မစရိယာ သိက္ခာပုဒ်အရ မေထုန်အမှုကို စောင့်စည်းထားတဲ့သူဟာ နေ့လွဲညစာ မစားမှလဲ ကောင်းပါတယ်၊ နေ့လွဲညစာ စားထားတဲ့သူဟာ အင်အား တောင့်တင်းနေလေတော့ ကာမဂုဏ်ကို စိတ်ညွတ်နိုင်ပါတယ်၊ ဒါကြောင့် ဝိကာလဘောဇနသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဟာ အသုံးတရားကောင်းပါတယ်၊ ဒီဝိကာလဘောဇနသိက္ခာပုဒ်ကို စောင့်ထိန်းထားတဲ့အတွက် စားမှု သောက်မှုကိစ္စမရှိတော့လို့ တရားအားထုတ်ဖို့ရာ အချိန်များများ ရပါတယ်၊ ကခြင်း၊ သီချင်းဆိုခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်းတို့ဟာလဲ ကာမဂုဏ်စိတ်ကို ယိုဖိတ်အောင် ပြုလုပ်ပေးတဲ့အပိုကိစ္စတွေပဲ၊ ကာမဂုဏ်တက်ကြွယင် အဗြဟ္မစရိယ သိက္ခာပုဒ်ကျိုးပျက်နိုင်ပါတယ်၊ ဒါကြောင့်မို့ နစ္စဂီတ စတဲ့သိက္ခာပုဒ်ကို ဆောက်တည်ရတာပါပဲ။

နောက်အနေနဲ့ မြင့်တဲ့ကုတင်ကြီးတွေမှာ အိပ်ရတဲ့အခါ ပျော့ပြောင်းတဲ့ အိပ်ရာတွေမှာ အိပ်ရတဲ့အခါ သာယာကြည်နူးပြီး စိတ်ကူးတွေ ရှိလာတတ်ပါတယ်၊ ဒီအခါမှာ ကာမဂုဏ်တွေ ဝင်လာတတ်ပြီ၊ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကိုလဲ

http://www.dhammadownload.com

ရှစ်ပါးသီလရဲ့ အင်္ဂါတပါးအနေနဲ့ ဆောက်တည်ရတာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ ဘုရား ရဟန္တာအစရှိသော အရိယာသူတော်ကောင်းတို့ အမြဲမပြတ်ကျင့်သုံး တော်မူကြတဲ့ ဒီဥပေါသထသီလခေါ်တဲ့ ရှစ်ပါးသီလကို လဆန်း ၈-ရက် လဆုတ် ၈-ရက် လပြည့် လကွယ် ဥပုသ်နေ့တိုင်း ဗုဒ္ဓသာသနာကို သက်ဝင် ယုံကြည်သူ သူတော်ကောင်းတိုင်း စောင့်ထိန်းကြဖို့ရာ တိုက်တွန်းပါတယ်။

ရှစ်ပါးသီလအကြောင်းပြီး၏။

http://www.dhammadownload.com

ရတနာမြတ် ၃-ပါး ရှိခိုး
ဘုရားဂုဏ်တော် (၉) ပါး ရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ မကြံဆမနိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်အပေါင်း အနန္တနှင့် လုံးဝ ဉဿုံပြည့်စုံတော်မူပေသော မြတ်စွာဘုရား။ ။

၁။ (က) အရဟံ-လွန်ကဲထူးမြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

(ခ) အရဟံ-ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား။

(ဂ) အရဟံ-လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

(ဃ) အရဟံ-သံသရာစက်၏ အထောက်အကန့်တို့ကိုချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(င) အရဟံ-မျက်မှောက် မျက်ကွယ် အချင်း ခပ်သိမ်းစင်ကြယ်၍ ဆိတ်ကွယ်ရာမရှိတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ-သစ္စာလေးပါးခပ်သိမ်းသော တရားတို့ကို သူတပါး အဆ-နည်းမခံပဲ ကိုယ်တိုင်ဉာဏ်ဟုန်အစွမ်းဖြင့်

http://www.dhammadownload.com

စူးစမ်းရှာဖွေကာ မှန်ကန်စွာသိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃-ပါး ဉာဏ်ထူး ၈-ပါး၊ စရဏမည်သော အခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ (က) သုဂတော-သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သောစကားကောင်းကိုသာ မြွက်ဆိုတော်မူတတ်ပေသော မြတ်စွာဘုရား။

(ခ) သုဂတော-မဂ္ဂင်ရှစ်ပြာ တင့်တယ်သော အမူအယာဖြင့် ကောင်းစွာသွားခြင်း ကောင်းစွာဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ-လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ (က) အနုတ္တရော - အမြင့်အမြတ်ဆုံးဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လောကခါတ်အလုံး၌ အမြင့်အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

(ခ) ပုရိသဓမ္မသာရထိ-ယဉ်ကျေးလိမ္မာ ပညာအသိမရှိကြသေး မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမသွန်သင်တော်မူတတ်ပေသော မြတ်စွာဘုရား။

http://www.dhammadownload.com

(ဂ) အနုတ္တရာ ပုရိသဒမ္မသာရထိ-ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြား သွန်သင်၍ ဖြင့်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝ မနုဿာနံ-ချမ်းသာရကြောင်း လမ်းကောင်း ညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာမြတ် စစ် ဖြစ်တော်မူသော မြတ်စွာ ဘုရား။

၈။ ဗုဒ္ဓေါ-တရားအလုံးစုံကို အကုန်သိတော်မူသော မြတ်စွာ ဘုရား။

၉။ ဘဂဝါ-ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တတို့နှင့် လုံးဝပြည့်စုံတော် မူသော မြတ်စွာဘုရား။

ဤသို့ အစရှိသော ကိုးပါးသော ဂုဏ်တော် ဆယ်ပါးသော ဂုဏ်တော် အနန္တဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတည်တော်သည် ရှိသောမြတ်နိုး လက်အုပ်ချီ၍ ရှိခိုး ပူဇော်ဖူးမြော်ခန့်ညွှတ် ကန်တော့ပါ၏ မြတ်စွာဘုရား။ ။

http://www.dhammadownload.com

တရားဂုဏ်တော် ၆-ပါး ရှိခိုး

ဘဂဝတာ-မြတ်စွာဘုရားသည်၊ အက္ခါတော · ဟော ကြားအပ်သော ဓမ္မော-တရားတော်သည်-

၁။ သွာက္ခာတော-ကိလေသာ ငြိမ်းကြောင်း ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော တရားတော်မြတ်ပါပေ တကား။

၂။ သန္ဒိဋ္ဌိကော - ကျင့်ကြံအားထုတ်လျှင် မျက်မှောက် ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေ တကား။

၃။ အကာလိကော-အချိန်အခွင့် မဆိုင်းလင့်ပဲ အသင့် လက်ငင်း ချက်ခြင်း အကျိုးပေးတတ်သော တရား တော်မြတ် ပါပေတကား။

၄။ ဧဟိ ပဿိကော-လာပါ ကြည့်လှည့်ပါဟု ကျင့်ကြံ အားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရား တော်မြတ် ပါပေတကား။

၅။ ဩပနေယျိကော-မိမိသန္တာန်၌ တည်အောင် ကျင့် ဆောင်ထိုက်သော တရားတော်မြတ် ပါပေတကား။

၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ-တရားမြင်သိသည့် ပညာရှိ ရှင်ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့် ကိုယ် အသီးသီးသိမြင် ခံစားရသော တရားတော်မြတ် ပါပေ တကား။

http://www.dhammadownload.com

သွာက္ခာတအင်္ဂါရှိသော ဤဂုဏ်တော် ၆-ပါးနှင့်ပြည့်စုံတော်မူသော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

http://www.dhammadownload.com

သံဃာဂုဏ်တော် ၉-ပါး ရှိခိုး

ဘဂဝတော-မြတ်စွာဘုရား၏ သာဝက သံဃော-တပည့်သား အပေါင်း သံဃာတော်သည်-

၁။ သုပ္ပဋိပန္နော-သောဘာ- ဒေါသ မောဟ ကင်းကြောင်း (သီလ၊ သမာဓိ၊ ပညာအကျင့်ကောင်းကို)ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၂။ ဥဇုပ္ပဋိပန္နော - ကိုယ်နှုတ်စိတ်သား အကောက်သုံးပါး ကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော် ပါပေတကား။

၃။ ဉာယပ္ပဋိပန္နော-ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အလိုငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေ တကား။

၄။ သာမီစိပ္ပဋိပန္နော-သူများကပူဇော်ရှိခိုးသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာ တော်မြတ်ပါပေတကား။

၅။ အာဟုနေယျော-အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက် သော သံဃာတော်မြတ် ပါပေတကား။

၆။ ပါဟုနေယျော-ချစ်မြတ်နိုးအပ်သည့် ဧည့်သည်များ အဘို့က် အထူးပြုပြင်ထားသော စားကောင်းသောက်

http://www.dhammadownload.com

ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက်ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ ဒက္ခိဏေယျော- နောင်တမလွန်လောက၌ ကောင်းကျိုးရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ် ပါပေတကား။

၈။ အဉ္ဇလိကရဏီယော- ကောင်းကျိုး ချမ်းသာ မှန်စွာရမည်ဟု ယုံကြည်ပျော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော် မြတ်ပါပေ တကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ- ကောင်းမှု မျိုးကို စိုက်ပျိုးရန်အလို့ငှါ သတ္တဝါ အပေါင်း၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာမြတ်ပါပေတကား၊

သုပ္ပဋိပန္န အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော် မူသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးပါး ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးပါး အားဖြင့် ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ပုးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ရတနာပြတ်သုံးပါး ဂုဏ်တော် ဘုရားရှိခိုး ပြီး၏။

http://www.dhammadownload.com

ပါရမီ ၁၀ ပါး ဘုရားရှိခိုး

၁။ ယော ဗုဒ္ဓေါ သသဇာတိယံ ဒေဟံ ကာယံ သစ္စိယ ဒါနဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ ဒါနဝရံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

ယော ဗုဒ္ဓေါ- အကြင် မြတ်စွာဘုရားသည်၊ သသဇာတိယံ- ယုံမင်းဖြစ်တော်မူသော အခါ၌၊ ဒေဟံ ကာယံ-ကိုယ်တော်ကို၊ သစ္စိယ- စွန့်တော်မူ၍၊ ဒါနဝရံ- ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ။ တံ ဗုဒ္ဓံ- ထိုမြတ်စွာ ဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုး ပါ၏။ တေန- ထိုသို့ ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ်သည်လည်း၊ ဒါနဝရံ- ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထ ပါရမီကို၊ ပူရေန္တော-ဖြည့်ခြင်းငှါ၊ သမတ္ထော- စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျ်ားမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၂။ ယော ဗုဒ္ဓေါ နာဂသပ္ပေါ သီလဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ တေနာဟမ္ပိ သီလဝရံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

ယော ဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ နာဂသပ္ပေါ-သင်္ခပါလ နဂါးမင်းသည်၊ ဟုတွာ- ဖြစ်တော်မူ၍၊ သီလဝရံ-သီလပါရမီ၊ သီလဥပပါရမီ၊ သီလ ပရမတ္ထ ပါရမီကို ပူရေသိ-ဖြည့်ကျင့်တော် မူလေပြီ၊ တံ ဗုဒ္ဓံ- ထိုမြတ်စွာ ဘုရားကို၊ အဟံ-

http://www.dhammadownload.com

အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏၊ တေန- ထိုသို့ ရှိခိုးရသော ကုသိုလ် စေတနာကြောင့်၊ အဟမ္ပိ-အကျွန်ုပ်သည်လည်း၊ သီလ ဝရံ-သီလပါရမီ၊ သီလ ဥပပါရမီ၊ သီလ ပရမတ္ထ ပါရမီကို၊ ပူရေတွာ-ဖြည့်ခြင်းငှါ၊ သမတ္ထော-စွမ်းနိုင်သော၊ ပုရိသုတ္တမော-ယောကျ်ားမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၃။ ယော ဗုဒ္ဓေါ သုဘသောမော ဟုတွာ နိက္ခမဝရံ ပူရေသိ၊ ဧတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ နိက္ခမဝရံ ပူရေတွာ ပုရိသုတ္တမော ဘဝေယျံ။

ယောဗုဒ္ဓေါ- အကြင်မြတ်စွာဘုရားသည်၊ သုဘ-သောမော-သုဘသော မင်းဖြစ်၍ ဟုတွာ- ဖြစ်တော်မူ၍၊ နိက္ခမဝရံ-နိက္ခမပါရမီ၊ နိက္ခမဥပပါရမီ၊ နိက္ခမပရမတ္ထ ပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူခဲ့ပြီ၊ ဧတံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိခိုးပါ၏၊ တေန-ထိုသို့ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ-အကျွန်ုပ်သည်လည်း၊ နိက္ခမဝရံ-နိက္ခမပါရမီ၊ နိက္ခမဥပပါရမီ၊ နိက္ခမ ပရမတ္ထပါရမီကို၊ ပူရေတွာ-ဖြည့်ခြင်းငှါ၊ သမတ္ထော- စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျ်ားမြတ်သည်၊ ဘဝေယျံ-ဖြစ်ရပါလို၏။

၄။ ယော ဗုဒ္ဓေါ သေနကော ဟုတွာ ပညာဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ ပညာဝရံ ပူရေတွာ ပုရိသုတ္တမော ဘဝေယျံ။

ယောဗုဒ္ဓေါ- အကြင် မြတ်စွာ ဘုရားသည်၊ သေနကော- သေနကညာရှိသည်။ ဟုတွာ- ဖြစ်တော်မူ၍၊ ပညာဝရံ-

http://www.dhammadownload.com

ပညာပါရမီ၊ ပညာဥပပါရမီ, ပညာပရမတ္ထ ပါရမီကို၊ ပူရေသိ- ဖြည့်ကျင့်တော် မူလေပြီ၊ တံဗုဒ္ဓံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိခိုးပါ၏။ တေန-ထိုသို့ရှိခိုးရသောကုသိုလ်စေတနာကြောင့်၊ ပညာသေဋ္ဌံ- ပညာပါရမီ, ပညာဥပပါရမီ, ပညာပရမတ္ထ ပါရမီကို၊ ပူရေန္တော-ဖြည့်ခြင်းငှါ၊ သမတ္ထော၊ စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျာ်းမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၅။ ယော ဗုဒ္ဓေါ- ဝိဒေဟိန္ဒော- ရာဇာဟုတွာ ဝီရိယံပူရေသိ၊ တံဗုဒ္ဓံ အဟံဝန္ဒာမိ၊ တေနာဟမ္ပိ ဝီရိယံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

●ယော ဗုဒ္ဓေါ- အကြင် မြတ်စွာ ဘုရားသည်၊ ဝိဒေဟိန္ဒော- ဝိဒေဟရာဇ်တိုင်းကို အစိုးရသော၊ ရာဇာ- မင်းသည်၊ ဟုတွာ- ဖြစ်တော်မူ၍၊ ဝီရိယံ-ဝီရိယပါရမီ, ဝီရိယဥပပါရမီ, ဝီရိယ ပရမတ္ထ ပါရမီကို၊ ပူရေသိ- ဖြည့်ကျင့်တော် မူလေပြီ၊ တံဗုဒ္ဓံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏။ တေန- ထိုသို့ ရှိခိုးရသော စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ်သည်လည်း၊ ဝီရိယံ-ဝီရိယပါရမီ, ဝီရိယဥပပါရမီ, ဝီရိယပရမတ္ထ ပါရမီကို၊ ပူရေန္တော- ဖြည့်ခြင်းငှါ၊ သမတ္ထော- စွမ်းနိုင်သော၊ ပုရိသုတ္တမော-ယောကျာ်းမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၆။ ယော ဗုဒ္ဓေါ ခန္တိဝါဒီ ဟုတွာ ခန္တိ သေဋ္ဌံ ပူရေသိ၊ တံဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ ခန္တိသေဋ္ဌံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

http://www.dhammadownload.com

ယော ဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ ခန္တိဝါဒီ- ခန္တိဝါဒ ရှိရေသည်၊ ဟုတွာ- ဖြစ်တော်မူ၍၊ ခန္တိသေဋ္ဌံ - ခန္တိပါရမီ, ခန္တိဥပပါရမီ, ခန္တိပရမတ္ထ ပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ၊ တံဗုဒ္ဓံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏၊ တေန- ထိုသို့ ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ် သည်လည်း၊ ခန္တိသေဋ္ဌံ- ခန္တိပါရမီ, ခန္တိဥပပါရမီ, ခန္တိပရမတ္ထပါရမီကို၊ ပူရေတွာ-ဖြည့်ခြင်းငှါ- သမတ္ထော- စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျ်ားမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၇။ ယော ဗုဒ္ဓော တေမိယော ဟုတွာ အဓိဋ္ဌာနဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ၊ အဓိဋ္ဌာနဝရံ ပူရေတွာ ပုရိသုတ္တမော ဘဝေယျံ။

ယော ဗုဒ္ဓော- အကြင် မြတ်စွာဘုရားသည်၊ တေမိယော- တေမိမင်းသည်၊ ဟုတွာ-ဖြစ်တော်မူ၍ အဓိဋ္ဌာနဝရံ-အဓိဋ္ဌာန်ပါရမီ, အဓိဋ္ဌာန် ဥပပါရမီ, အဓိဋ္ဌာန် ပရမတ္ထပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ၊ တံ ဗုဒ္ဓံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိခိုးပါ၏၊ တေန-ထိုသို့ရှိခိုးရသောကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ်သည်လည်း၊ အဓိဋ္ဌာနဝရံ- အဓိဋ္ဌာန်ပါရမီ, အဓိဋ္ဌာန် ဥပပါရမီ, အဓိဋ္ဌာန်ပရမတ္ထပါရမီကို၊ ပူရေတွာ-ဖြည့်ခြင်းငှါ၊ သမတ္ထော-စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျ်ားမြတ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

http://www.dhammadownload.com

၈။ ယော ဗုဒ္ဓော သုဘာသောမော ဟုတွာ သစ္စဝရံ ပူရေသိ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ တေနာဟမ္ပိ သစ္စဝရံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

ယောဗုဒ္ဓော-အကြင်မြတ်စွာဘုရားသည်၊ သုဘာသောမော- သုဘာသောမမင်းသည်၊ဟုတွာ-ဖြစ်တော်မူ၍ သစ္စဝရံ-သစ္စာပါရမီ, သစ္စာဥပပါရမီ, သစ္စာပရမတ္ထ ပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ၊ တံဗုဒ္ဓံ-ထိုမြတ်စွာ ဘုရားကို၊ အဟံ-အ ကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏၊ တေန- ထိုသို့ ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ် သည်လည်း၊ သစ္စဝရံ- သစ္စာပါရမီ, သစ္စာဥပပါရမီ၊ သစ္စာပရမတ္ထပါရမီကို၊ ပူရေန္တော ဖြည့်ခြင်းငှါ- သမတ္ထော- စွမ်းနိုင်သော၊ ပုရိသုတ္တမော- ယောကျ်ားဖြစ်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။

၉။ ယော ဗုဒ္ဓော ကောဘူပေါ ဟုတွာ မေတ္တာဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံဝန္ဒာမိ၊ တေနာဟမ္ပိ မေတ္တာဝရံ ပူရေန္တော ပုရိသုတ္တမော ဘဝေယျံ။

ယောဗုဒ္ဓော- အကြင်မြတ်စွာဘုရားသည်၊ ကောဘူပေါ- ကောရဗ္ဗမင်းသည်၊ ဟုတွာ- ဖြစ်တော်မူ၍၊ မေတ္တာဝရံ-မေတ္တာပါရမီ မေတ္တာဥပပါရမီ, မေတ္တာပရမတ္ထပါရမီကို၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ၊ တံဗုဒ္ဓံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏။ တေန- ထိုသို့ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊ အဟမ္ပိ- အကျွန်ုပ်သည်လည်း၊ မေတ္တာဝရံ- မေတ္တာပါရမီ, မေတ္တာဥပပါရမီ, မေတ္တာပရမတ္ထ ပါရမီကို၊

http://www.dhammadownload.com

ပုရေဒက္ခာ-ဖြည့်ခြင်းငှါ၊ သမတ္တော-စွမ်းနိုင်သော၊ ပုရိသုဘ္ဘာဇမော ယောကျ်ားမြတ်သည်၊ ဘဝေယျ-ဖြစ်ရပါလို၏။

၁၀။ ယော ဗုဒ္ဓေါ လောမဟံသော ဟုတွာ ဥပေက္ခာဝရံ ပူရေသိ၊ တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ၊ တေနာဟမ္ပိ ပူရေတွာ ပုရိသုတ္တမော ဘဝေယျ။

ယောဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ လောမဟံသော-လောမဟံသမင်းသည်၊ ဟုတွာ-ဖြစ်တော်မူ၍၊ ဥပေက္ခာဝရံ-ဥပေက္ခာပါရမီ၊ ဥပေက္ခာဥပပါရမီ၊ ဥပေက္ခာပရမတ္ထပါရမီ၊ ပူရေသိ-ဖြည့်ကျင့်တော်မူလေပြီ၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည် ဝန္ဒာမိ-ရှိခိုးပါ၏၊ တေန-ထိုသို့ ရှိခိုးရသော ကုသိုလ်စေတနာကြောင့်၊အဟမ္ပိ-အကျွန်ုပ်သည်လည်း၊ ဥပေက္ခာဝရံ-ဥပေက္ခာပါရမီ၊ဥပေက္ခာဥပပါရမီ၊ဥပေက္ခာပရမတ္ထပါရမီကို၊ ပူရေတွာ-ဖြည့်ခြင်းငှါ၊ သမတ္တော-စွမ်းနိုင်သော၊ ပုရိသုတ္တမော-ယောကျ်ားမြတ်သည်၊ ဘဝေယျ-ဖြစ်ရပါလို၏။

ပါရမီ (၁၀) ပါး ဘုရားရှိခိုးပြီး၏။

(ဤပါရမီ ၁၀-ပါး ဘုရားရှိခိုးကို မိတ္ထီလာမြို့ ပန်သွင်းရွာ ကျောင်းကြီး၌ ၁၂၀၀- ပြည့်နှစ်က ပျံလွန်တော်မူခဲ့သော ဘုန်းတော်ကြီး ခင်ကြီးခို (ဦးမမွ) လက်ဆက်မှစ၍ ဘုန်းတော် ကြီး အဆက်ဆက်တို့က ယနေ့တိုင်အောင် ကပည့်ကျောင်းသား ရှင်ငယ်တို့အား သင်ကြားပေးလာသော ဘုရားရှိခိုး ဖြစ်ပါ၏၊ ရေးသူမသိပါ)

http://www.dhammadownload.com

ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိခိုး

သုတ္တန္တေ့နနု အာကာရာ၊ အဘိဓမ္မေ နနု ဩရောဃာ၊
ဝိနယေ နနု ဥပဋ္ဌာ၊ ဧတေ ဝန္ဒာမိ သဗ္ဗဒါ။
ပုညေနေ တေန သဗ္ဗမှိ၊ ပိဋကံ ဇိနဘာသိတံ၊
ဓာရယံ ဝါစယံ သိက္ခံ၊ ပပ္ပေါမိ အမတံ ပဒံ။ ။

သုတ္တန္တေ-ဝေါဟာရ ဒေသနာတော်မြတ် သုတ္တန်ပိဋကတ်၌၊ နနုအာကာရာ- နှစ်သောင်း တထောင် များမြောင်သချာ ဓမ္မက္ခန္ဓာ စေတီတို့သည်၊အတ္ထိ-သန္တိ-ထင်ရှားပုံသေ ရှိပေကုန်၏၊ အဘိဓမ္မေ-ပရမတ္ထ ဒေသနာတော်မြတ် အဘိဓမ္မာပိဋကတ်၌၊ နနုဩရောဃာ- လေးသောင်း နှစ်ထောင် များမြောင်သချာ ဓမ္မက္ခန္ဓာ စေတီတို့သည်၊ အတ္ထိ-သန္တိ-ထင်ရှားပုံသေ ရှိပေကုန်၏၊ ဝိနယေ အာနာဒေသနာတော်မြတ် ဝိနည်းပိဋကတ်၌၊ နနုဥပဋ္ဌာ-နှစ်သောင်း တထောင် များမြောင်သချာ ဓမ္မက္ခန္ဓာ စေတီတို့သည်၊ အတ္ထိ-သန္တိ-ထင်ရှားပုံသေ ရှိပေကုန်း၏၊ဧတေ-သုံးရပ်စုပေါင်း ရှစ်သောင်း လေးထောင် များမြောင်သချာ ဓမ္မက္ခန္ဓာစေတီတို့ကို၊အဟံ-အကျွန်ုပ်သည်၊သဗ္ဗဒါ—နေ့ညဆက်ကာ ခပ်သိမ်းသောအခါ၌၊ ဝန္ဒာမိ-ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

ဧတေန ပုညေန- ဤသို့ရှိခိုးသော ကောင်းမှုကံ စေတနာကြောင့်၊ ဇိနဘာသိတံ—မြတ်စွာဘုရား ဟောကြားတော်မူအပ်သော၊ သဗ္ဗမှိ-ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်သော၊ ပိဋကံ-သုတ္တန်ဝိနည်း-အဘိဓမ္မာ သုံးဖြာသော ပိဋကတ်ကို၊ ဓာရယံ-

http://www.dhammadownload.com

အာရုံ နှုတ်ဘက် ဆောင်ရွက်လေ့လာနိုင်သည်ဖြစ်ခြင်း၊ ဝါစယံ နာယူလိုသော သူတပါးကို သင်ကြားပို့ချ ဟောညွှန်ပြနိုင်သည် ဖြစ်ခြင်း၊ သိက္ခာ-ပိဋကတ်တော်လာ သိက္ခါသုံးရပ် ပဋိပတ်ကို လေးမြတ်စွာ ကျင့်သုံးဆောက်တည်နိုင်သည် ဖြစ်ခြင်း၊ အမတံ ပဒံ ... သဒြင်းကောင်းရာ ခေမာပုရ အမတသို့၊ ပပ္ပေါမိ-လေးပါး မဂ်ဉာဏ် ဘေးမဲ့ဖြင့် လျှင်မြန်ထုတ်ခြောက် မကြာရောက်၍ မျက်မှောက်ပြုရပါလို၏ ဘုရား။

(မုံကွ... ကလေးချောင်း ဆရာကြီး ဒေါ်ဓမ္မစာရီထံမှ ရသည်၊ ရှေးအဆရာတော်ကြီးတို့ ရေးခဲ့သောမူ)

ဉာဏ်ဝဉ်(၁၆)ပါး ဘုရားရှိခိုး

(ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမူ)

၁။ နာမရူပ ပရိစ္ဆေဒံ၊ တပ္ပစ္စယ ပရိဂ္ဂဟံ။
တံ သမ္မသနံ ဥဒယ-ဗ္ဗယ ဉာဏဉ္စ ဘင်္ဂံ။ ။
၂။ ဘယဉာဏံ အာဒီနဝ-ဉာဏဉ္စ နိဗ္ဗိဒံ အထ။
မုဉ္စိတုကမျတံ ပဋိ-သင်္ခံ သင်္ခါ ရုပေက္ခကံ။ ။
၃။ အနုလောမဉ္စ ဂေါတြဘုံ၊ မဂ္ဂဉာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏာ ဉာဏန္တိ၊ တိလောကမှိပိ ကေနစိ။ ။
၄။ အဒေသိယေ သာသနိကော၊ ဉာဏိမေ သောဠသုတ္တမေ။
ဒေသေတာရံ မဝတ္ထာရံ၊ ဗုဒ္ဓံ တိဟာဒရံ နမေ။ ။

၁။ နာမရူပပရိစ္ဆေဒံ- နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော နာမရူပပရိစ္ဆေဒဉာဏ်ရင်း၊

http://www.dhammadownload.com

၂။ ပစ္စယပရိဂ္ဂဟံ-ထိုနာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်ရင်း။

၃။ သမ္မသနံ-ထိုနာမ်ရုပ်တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့် သုံးသပ်ဆင်ခြင်၍သိမြင်သော သမ္မသနဉာဏ်ရင်း။

၄။ ဥဒယဗ္ဗယဉာဏဉ္စ-နာမ်ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်လာခြင်း,ဖြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီးသွားခြင်းကို ရှုမှတ်ထင်ထင် သိမျင်သော ဥဒယဗ္ဗယဉာဏ်ရင်း။

၅။ ဘင်္ဂံ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင် သိမြင်သော ဘင်္ဂဉာဏ်ရင်း။

၆။ ဘယဉာဏဉ္စ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်သဖြင့် ကြောက်လန့်ဘွယ် ဘေးကြီးအဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်ရင်း။

၇။ အာဒီနဝဉာဏဉ္စ၊ နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ရာမထင် အပြစ်မြင်သော အာဒီနဝဉာဏ်ရင်း။

၈။ နိဗ္ဗိဒံ၊ နာမ်ရုပ် သင်္ခါရတို့၏ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ရင်း။

အထ=အနက်သဘောတူသော ရှေ့ဉာဏ်သုံးပါးမှ တပါး အနက်သဘောတူသော နောက်ဉာဏ်သုံးခုကား-

၉။ မုဉ္စိတုကမျတံ၊ နာမ်ရုပ် သင်္ခါရတို့မှ အလုံးအမင်း လွတ်ကင်း ထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်ရင်း။

၁၀။ ပဋိသင်္ခံ၊အလွန်အမင်း လွတ်ကင်းထွက်မြောက်လိုလှသဖြင့် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စအစရှိသော လေးဆယ်

http://www.dhammadownload.com

သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ၊ ဒုက္ခ အနတ္တအနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်ရင်း။

၁၁။ သင်္ခါရုပေက္ခာကား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေအားဖြင့် ကောင်းကောင်းသင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရသဖြင့် အလွန်ပြင်းထန်သော လုံးလကိုလည်း မပြု၊ ထိုနာမ်ရုပ် သင်္ခါရတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း နှစ်ပါးကိုလဲ ပယ်စွန့်၍ သိရုံသိရုံသာ အညီအမျှရှုသော သင်္ခါရုပေက္ခာဉာဏ်ရင်း။

၁၂။ အနုလောမဥ္စ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် တပါးပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှေးဉာဏ်ရှစ်ပါး၊ နောက်မဂ္ဂသစ္စာအားလျော်သော ဂေါတြဘူ၏ရှေး အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်ဖြစ်သော အနုလောမဉာဏ်ရင်း။

၁၃။ ဂေါတြဘုံ၊ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်၏ရှေးအဖို့၌ တကြိမ်မျှသာ ဖြစ်သော ဂေါတြဘူဉာဏ်ရင်း။

၁၄။ မဂ္ဂဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာလေးပါးကို တပြိုင်နက်သိသော မဂ်ဉာဏ်ရင်း။

၁၅။ ဖလံ၊ မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော ဖိုလ်ဉာဏ်ရင်း။

၁၆။ တထာ၊ ထိုမှတပါး။ ပစ္စဝေက္ခဏာဉာဏ်၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ၊ မပယ်ရသေးသောကိလေ

သာအားဖြင့် ဤငါးပါးသော တရားစုတို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ရှင်း။

ဣဘိ၊ ဤသို့၊ တိလောကမှိ၊ ကာမရူပ အရူပဟု လောကသုံးဖြာ စကြာဝဠာ ရှိသမျှ အနန္တမဆုံး သောကကြီးဘခုလုံး၌၊ ဧကနစိ၊ နတ်လူဗြဟ္မာ သတ္တဝါတဦးဟယောက်မျှသော်လည်း။ အဒေသိယေ၊ မကြားမနာကြုံစည်ကာဖြင့် ယဘာဘူဘ အမှန်ကျအောင် ဟောပြခြင်းငှာ မစွမ်းနိုင်ရာကောင်းကုန်သော။ သာသနိကော ဗုဒ္ဓမြတ်စွာ သာသနာ့တော်ကြီး အတွင်း၌သာလျှင် ပေါ်လင်းဖြစ်ထွန်းနိုင်ကောင်းကုန်သော။ ဥတ္တရေ၊ လောကီပညာအရုပ်ချုပ်တို့ထက် ထူးကဲမြင့်မြတ်ကုန်သော။ ဣမေသောဋ္ဌသဉာဏေ၊ ဤ (၁၆)ပါးသောဉာဏ်တို့ကို။ ဒေသေတာရံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင်လှလှ အမှန်အကန်သိရ၍ လှစ်ဟထုတ်ဖော် ဟောကြားတော်မူပြီးသသော။ ပဘတ္တာရံ၊ မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ဗြဟ္မာနတ်လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သောစိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော်မူတတ်ပေဆသော။ ဗုဒ္ဓံ၊ သဗ္ဗညုတဉာဏ်တော်ရှင်မြတ်စွာဘုရားသခင်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ တိဟိ၊ ကာယညွှတ်ချိ ဝစီမနု သုံးဒွါရတို့ဖြင့်။ နမေ-နမာမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

http://www.dhammadownload.com

ဤစာအုပ်မမွဒါနရှင်များ

၁။ ဦးအောင်ကျော် ဒေါ်စာ နှင့် သားသမီး
မြေးများ ကုန်စုံဆိုင်၊ ဆန်တန်း ဈေး
အတွင်း၊ မိတ္ထီလာ မြို့။ (မြေးများ ရှင်ပြု
ပင်လာပွဲ၌ လှူရန်) .... အုပ်ရေ-၇၀၀။ ★

၂။ ဆရာတော် ဦးအာသဖ နာယက ကမ္မဋ္ဌာ
နာစရိယ ဆရာတော် သာသနာ့ရိပ်သာ
မြိတ် မြို့ ။ .... အုပ်ရေ-၃၀၀။

၃။ ညောင်ကန် အရှင်ဣန္ဒက နှင့် တပည့်များ
(၅) တိုက် သာသနာ့ရိပ်သာ ကုက္ကိုင်း
ရန် ကုန် မြို့ ။ .... အုပ်ရေ-၁၀၀။

၄။ ဦးစိန်ဖေ ဒေါ်ဦး နှင့် သားသမီး များ
၂၅၊ ဂွတ္တလိတ်လမ်း၊ ရန်ကုန်မြို့ ။ .... အုပ်ရေ-၁၀၀။

၅။ ဒေါ်ထွေး နှင့် သား မောင် ကျော်ညွန့်၊
၁၀၄၊ ရွှေဘုံသာလမ်း၊ ရန် ကုန် မြို့ ။ .... အုပ်ရေ-၁၀၀။

၆။ ဒေါ်ချမ်း နှင့် မောင်နှစ်မတစုကိုလီလမ်း၊
ရန် ကုန် မြို့ ။ .... အုပ်ရေ-၁၀၀။

၇။ မင်္ဂလာ ဦးအောင်မြင့် ဒေါ်သိန်းတင်နှင့်
သမီး မဉူအောင် ရန်ကုန်မြို့ ။ .... အုပ်ရေ-၃၀၀။

http://www.dhammadownload.com

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

ကျွန်ုပ် မင်္ဂလာအောင်မြင့်၏ ဤ "မဟာစည် ဩကာသ အဖွင့်"ကို ရေးသော ကောင်းမှုသည် အာသဝေါတရား လေးပါး တို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင် နိုင်သည် ဖြစ်ပါစေ သော ဝ် ။

http://www.dhammadownload.com

မဟာဝစည်
ဩကာသအဖွင့်

ဤ "မဟာဝစည် ဩကာသအဖွင့်" ကို အနည်းဆုံးအုပ်ရေ(၁၀၀)
ဓမ္မဒါန ပြုလိုပါလျှင်
ကောင်းမှုရှင် အမည် ပုံနှိပ်ပေးပါမည်။

မင်္ဂလာ ဦးအောင်မြင့်၊ ၅/၆၊ စိန်မေတ္တာလမ်း၊ ဟာမစ်တိတ်၊
ကုက္ကိုင်း၊ ရန်ကုန်မြို့။